www.burmeseclassic.com

# ပန်းသီရိနိုင်

ကာခြွေရရွေးချယ်ခဲ့သည်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**နိုင်ငံတော်ဝန်ကြီးဌာနဖြင့်ထုတ်ဝေသောစာအုပ်ကြီးကို** 

**မိတ်ဆက်တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ထိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး
တိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်   စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၂၂၇၀၅၀၃
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၈၁၆၀၅၀၇
ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ
ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
၂၀၀၅ ခုနှစ် ဩဂုတ်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါ လုံးဝစိတ်မဝင်စားဘူးလို့ အကြိမ်ကြိမ်အခါခါလဲ နင့်ကိုပြောပြီးပြီ. . ငါ့ကို မနှောင့်ယှက်စမ်းပါနဲ့ဟာ. . နင့်တို့ တစ်ကျောင်းတည်းသားချင်းမို့ ဒီလောက် ယဉ်ယဉ်ကျေးကျေး လက်ခံစကားပြောနေတာ. ငါ နင့်ကို လုံးဝမကြိုက်ဘူး ကြိုက်လို့လည်းမရဘူး. . ခေါင်းထဲတောင် ထည့်လို့မရဘူး. . အဲဒါ တစ်သက်လုံးအတွက် အဖြေပဲ. . မမျှော်လင့်နဲ့တော့ဟာ ငါ့ သဘောထား ဘယ်တော့မှပြောင်းလဲမှာမဟုတ်ဘူး မင်းသန့်ဘဲ. . နင် ဆက်မလိုက်လာနဲ့တော့ . . ဒီနေ့ကစပြီး သူငယ်ချင်းစာရင်းပါဖျက်တယ်သိလား. . နင့်ကို ဆက်ခေါ်နေရင် ကြိုး



www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည်နဲ့ လှန်ထားသလိုဖြစ်နေမှာ . . အဲဒါကြောင့် နင် လုံးဝ ငါ့ကို ခေါ်စရာမလိုတော့ဘူး . . ဒါပဲ"

လွှယ်ထားသော ကျောပိုးအိတ်အနက်လေးကို ပုခုံးပေါ် ခပ်နာနာဆွဲတင်ရင်း ခြေလှမ်းတွေက နှစ်ဆသုံးဆမက မြန်ပစ်သည်။ ကျိုးသိုင်းဖိနပ်အမြင့်ကြီးက တလွှားလွှားလျှောက်သောခြေလှမ်းတွေကြောင့် ယိုင်ချင်ချင်။ နှုတ်ခမ်းလေးကိုက်ထားရင်း ဝတ်ထားသော တီရှပ်လက်တို ခါးတင်ကိုယ်ကြပ်ကလေးကို ဆွဲချ။ ခေါင်းမော့လိုက်ကာ ဒေါသတွေပြေအောင် ကြိုးစားမိသည်။

မကြိုက်ပါဘူးဆို . . တကတည်း။

တော်တော် ဖွဲ့ကြီးတဲ့လူ။

စိတ်ရှိလက်ရှိလုပ်ရရင် ပါးရိုက်မိတော့မည်။

ခဏခဏ ငြင်းထားပြီးသား။ အပြတ်ခါထားပြီးသား။

သဘောမပေါက်သလိုလို နားမဝင်သလိုလို မအူမလည်နှင့် ပေကပ်ကပ်လာလုပ်နေတာ ကြာတော့ စိတ်ချဉ်ပေါက်ရော။

"ဒိပါ"

ဘေးမှ မပြေးရုံတမယ်ပါလာသော ဝင်းတင်က လက်





မောင်းကိုဖမ်းဆွဲပြီးခေါ်၏။

"ဒီလောက်လဲ မပြောပါနဲ့ဟယ် . . ရှိုင်းတယ်ထင်မှာပေါ့"

"အဲဒီ ရှိုင်းတယ်ဆိုတာကြောင့် သည်းခံနေခဲ့တာကြာပြီ . . ခုချိန်ကစပြီး အားမနာတော့ဘူး . . ရှိုင်းချင်ရှိုင်းပါစေတော့ . . ငါ ပြောပစ်တော့မယ်"

မင်းသန့်က ဒီပါအောင် ဒေါသကိုသိသလို ဆက်လိုက်မလာတော့ပေ။

"ဒိပါ ဖြည်းဖြည်းလျှောက်ပါဟ . . ဘယ်လိုဖြစ်တာလဲ"

"ဘယ်လိုဖြစ်ဖြစ်"

အရမ်းမြန်နေတာမို့ ဝတ်ထားသော ရှန်မှိုင်းအပွင့် ထမီချော့ချော့လေးက တဖျပ်ဖျပ်ခတ်နေ၏။

"ထမီကျွတ်ကျနေဦးမယ်"

"သေလိုက်ပါလား"

ဝင်းတင်ကို လှည့်ကြည့်ရင်း မျက်စောင်းထိုးပစ်လိုက်သည်။

"စိတ်တကယ်တိုနေတာနော်၊ . . မျက်စိနောက်အောင်သာမလုပ်နဲ့ ၊ လုံးဝသည်းခံမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖမ်းကိုက်ပစ်မှာပဲလား"

"ကြည့်စမ်း. . ဒီပါ့ကို ခွေးနဲ့နှိုင်းစရာလား"

ဒီပါက လက်သည်းချွန်ချွန်ဖြင့် ဖိဆိတ်ပစ်သည်။

"အားပါး. . အရမ်းနာတယ်"

"နာအောင်ဆိတ်တာပဲဟာ"

"အစက ဒီလောက်စွာမှန်းမသိလို့ အပေါင်းအသင်း လုပ်မိတာ"

"ဒီမှာ နောင်တရရင်လဲပြော. . ရောက်တဲ့နေရာက လမ်းခွဲဖို့အသင့်ပဲ. . မလွမ်းလောက်ဘူး"

ဝင်းတင်မျက်နှာကြီး ရှုံ့မဲ့ကာ ပါးစပ်ပိတ်သွားသည်။

"ခု ဘယ်သွားမှာလဲ"

"မုန့်စားဖို့ပေါ့"

"ဗိုက်ထဲမှာ နေရာရှိလို့လား"

"ဘာ"

"ဒေါသတွေနဲ့ ဗိုက်ပြည့်နေပြီလားလို့ပါ"

"အေးဟာ. . မင်းသန့်လုပ်တာနဲ့ ဆာနေတာတောင် ဘယ်ရောက်သွားမှန်းမသိဘူး. . တကယ်ပါပဲ"

"အလကားနေရင်း ဘာမဟုတ်တာကို စိတ်ဆိုးနေတာ





ဘိုး"

"သူ ဘာလို့ပြောမရလဲ. . အမြဲ နှောင့်ယှက်နေတာပဲ"

"ဒီပါကို သဘောကျလို့နေမှာပေါ့"

"ဟ. . သူ သဘောကျစရာလား"

ဒီပါက စိတ်မထိန်းနိုင်ပဲ ဝင်းတင်ဘက်လှည့်ကာ ခါးပါ ထောက်လိုက်သည်။

"အံမယ်လေး ကြီးတော်ကြီးရယ်. . ကြီးတော်ရယ်. . ချုပ်ကို လမ်းလယ်ခေါင်မှာ နပမ်းလုံးမလို့လား. . ဟုတ်လား"

ဝင်းတင် ရင်ဘတ်ဖိပြောမှပဲ ဒီပါ ဒေါသပြေကာ ရယ်မိ သော့သည်။

"တော်ပြီဟာ. . မင်းသန့်အကြောင်း မပြောကြေး"

ဒီပါက စိတ်ကုန်လှသလို အပြတ်ဖြတ်သည်။

"ကဲ. . ကဲ မကြိုက်ရင်လဲ မပြောတော့ဘူး. . မင်းဦး အကြောင်းပဲပြောမယ်. . မနေ့ကထွက်တဲ့ အခွေထဲမှာ မင်းဦး အရမ်းမိုက်တယ်ဟာ. . ဒီပါ ကြည့်ပြီးပြီလား"

ဒီပါက နှုတ်ခမ်းလေးကိုက်သည်။

"မပြောချင်ပါဘူးဟာ. . စိတ်နာတယ်"

ဝင်းတင်က နားမလည်သလိုကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ညက ငါ့မှာ အဲဒီ မင်းဦးဇာတ်လမ်းလေးကြည့်ချင်လို့ တီဗွီရှေ့မှာ သွားထိုင်မိပါတယ် . . မမတို့ ကြည့်နေတဲ့ကားက ခုနစ်ခွေတွဲဟာ . . ငါလဲ စကားမပြောချင်တာနဲ့ ခွေထားပြီး အိပ်ပစ်လိုက်တယ်"

ဝင်းတင်က ပြုံးသည်။

"ဒါကတော့ ဒီပါက သုံးယောက်တစ်ယောက်ဖြစ်နေတာကိုး . . အကြီးသုံးယောက်နဲ့ ဒီပါက တည့်အောင်မှမနေတာ"

"လုံးဝပဲ . . ကြည့်လို့ကိုမရဘူး"

ကင်တင်းနန်းမှာ ထိုင်ဖြစ်တော့ ဒီပါက စားပွဲထိုးလေးကို မဆီမဆိုင် မာဆတ်ဆတ်ဆိုသည်။

"ခေါက်ဆွဲသုပ်တစ်ပွဲ ၊ ရှောက်သီးမထည့်နဲ့ . . လက်ဖက်ရည်တစ်ခွက် . . ချိုဆိမ့်နော် . . ခါးလာရင် ပြန်လဲပေးရမယ် သေချာလုပ်"

စားပွဲထိုးလေးက ဒီပါ့ကို မအူမလည်လေးကြည့်၏။

"မြန်မြန်လာ ကြာရင် မစောင့်ဘူး"

ဝင်းတင်က အသားလွှတ် ဒေါသကြီးနေသော ဒီပါ့ကို လက်လျှော့ထားလိုက်၏။





"တို့အတွက် မာရင်ဒါတစ်လုံးပေး"

ဝင်းတင်က ဗိုက်မဆာ၍ အအေးလောက်သာမှာသည်။

မာရင်ဒါ အရင်လာချပေးတော့ ဒီပါ မျက်မှောင်လေးကျုတ်ကာ . .

"ဟွန့် . . သူမှာတာအရင်ရတယ်"

မကျေမချမ်းလေး ရေရွတ်၏။ ဝင်းတင်က တစ်ချက်ရယ်မိရင်း . .

"စိတ်မပုပ်နဲ့ မမရေ . . မာရင်ဒါက လွယ်တာကိုး ပုလင်းလေးဖောက်ပြီး ပိုက်လေးထည့်ရုံဟာ ကြာတာမှတ်လို့ မမှာထားတဲ့ ခေါက်ဆွဲသုပ်တို့ လက်ဖက်ရည်တို့က . ."

"သိပါပြီ မိကျောင်းမရယ် . . တော်ပါတော့"

ဝင်းတင်ကို စကားဆုံးအောင် အပြောမခံပဲ လက်ကာပြလိုက်၏။

ရှုပုပ်၍ထိုင်နေသော ဒီပါ့မျက်နှာလေးကို ဝင်းတင်က ငေးကြည့်နေပြီးမှ . .

"ဒီပါ . ."ဟုခေါ်၏။

"ဘာလဲ . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီပါ လက်လျှော့လိုက်ပြီလား.. မရှာတော့ဘူးလား"

"ဟင်"

ဒီပါက တအံ့တသြလေးဖြစ်သွားပြီးမှ တဖြည်းဖြည်း ပြုံးလာ၏။

မျက်နှာလေးက ကြည်လင်ဝင်းပလို့ မျက်လုံးလေးတွေပါ တဖျတ်ဖျတ်တောက်ပလာသည်။အလာတုန်းကလို စူပုပ်ပုပ်မာဆတ်ဆတ် အမူအရာတွေလုံးဝမရှိတော့ပေ။

စားပွဲထိုးလေး လာချပေးသော လက်ဖက်ရည်ကို ဇွန်းလေးနှင့်မွှေနှောက်ရင်း ..

"တွေ့မှမတွေ့တာဟာ.. ရှာနေလို့ရော ရမှာတဲ့လား"

ဒီပါ့ သံလေးက အင်မတန်နူးညံ့ချိုသာသွား၏။

"ငါ.. သူ့ကို အရမ်းတွေ့ချင်တာပဲ.. ပြန်ဆုံချင်တယ်ဟာ.. ဒါပေမယ့် မလွယ်တော့ပါဘူး.. သူ့အကြောင်း ဘာမှမသိတော့ စိတ်ကူးယဉ်သက်သက်ဖြစ်နေတော့မှာ"

ဒီပါက ပင့်သက်လေးရှိုက်၏။

ဒီပါ မှားသွားတာပါ.. သူ ဘယ်သူလဲဆိုတာ လိုက်ကြည့်သင့်တာ။ ဒီပါလည်း ချက်ချင်းကြီးဆိုတော့ သည်လောက်သဘောကျသွားမှန်း ကိုယ့်ကိုယ်ကို မသိလိုက်ဘူး။





"အေးလေဟာ.. လိုက်ကြည့်ထားလိုက်ရင်ပြီးရော"

ဝင်းတင်က အားမလိုအားမရပြောသည်။ ဒီပါ့အတွက်လည်း ဘာလုပ်ပေးရမှန်းမသိ။ဒီပါ အစွဲကြီးစွဲလာခဲ့သော ပုဂ္ဂိုလ်ကို 'ဦးဖွ' မျက်စိရှေ့ရောက်စေ' ဟု မန်းမှုတ်ပေးရတော့မလိုလို။

ပထမတုန်းကတော့ ဒီပါ အရူးထတာပဲဟု ထင်လိုက်သား။နောက်တော့မှ တဖြည်းဖြည်းနှင့် တကယ်စွဲလမ်းလာတာပါလားဟု လက်ခံလာရသည်။

"ဒီပါ ဘာဆက်လုပ်မလဲ"

"ဘာမှ လုပ်လို့မရတာ မေ့ထားလိုက်ပါ့မယ်ဟယ်"

"အင်း.. ကောင်းပါတယ်"

"ဒီပါ အတန်းမတက်ချင်တော့ဘူး.. အိမ်ပဲပြန်မယ်"

"အင်း.."

နှစ်ယောက်သား စိတ်တူကိုယ်တူ အိမ်ပြန်ဖို့ထွက်လာခဲ့ကြသည်။

"နေဦး.. အိမ်ကိုဖုန်းဆက်ပြီး ကားမှာရမှာ"

"ဒီပါက ဘယ်အချိန် လာကြိုခိုင်းထားလို့လဲ"

"အတန်းပြီးချိန်မှပေါ့"

ဒီပါက အိမ်ကို ဖုန်းဆက်ပြီး ကားမှာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရလား . ."

"ရတယ် . . ခုပဲလာကြိုမယ်တဲ့"

ဖုန်းထဲမှာ ကဒ်ပြားလေးကိုပြန်ထုတ်ပြီး တယ်လီဖုန်းရုံလေးထဲမှထွက်ကာ အာစီရှေ့ရှိ အုတ်ပေါင်တန်းလေးမှာပဲ ထိုင်ရင်း ဝင်းတင်နှင့်အတူ ကားစောင့်နေလိုက်သည်။

သိပ်မကြာလိုက်၊ အိမ်က ကားရောက်လာ၏။

အစိပတိလမ်းပေါ်မှာပဲ တုန့်ခနဲရပ်ကာ ဒီပါနှင့် ဝင်းတင် ကားပေါ်တက်ပြီး ရှေ့လမ်းချိုးထဲမှ သွားတွေ့ကာ ထွက်လာ၏။

"ဒီပါ"

"ဟွန်း"

"မင်းဦးခွေကြည့်ချင်ရင် အိမ်လိုက်ခဲ့ပါလား"

သူမက ငြိမ်သက်စဉ်းစားနေ၏။ပြီးမှ . .

"ညနေမှ လာမယ်ဟာ . . အခုဒီခွေ မပို့နဲ့ဦး"

"လာမှာသေချာရဲ့လား . . သေချာမှပြောနော် . . နှစ်ရက်ခဖြစ်သွားမယ် . . ဒီပါ့မေမေက လွှတ်ပါ့မလား"

"အံမယ် လွှတ်ပါတယ်နော် . . အင်း . . ဟုတ်တယ် ညနေလာမယ်ကွာ . . ညနေ လာကြည့်မယ်"





သူမက ဆုံးဖြတ်ချက်ချလိုက်၏။

"ပြီးရော . . ပြီးရော"

တစ်ဖက်လမ်းမှာရှိသော ဝင်းတင်တို့အိမ်ကို အရင်ဝင်ပြီးမှ ဒီပါ အိမ်ပြန်လာခဲ့သည်။

"ဘဘ"

"ဟေ"

"မမတို့ အိမ်မှာရှိလား"

"ရှိတယ်"

ဒီပါက နှာခေါင်းလေးရှုံ့သည်။

"သူတို့ ဒီနေ့ ဘယ်မှမသွားကြဘူးလား"

"သွားလိုက် လာလိုက်ပါပဲ . . ဒီနေ့ ခါတိုင်းထက်ပိုပြီး လာခေါက်ပြန်ဖြစ်နေတယ် . . ဘာလို့လဲတော့မသိဘူး"

"ဟုတ်လား"

ဘဘမသိသောကိစ္စကို ဒီပါလည်းမသိပါ။

တစ်အိမ်လုံး ဘယ်သူမှ မနိုးခင် ဒီပါက အစောကြီး ကျောင်းသွားဖို့ ထွက်ခဲ့ရတာ။ပရယ်တီကယ်(လက်တွေ့)က ရှစ်နာရီမှာစတာမို့ မှီအောင်လာခဲ့တာ။မနက်စာ ကော်ဖီဝိုင်းလေး၌ မပါဖြစ်ခဲ့ပါ။

ကြောင်းနှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com



"ဖေနဲ့ မေရောရှိလား"

"အဖေကြီးက သမီးနဲ့ ရှေ့ဆင့်နောက်ဆင့်ပဲသွားတာ မေမေကြီးက သမီးဖုန်းဆက်တော့ ရှိနေတယ်မဟုတ်လား"

"အင်း . ."

"သွားစရာရှိတယ်လို့ ပြောတာပဲ"

"သွားစရာဟုတ်လား . . ဘယ်သူသွားမှာလဲ"

"မမတင်လေ"

"မေမေက ဘယ်သွားမှာလဲ"

"မသိဘူး . . သမီးကို ကျောင်းကြိုပြီး မြန်မြန်ပြန်လာဖို့ပဲ မှာတယ်"

"သြော် . ."

ဒီပါက ဘာဘာနှင့် စကားဆိုစရာမရှိတော့၍ ငြိမ်နေခဲ့သည်။

အိမ်ရှေ့ကားရပ်တော့ ခပ်ဖြည်းဖြည်းဆင်းရင်း မလုံးတို့ခြံထဲမှာ ခုန်တွေချနေတာ လှမ်းကြည့်ဖြစ်၏။

"မလုံး . ."

ကျောပိုးအိတ်လေး ပိုက်ထားလျှက် အိမ်ထဲမဝင်သေးပဲ မလုံးတို့ရှိရာ လျှောက်သွားမိတော့ ကိုတာရော၊ ကြီးငုံရော





လှည့်ကြည့်သည်။

"သမီးလေး ကျောင်းကပြန်လာပြီလား"

"အင်း . ."

"ထမင်းစားမလား . . ကြီးငုံ ထမင်းပွဲပြင်ပေးမယ်လေ"

"မစားသေးဘူး . . ကျောင်းမှာ ခုပဲမုန့်စားလာလို့"

"အေး . . အေး၊ ဆရာင်ပြောနော် ကလေး . . ကြားလား"

"အင်းပါ . . ဒီမှာဘာလုပ်နေကြတာလဲ"

ကိုတာက ရွက်လှပန်းအိုးတွေ စီချနေရင်းမှ . .

"ညွှိသည်တွေအတွက်လေ . . စပယ်ရှယ်ပြင်ဆင်နေရတာဟ"

ကိုတာက ကွမ်းယာဝါးရင်းဖြေသည်။

"ဧည့်သည် . . ဟုတ်လား"

ဒီပါက မျက်လုံးလေးထောင့်ကပ်ရင်း ရေရွတ်ကြည့်သည်။

"ဘယ်တော့ လာမှာလဲ"

"ညနေလေ . . ဒီပါ မသိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း"

"ဒီဝါကြ အစောကြီး ကျောင်းသွားနေတာကိုး၊ ဘယ်သိမလဲ"

မလုံးက ဝင်ပြောသည်။

"မေမေကြီးက သေချာပြင်ဆင်ထားရမယ်တဲ့ . . လာမယ့်ဧည့်သည်က အဆင့်မြင့်မြင့်မို့ သေချာဧည့်ခံရမှာတဲ့"

ဒီပါက မခို့တရို့လေးပြုံးရင်း . .

"ထန်းပင်ပေါ်က ပြုတ်ကျလာတာနေမှာပေါ့နော် မလုံး"

ရယ်သံလေးနှင့် ဆိုသည်။

"ထန်းပင်ပေါ်က ပြုတ်ကျလာတာလားတော့မသိဘူး ဟိုသုံးယောက်ကတော့ သူ့ထက်ငါသာဖို့ ပြင်ဆင်နေပြီ"

ကြီးငုံ့စကားကြောင့် ဒီပါ့ မျက်ခုံးလေးမြင့်တက်သွား၏။

"ဧည့်သည်က ဖေဖေ့မိတ်ဆွေမဟုတ်ဘူးလား"

"ဟုတ်တယ်လေ . . ဖေဖေကြီးက မိသားစုနဲ့ မိတ်ဆက်ပေးဖို့ဖိတ်ထားတဲ့ ဧည့်သည်ပေါ့ . . လူငယ်တစ်ယောက်လို့ပြောတာပဲ"

"ဟယ်တော် . . ဟက် . . ဟက်"





ဒီပါက ပခုံးလေးလှုပ်အောင်ရယ်တော့ မလုံးကပါ ရောရယ်သည်။

"ဟဲ့ ဒီကလေး ဘာရယ်တာလဲ"

ကြီးငုံကမေးတော့ ဒီပါ ပိုရယ်မိသည်။

"ရယ်ရလို့ပေါ့ ကြီးငုံရယ် . . ရယ်စရာပဲဟာ"

သူတို့နားမှ လှည့်ထွက်လာရင်း အိမ်ပေါ် ကိုလှမ်းတက်မှအထိ ရယ်ချင်နေတုန်း။

ဖေဖေက ဘယ်သူ့အတွက် သားမက်လောင်းရှာလာပါလိမ့်။

မမအေမီအတွက်လား။

မမဘေဘီအတွက်လား။

မမဒေစီအတွက်လား။

"ဟား . . ဟား . ."

သည်နေ့ ကြားလိုက်ရသမျှသည် အထူးအဆန်းမို့ ဒီပါ ပြုံးနေမိတာ။

အပေါ် ထပ် ကိုယ့်အခန်းထဲထိ ကိုယ်ဝင်လာပြီး အဝတ်အစားလဲသည်။ ဂါဝန်ပန်းဖျော့ရောင်၊ လက်ပြတ်ပွပွကလေးကို ဝတ်မှပဲ ပေါ့ပါးလန်းဆန်းသွားသလိုရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံမှာ ခြေလေးချိတ်ထိုင်ပြီး ဆံပင်တွေကို ဟိုးထိပ်ပေါ်ထိရောက်အောင် မြှင့်တင်ပြီး ဖဲကြိုးပန်းရောင်လေးနှင့် စုစည်းချည်နှောင်သည်။

ဘီးချွန်လေးနှင့် နားရွက်ရှေ့မှ ဆံပင်လေးတစ်စ နှစ်စအပြင်ထုတ်ချလိုက်တော့ မျက်နှာဖူးဖူးလေးက စောစောကထက် ပိုမိုပေါ်လွင်လာ၏။

ဧည့်သည်တဲ့ . . ။

ဘယ်လို ဧည့်သည်မျိုးမို့ တစ်အိမ်လုံးပျာပျာသလဲ ပြင်ဆင်နေကြပါလိမ့်။

သိချင်စိတ်ကလေး ရင်ထဲပြင်းပြလာတာမို့ မေမေရှိနေမည့် အောက်ထပ် ထမင်းစားခန်းကို ဆင်းလာခဲ့သည်။

"မေမေ"

"ဟော. . သမီးလေး"

မေမေက ဒီပ့ါကိုမြင်တော့ မီးဖိုစင်ရှေ့မှ လျှောက်လာပြီး ထမင်းစားခန်းတံခါးဝမှာ တံခါးပေါင်ကိုမှီပြီး ရပ်နေသည့် ဒီပ့ါ နဖူးလေး လာမွှေးသည်။

"ကျောင်းကပြန်လာပြီလား သမီး"

"အင်း. ."





"ထမင်းစားတော့မလား"

"မမတို့ရော စားပြီးပြီလား"

"ဘယ်သူမှ မစားရသေးဘူး"

"အားလုံးစားမှ မီးလဲ အတူတူစားမှာပေါ့"

"အင်း. . မေမေ ဟင်းတွေနွှေးနေတာ"

ဒီပါက ထမင်းစားပွဲမှ ခုံတစ်လုံးကိုဆွဲထုတ်ပြီး ထိုင်၏။ မေမေက ဟင်းအိုးနား ပြန်ရောက်သွားပြီ။

"မေမေ"

"ဟင်. . ဘာလဲ ဒီပါ. . သမီးငယ် ဘာပြောမလို့လဲ"

ဒီပါက မေမေ့ကို နှုတ်ခမ်းလေးချွန်အောင် ပြုံးပြရင်းမှ . .

"ညနေ လာမယ့်ဧည့်သည်က အထူးဧည့်သည်လားဟင်"

မေမေက မျက်ခုံးနှစ်ဖက်မြင့်တက်သွားပြီးမှ . .

"ဟုတ်သားပဲ. . သမီးငယ်လေးက အစောကြီးကျောင်းသွားရတော့ မသိသေးဘူးပေါ့ . . သမီးဖေဖေက မနက်တော်ဖီဝိုင်းကျမှ ပြောတာကိုး"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



ဒီပါက လက်ကလေးနှစ်ဖက်ပိုက်ရင်း မေမေပြောသမျှကို နားထောင်နေမိသည်။

"အဲဒီခြေသည်ရဲ့နာမည်က မြင့်မိုရ်အောင်မာတဲ့"

"မြင့်မိုရ်အောင်မာ . . ဟုတ်လား"

"အင်း"

"တစ်ဦးတည်းသောသား . . ပိုက်ဆံအရမ်းချမ်းသာတယ် . . ရုပ်ရည်လဲ အတော်ချောတယ်လို့ ပြောတာပဲ . . အရည်အချင်းရှိတဲ့ လူငယ်တစ်ယောက်မို့ သမီးဖေဖေက သူ့သမီးတွေနဲ့ ခေါ်မိတ်ဆက်ပေးတာတဲ့"

"အဟွိ . . ရယ်ချင်စရာလေးနော် မေမေ"

"ဟောတော့ . . သမီးက ဘာရယ်ချင်တာတုန်း"

"ဖေဖေ ပွင့်လင်းတာကိုပါ"

"သြော် . . ဒါလား"

မေမေကပြုံးရင်း ပြုံးယောင်သမ်းနေသောမျက်နှာနှင့် တစ်ခုခုကို တွေးနေပုံ။

"အဲဒီ မြင့်မိုရ်ကြီးက ဘယ်သူ့ကို သဘောကျမလဲမသိဘူးနော် မေမေ . . မမတို့က သုံးယောက်စလုံးလှတယ် . . အားလုံးညီနေတော့ ဒီလူ ရွေးရခက်ဦးမှာပဲ"





ဒီပါက အငယ်လေးပီပီ သူမနှင့်လည်း ဘာမှမဆိုင်တာမို့ ရယ်ဖို့လောက်သာတွေးထားသည်။

"သမီးလေးက ဘယ်သူ့ကိုရွေးမယ်ထင်တုန်း"

"ဟင် . . မေမေရယ် . . မီးက သိမှာတဲ့လား . . ဒီပါ့စိတ်နဲ့ အဲဒီလူကြီးစိတ်က တူချင်မှတူမှာလေ . . ဘယ်ပြောတတ်မှာလဲ"

ဒီပါ့အဖြေကို မေမေက သဘောကျသွားပုံ။

"မေမေရော ဘယ်လိုထင်လဲဟင်"

"ညနေအထိ စောင့်ကြည့်နေရမှာပေါ့"

မေမေက ထမင်းပွဲပြင်တော့ ဒီပါပါ ဝိုင်းကူသည်။

"မေမေ"

"ဟင်"

"ကြီးငုံကို ခေါ်ရမလားဟင်"

"နေပါစေ သမီး . . သူတို့ကိစ္စ သူတို့ပြီးစီးအောင် လုပ်ပါစေ မခေါ်နဲ့ . . မေမေလဲ အားနေသားပဲ . . ဒီလောက်လေးနွေးပြင်ဆင်တာတော့ မေမေလဲ လုပ်နိုင်ပါတယ်"

"ပေး . . ပေး ထမင်းပန်းကန်တွေ . . မီး သယ်ပေးပါ့မယ် မေမေ"

www.burmeseclassic.com

www.burmeseclassic.com



သူမလည်း မနေသာတော့ပဲ မေမေနှင့်အတူ ထမင်းပွဲ ပြင်ရသည်။

"သမီးငယ်"

"ဘာလဲ မေမေ"

"မမတို့ကိုသွားခေါ် . . ထမင်းစားမယ်လို့"

"ဟုတ်"

လှစ်ခနဲ ပြေးထွက်လာပြီး မမတို့ကို တစ်ခန်းဝင်တစ်ခန်းထွက် ရှာသည်။

ဘယ်ရောက်နေပါလိမ့်။ တစ်ယောက်မှမတွေ့ဘူး။

အပေါ်ထပ် ဝရန်တာကို ဒီပါ ထွက်လာခဲ့သည်။

"ဟော . . တွေ့ပါပြီ"

မမအေမီရယ်၊ ဘေဘီရယ်၊ ဒေစီရယ် သုံးယောက်သား ဝရန်တာတစ်ဖက်စွန်းရှိ ခြံဝင်းထဲကိုဆင်းဖို့လုပ်ထားသော လှေကားကျဉ်းလေးမှာ ကပ်သပ်ထိုင်နေကြကာ စုစု စုစုနှင့် ဘာတွေတိုင်ပင်နေကြပါလိမ့်။

ဒီပါက ခြေသံလေး ဖွဖွနင်းရင်း သူတို့နားကပ်သွားမိသည်။

"အင်း . . ဟုတ်ပါပြီ . . မအေမီပြောတာ မဆိုးပါဘူး





ဒါပေမယ့် ရှုံးတဲ့သူက နိုင်တဲ့သူကို ပေးရမှာလား . . နိုင်တဲ့သူက မြန်ကျွေးရမှာလား . . အဲဒါ ပြောဦး . . ဘေဘီကတော့ အပ်ထားတဲ့အကျႌ သွားရွေးမယ် . . ဒီပွဲမှာ ဘေဘီ အပီပြင်ဆုံးဖြစ်နေရမယ်"

မမဘေဘီက အပြတ်ကြုံးဝါးထားသည်။

ဆိုင်မှာအပ်ထားတဲ့အကျႌ သွားရွေးပြီးဝတ်မတဲ့လား။

ဒီပါက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ရယ်ချင်စိတ်ကို မြိုသိပ်ရသည်။

သူတို့က အလောင်းအစားလုပ်နေတာကိုး။ ညွှန်းသည်မှာ ဘယ်သူ့ကို ကြွေမလဲဆိုတာ . .

"မမတို့ . ."

ရုတ်တရက်အော်ခေါ်လိုက်တော့ သုံးယောက်စလုံး ဆတ်ပျာသွား၏။

"ဘယ်လိုဖြစ်တာလဲ . . အရမ်းပတမ်းပဲ ရင်တုန်လိုက်တာ"

မမအေမီက အကြီးပီပီ ငေါက်သည်။

ဒီပါက နှာခေါင်းလေးရှုံ့ရင်း . .

"မေမေက ထမင်းစားမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



မဖွင့်တပွင့်ခေါ် ၏။

"လာမယ်. . လာမယ်လို့ပြောလိုက်"

"မကြာနဲ့နော်"

"အေးပါ. . လာမှာပါ. . ခုပဲ"

ဒီပါက ထမင်းစားခန်းကို ပြန်ဆင်းလာပြီး. .

"မီး စားတော့မယ်. . မစောင့်ဘူး"

ဒီပါ စားနှင့်လိုက်ပါသည်။သူတို့ တော်တော်နှင့် လာမှာမဟုတ်တာ သိသည်။

စကားမှ မပြတ်သေးတာ။

ဒီပါ ထင်သလိုပါပဲ။ ဒီပါ ထမင်းစားပြီးခါနီးမှ သူတို့ရောက်လာကြသည်။မေမေက သူတို့ကို ဆူပူရှေ့ရှုတ်သည်။

"ဒီပါ"

"ရှင်"

မမဘေဘီက ဒီပါဘက်လှည့်ခေါ်တော့ မျက်လုံးထောင့်ကပ်ကြည့်မိ၏။

"အကျီသွားရွေးမလို့ လိုက်မလား"

"ဟင့်အင်း"

ခပ်မြန်မြန် ခေါင်းရမ်းတော့ အေမီနှင့်ဘေဘီက ရယ်





သည်။

"ဖြည်းဖြည်းငြင်းပါ ဒီပါရယ်"

မမအေမီက ဒီပါ့ဆံပင်စလေးကို လှမ်းဆွဲပြီးပြော၏။

"မလိုက်ချင်ပါဘူး. . မဘေဘီက အရမ်းကြာတာ. . ဈေးလည်းများတယ်. . စက်ဆိုင်သွားရင် တော်တော်နဲ့ပြန်တာမဟုတ်ဘူး. . ဒီပါ ခုမှပရယ်တီကယ်ပြီးလို့ ပြန်လာတာ ပင်ပန်းတယ်"

"အင်းလေ ပြီးရော. . ဒီပါ အခွေသွားအပ်လဲ ဘေဘီ မလိုက်ဘူးပေါ့. . ရတယ်လေ အလှည့်ဆိုတာရှိတာပဲ"

"မမဘေဘီကလဲ"

ဒီပါ့နှုတ်ခမ်းလေး စူပုတ်လာသည်။

"မအေမီ လိုက်သွားပေးလိုက်ပါလားလို့"

"ဟင့်အင်း မအားဘူး"

မအေမီက ဟင်းချိုတစ်ဇွန်း ခပ်သောက်ရင်း. .

"ဒီနေ့က ဆံပင်ညှပ်မယ်. . ပုံပြန်သွင်းမယ်လို့ မမြင့်နဲ့ ချိန်းထားပြီးသား. . အားရင်လိုက်ပေးပါတယ် ဘာတယ်ပါ. . ညနေဝတ်ဖို့ အဝတ်အစားတောင် မြန်မြန်ရွေးရမှာ. . ခေါင်းလျှော်ပြီး ညှပ်သည်က ရောက်ချင်ရောက်နေမှာ"



www.burmeseclassic.com

www.burmeseclassic.com



တရှည်တလျားရှင်းပြနေတော့ ခေါင်းရှုပ်လာသည်။

"မခေဒီကရော မအားဘူးလား"

"ဟုတ်ပါ့ . . ကျုပ်က ဘာဝတ်ရမလဲ ရွေးရဦးမှာ . . မစဉ်းစားရသေးဘူး . . ပြီးတော့ မေမေက ကျွေးမွေးရေးတာဝန် ကျုပ် လွှဲထားတာ . . ရှင့်ကိုတာက ဘာမှ မှာတတ်ဝယ်တတ်မှာမဟုတ်လို့ ကျုပ်ကလိုက်သွားပြီး ဝယ်လာရမှာသိရဲ့လား"

"ဟင် . . အိမ်မှာမချက်ဘူးလား"

"မချက်ဘူးတဲ့ . . တရှုတ်အစားအစာ မှာကျွေးမှာတဲ့ သိပြီလား . . ရှင်တို့လိုမဟုတ်ဘူး . . တာဝန်နဲ့"

"အမယ် . . အေမီကိုလည်း စားပွဲခင်းကျင်းတာ၊ပြင်ဆင်တာ အစစအရာရာ အဆင့်မြင့်မြင့်ဖြစ်အောင် ပီပြင်အောင် မေမေက စီမံပေးခိုင်းထားတာပါနော် . . ဘေဘီနဲ့ ဒီပါသာ ဘာတာဝန်မှမရှိတာ"

ဒီပါက မျက်နှာလေး ရှုံ့မဲ့ရင်း . .

"ခေါင်းနောက်လာပြီ . . ပြီးရော ပြီးရော"

"လိုက်ခဲ့မယ် . . ဒါပေမယ့် သိပ်ချေးမထူနဲ့နော် . . မြန်မြန်ပဲ"

"အေးပါ . . ဒီပါက လိမ္မာပါတယ်"





"မလိမ္မာပါဘူး"

မကျေမနပ် ရေရွတ်ရင်း ဒီပါ ထွက်လာခဲ့သည်။

ညှော်သည် ပုဂ္ဂိုလ်ကို စိတ်ထဲနည်းနည်းချဉ်သွားသည်။

မမတို့ကတော့ လောင်းကြေးထပ်ပြီးကို သူ့ထက်ငါ အပြိုင်အဆိုင် အလှပြင်ကြမှာ။

"ဒီပါလေး"

ကြီးငုံက အိမ်ပေါ်လှမ်းတက်လာပြီး ခေါ်သည်။

"ထမင်းစားပြီးပြီလား"

"ဟုတ်ကဲ့"

ဒီပါ့ကိုဆို တစ်အိမ်လုံးက ကလေးစာရင်းပဲ သွင်းထားကြသည်။

သည်အိမ်မှာ ဒီပါ ဘယ်တော့မှလူကြီးဖြစ်လာမှာ မဟုတ်တော့ဟု စိတ်ပျက်မိပါသည်။

"သမီးလေးရော . . မေမေက ဘာတာဝန်မှမပေးဘူးလား"

ကြီးငုံကို ပါးလေးတစ်ချက်တွန့်ပြရင်း . .

"မီးမှ မပါတာ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒီပါက ကလေးပဲဟာ. . ဘာလို့ပါရမှာလဲ. . ပြီးတော့ ဒီနေ့ညနေ ဝင်းတို့အိမ်သွားဖို့ ပြောထားပြီးသား"

"အင်း . . မီးဖေဖေက ဆူအုံးမယ်"

"မဆူပါဘူး"

ဒီပါက အပိုင်ပြောသည်။

"ဒီကိစ္စ မီးနဲ့မပတ်သက်လို့ ဖေဖေက မီးကို အသိတောင်မပေးဘူး. . မီးနဲ့ ဘာမှမဆိုင်ဘူး. . မမတို့ကိစ္စ"

"ဒါဆို ဒီပါလေးက ဝင်းတို့အိမ်သွားမှာပေါ့ ဟုတ်လား ညည့်သည်ကို ဒီပါ ဘယ်မြင်ဖူးမလဲကွယ်"

"နောက်တော့လည်း ကြုံအုံးမှာပေါ့"

ဒီပါက တွေးတွေးဆဆလေးပြော၏။

"ဒီပါက မြင်တော့မြင်ဖူးချင်သား"

စပ်စုချင်စိတ်ကလေးကလည်း ရင်ထဲရှုန်းကြွသည်။

"မတတ်နိုင်ပါဘူး. . ဝင်းနဲ့က သေချာပြောထားပြီးသား"

"ဘာကိစ္စရှိလို့လဲ"

"အရေးကြီးတယ် ကြီးငုံရယ်"

ဒီပါ့မျက်နှာလေးက ပြုံးစိစိဖြစ်လာသည်။





"ဘာတွေလျှောက်လုပ်နေတာလဲ သမီးလေး"

ကြီးငုံက စိတ်ပူသွားပုံ . .

"အရေးတကြီးကိစ္စက မင်းဦးရဲ့ ခုထွက်တဲ့အခွေကြည့်သို့"

"ခြော်. ."

စိတ်အေးရသလို အင်း ချတော့ ဒီပါက သဘောကျရယ်နေသည်။

"ဖေဖေ့ညည့်သည်က ဘယ်အချိန်လာမှာလဲဟင်"

"ညနေပိုင်းပဲ. . ညစာကျွေးဖို့ဖိတ်ထားတာဆိုတော့"

"အင်း. . ဟင်းတွေက ဆိုင်ကမှာမှာဆိုတော့ ရှယ်ပဲ"

နှုတ်ခမ်းလေးကိုက်ရင်း ကိုယ်လေးတလှုပ်လှုပ်နှင့် ကျေနပ်နေပုံ။

"ကြီးငုံ"

"ဟင်. ."

"မီးဖို့ ချန်ထားဦးနော်"

ကြီးငုံက တစ်ခုခုတွေးမိပုံနှင့် . .

"သမီး"ဟုခေါ်၏။

"ဘာလဲ. . ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ခြံထဲမှာ ခုံချတော့ သမီးအတွက် နေရာပါသားပဲ"

"ဟုတ်လား"

"သမီးတို့ညီအစ်မနဲ့ ညေ့သည် မျက်နှာချင်းဆိုင် ဖေဖေနဲ့ မေမေနဲ့က တစ်ဖက်ထိပ်စီ"

"ဟာ. . မမိုက်ပါဘူး. . သူ ရွေးချယ်ဖို့တန်းစီပြရမှာ ကျနေတာပဲ. . စိတ်ပျက်စရာ. . မမတို့က ဘာမှန်းလဲမသိဘူး ဖေဖေကလဲ ဘယ်လိုကြီးလဲ. . တစ်မျိုးပဲ"

ဒီပါက ကလေးပီပီ စိတ်ထဲရှိသလို ပြောချသည်။

"အဲဒီလို မဟုတ်ပါဘူး ကလေးရယ်. . လူငယ်တွေကို ရင်းနှီးစေချင်တာပါ. . သမီးလေးက ဘာမှနားမလည်ပါဘူး"

"ဒီပါကတော့ ဝင်းဆီသွားမှာပဲ"

"သမီးမေမေကို ပြောသွားဦး"

"ရပါတယ်. . မေမေ့ကို ဒီပါ ပိုင်ပါတယ်. . တစ်ခါခွဲ ပဲရှိတာ အေးဆေးပဲ. . ကြီးငုံ လျှောက်မပြောနဲ့ဦးနော်"

"အင်းပါကွယ်"

ဒီပါက ကက်ဆက်လေးကို တိုးတိုးလေးဖွင့်ပြီး ခြေလေး လှုပ်ကာ ခေါင်းလေးတဆတ်ဆတ်နှင့် သီချင်းထဲ စိတ်ရောက် သွား၏။





မမဘေဘီနှင့် လိုက်သွားရမှာ ခဏတော့ မေ့လျော့ နေမိသည်။

ဒီပွဲအာရုံထဲမှာ အရင်ဆုံးမြင်လာတာက.

ဆယ်လူလာလေးကို ကိုင်ထားသော လက်ဖွေးဖွေး လေးတစ်ဖက်။ပြီးတော့ နှုတ်ခမ်းပါးပါး ရဲရဲတစ်စုံ။ သွားဖြူဖြူ ချွန်ချွန်တွေက နှုတ်ခမ်းအဖွင့်အပိတ်မှာ တစ်ခါတစ်ခါမြင်ခွင့် ရသည်။

ပြီးတော့ ဂျင်းအကျီပြာပြာနှင့် ကျစ်လျစ်သန်မာသော ကိုယ်ထည်၊ နက်မှောင်သပ်ရပ်နေသော ဆံပင်နှင့် ရှည်လျား လျားအရပ်၊ ဘောင်းဘီရှည်အနက်နှင့် ဘေးတိုက်အနေအထား က မျက်စိထဲကမထွက်ပါ။

ဆယ်လူလာကို နားနှင့်ထိကာ ခပ်ကိုင်းကိုင်းနှင့် စိတ် ဝင်တစားပြောနေသော သူ့မျက်လုံးအစုံသည် စူးရဲရဲနှင့် ကြည် လဲ့ကာ အရာရာကို ထွင်းဖောက်သိမြင်တတ်မည့်ပုံ။

ဒီပါ ဘယ်လောက်အထိ ငေးသွားမိသလဲဆိုတာ. .

တမေ့တမော သတိလက်လွတ်ဖြစ်ရသလဲဆိုတာ. .

စိတ်ဝင်တစား အကျီတန်းမှ ဖြုတ်ယူကြည့်နေမိသော အကျီလေးကိုပင်မေ့ကာ မျက်လုံးအစုံက သူ့ထံမှာ စုပြုံကျလို့

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်လေးဖွင့်ဟကာ ဘေးပတ်ဝန်းကျင် အရာအားလုံးကို မေ့နေမိသည်။

လူတွေ စည်ကားများပြားသော စတိုးဆိုင်ကြီးထဲမှာဆိုတာရော၊ ညံညံစီနေသော အသံတွေကိုရော ဘာဆိုဘာမှ မသိတော့ပေ။

ဆူညံနေတော့ သူလည်း မနည်းပြောနေရတာ။

သူ့မျက်လုံးအစုံက ဒီပါ့ထံကို နည်းနည်းလေးပင်ရွေ့မလာပါ။

ချက်ချင်းလိုပဲ မျက်လွှာချကာ အားငယ်စိတ်က တစ်ကိုယ်လုံး ဖုံးလွှမ်းသွားသည်။သူက ဒီပါ့လို ကလေးမကျ လူကြီးမကျဟာလေးကို မျက်စိတွေ့မှာတဲ့လား။

ကြည့်ပါဦး။ ဒီပါ ဝတ်ထားပုံက ဘောင်းဘီပွပွက ဒူးဆစ်လောက်ပဲရှိတာ။အင်္ကျီက ရှပ်အင်္ကျီအကွက်ကလေး။ ဦးထုပ်အနက်တလေးကလည်း ဆောင်းထားသေး။

သူလိုလူမျိုး ငေးမောစိတ်ဝင်စားလောက်စရာ အမျိုးသမီးတစ်ယောက်၏ ဟန်ပန်မျိုး တစ်စက်မှကိုမရှိ။

ကျွတ် . .

ကိုယ့်ကိုယ်ကို စိတ်ပျက်လှစွာ အိတ်ထဲမှ ပီကေတစ်ခု





ကို ထုတ်ယူစားမိသည်။

ခုနေ ဖြုန်းဆို မမအေမီတို့၊ ဘေဘီတို့စတိုင်မျိုးဖြစ်သွားရင် ဘယ်လောက်ကောင်းမလဲ။

ဆံပင်က ရှည်ရှည်စင်းစင်း ကျောပေါ်မှာဝဲခနဲ ဝဲခနဲ။ အရပ်မြင့်မြင့်။ ပြီးတော့ လှပတင့်တယ်အောင် ကြော့ရှင်းပေါ်လွင်အောင် ဝတ်တတ်ပါဘိနဲ့။

အဲဒီလိုဆိုရင်တော့ သူ တစ်ချက်ဖြစ်ဖြစ်ကြည့်မှာ။

နှုတ်ခမ်းလေးကိုက်ရင်း မချင့်မရဲနှင့် ဘာဆက်လုပ်ရမှန်းမသိပါ။

အင်း . . အကြံရပြီ။

ဒီပါ လှစ်ခနဲပြုံးကာ သူ့ရှေ့သို့ ခပ်တည်တည်လျှောက်သွားလိုက်သည်။

သူက လှမ်းကြည့်သလိုလို မကြည့်သလိုလို ဝေခွဲမရပါ။

"အစ်မ . ."

အရောင်းစာရေးမလေးကို လှမ်းခေါ်ကာ မဝယ်ချင်ပါဘဲ စိတ်မပါပါဘဲ မှန်ပုံးထဲရှိနေသော ဖိနပ်တွေကို စျေးလျှောက်မေး၊ ထုတ်ပြခိုင်း၊ စွပ်ကြည့်လိုက်၊ လှည့်ပတ်ကြည့်လိုက် အမျိုးအစားမေးလိုက်နှင့် ပျာယာခတ်သွားအောင် လုပ်ပစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ အရောင်းစာရေးမလေး စိတ်မရှည်ချင်။

အဲသည် အချိန်ကလေးမှာပဲ သူက ဖုန်းပြောနေရင်းမှ ဒီပါ့ဆီ သေသေချာချာ လှမ်းကြည့်ကာ အလွန်တရာ အနှောင့်အယှက်ပေးသော၊ သိပ်စိတ်ပျက်စရာကောင်းသော အရုပ်မလေးလို့ . . . ဟိုးဘက် အစွန်တစ်နေရာကို ခပ်မြန်မြန် လျှောက်သွားတော့သည်။

အမယ်လေးဟဲ့။

ဒီပါ ခါးလေးဆန့်ရင်း လက်လျှော့လိုက်သည်။

အရောင်းစာရေးမလေးကို အားနာပါးနာ ပြုံးပြတော့ ပြန်ပြုံးပြဖော်ပင် မရပါ။

အဟီး. . ဒီပါ 'အီ' တာသိသွားပြီ။

ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆွဲချကာ ပီကေကို ဖောင်းခနဲ မှုတ်ရင်း အောင်မြင်စွာ ဆုတ်ခွာလာခဲ့သည်။

"ဒီပါရယ်. . အဲဒီလောက် စိတ်ဝင်စားရင် ဘယ်မှာနေသလဲ လိုက်ကြည့်ခဲ့ပါလား. . ခုတော့ ဘယ်လိုက်ရမှန်းမသိ ဒီဆိုင်ကို နေ့တိုင်းဘယ်သူလာမှာတဲ့လဲဟဲ့ . . ဒုက္ခ. . ဒုက္ခ"

သူနှင့်ဆုံခဲ့သော စတိုးဆိုင်ကြီးကို ငါးရက်ဆက်တိုက် သွားအပြီးမှာ ဝင်းက မောမောနှင့် ညည်းတော့သည်။





"မသိဘူးလေဟာ. . ဒီပါက မိန်းကလေးဆိုတော့"

"ကောင်းတယ်"

"အံမယ်. . ဘာကောင်းတာလဲ"

"ဝင့်ဆိုတာ ချက်ချင်းလည်တယ်"

"ဟင်"

ဒီပါ ဆွေ့ဆွေ့ခုန်သွားသည်။

"ကျောင်းက လိုက်သမျှကိုကျတော့ မတူသလိုမတန်သလိုလုပ်ပြီး. ."

"ဒီပါမှ ကြည့်မရတာ"

"အင်းလေ. . အခု ဒီပါ ကြည့်ရတဲ့သူကျတော့ ဒီပါ့ကို ကြည့်မရဖြစ်နေပြီမဟုတ်လား. . ဝမ်းသာစရာ"

"ဝင်း. . နင် စိတ်ပုပ်လှချည်လား"

ပိုကာ အအေးဘူးလေးကို စားပွဲပေါ် ဆောင့်ချကာ ဒေါနှင့်မောနှင့် စွဲချက်တင်မိတော့သည်။

"ဝင်း စိတ်ထားမမှန်လို့ ဒီပါနဲ့သူ မတွေ့ရတာ"

"အယ်. . ဘာဆိုင်လဲ"

မျက်လုံးပြူးနှင့် ငြင်းသည်။

"ဟုတ်တယ်. . ဝင်းက ဘေးမှာနေပြီး ကျိန်စာပို့နေ



www.burmeseclassic.com

www.burmeseclassic.com



တာ. . သူ့ကောင်တွေဘက်က လိုက်နာနေတယ်. . အံ့ရော"

"တော်ရုံလဲပြောပါ ဒေါ်ဒီပါအောင်ရယ်. . ရှင့်ဟာကြီးကိုမတွေ့တိုင်း ကျုပ်ဘက် လှည့်မရမ်းပါနဲ့နော်"

ဝင်းက မျက်စောင်းအကြိမ်ကြိမ်ထိုးသည်။

"နင့်လို မလောက်လေးမလောက်စားကို ဟိုက ဘယ်စိတ်ဝင်စားပါ့မလဲ. . အပျံစားတွေ ဝိုင်းနေမှာပေါ့"

ဒီပါ့ကို မကြည်စိတ်နှင့် နှုတ်ပစ်လိုက်၏။

"အင်းနော်. . ဟုတ်တယ်. . ဒီပါ့ပုံစံလေး စာရင်းထဲတောင်ထည့်မှာမဟုတ်ဘူး. . အရမ်းအားငယ်တာပဲ"

အသံလေး တိုးဖျော့ကာ ဝမ်းနည်းသလိုဆိုတော့ ဝင်းဝဲ နောင်တရကာ. .

"အံမယ်. . ဘာဆိုင်လဲ. . ဒီပါက ဒီလောက်ချစ်စရာကောင်းတာ. . ဒီပါ့မျက်နှာလေးက တစ်ရာတစ်ယောက်မရှိတဲ့ ရှားရှားပါးပါးလေး"

"ကမ္ဘာကျော်နိုင်တဲ့ ရုပ်မျိုးလေး၊ အဲဒီလူက ဘာမို့လို့ မကြိုက်ရမှာလဲ ပြောစမ်း. . ဒီပါ့ကိုရရင် သူ ကံကောင်းတယ် ပြောရမှာ"

"အလဲ့ . . တယ်ဟုတ်တဲ့ ဒီပါ ပါလား"





ပခုံးလေးမြင့်ပြရင်း မျက်နှာလေး မော့ထားလိုက်တာကောင်းကင် တက်ကပ်မတတ်ပါပဲ။

"မြှောက်ပြောတာဟဲ့ . . ဒုက္ခပါပဲ"

"မြှောက်တာပဲဖြစ်ဖြစ် ၊ တကယ်ပဲဖြစ်ဖြစ် ခဏခဏပြောစမ်းပါဟာ. . ကြားရတာ နားဝင်ချိုတယ်. . ဘဝင်မြင့်ချင်စရာကောင်းတယ်"

"ရပါတယ်. . တစ်နေ့ ဘယ်နှစ်ခါပြောပေးရမလဲ"

"လေးငါးခါလောက်"

"တစ်ခါပြော ဘယ်လောက်ပေးမှာလဲ"

"အောင်မယ်"

"အေးလေ. . အလကားသက်သက်တော့ အာညောင်းခံပြီး မပြောနိုင်ပါဘူး. . အလုပ်သဘောအရ ငွေရေးကြေးရေးအတွက်ဆိုရင်တော့"

"တော်စမ်းပါဟာ. . မတန်မရာ စကားလုံးတွေ ပိုက်ဆံမှပေးရတိုင်း သုံးမနေနဲ့. . တန်ရာတန်ရာပဲကောင်းတယ်. . သိလား"

"ဝေးသထက် ဝေးပါစေ. . ဘယ်တော့မှမတွေ့ပါစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . ပြဿနာ . . မဆီမဆိုင် ပါးစပ်ပုပ်လှချည်လား . . ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ . . မြန်မြန်တွေ့ပါစေ"

ဒီပါ အဖြစ်သည်းနေပုံကို ဝင်းက အားပါးတရရယ်၏။

စိတ်ကူးထဲက ပုဂ္ဂိုလ်လေးရယ်။

မျက်စိရှေ့ ရောက်လာစမ်းပါတော့။

"ဟဲ့ . . ဟာ . . ဒီပါ . . ဒီပါရေ . . ဘယ်လိုလဲ ခေါ်မကြားအော်မကြား . . ဘာမှလဲ အဆင်သင့်မဖြစ်သေးဘူး"

မမဘေဘီ အတင်းလာခေါ်တော့မှ ဒီပါ့ အတွေးအိမ်လေး လွင့်ပျောက်သွားရသည်။

"ဘာလဲ"

"အကျီသွားရွေးပါ့မယ်ဆို"

"ဩော် . . ဟုတ်သားပဲ"

ဒီပါက မမဘေဘီအောင်ကို အားနာတာမို့ သည်အတိုင်းပဲ လိုက်လာခဲ့သည်။အဝတ်အစားပင် မလဲတော့။

မမဘေဘီက ကားမောင်းကျွမ်းသလောက်ကြမ်းချင်သည်။

"မမဘေဘီ"

"ဟင်"





"မနက်ကလောင်းတာ ဘာကြေးလဲဟင်"

"မေမေ့ကို သွားမပြောနဲ့နော်"

"အင်းပါ"

"စိန်လက်စွပ် တစ်ကွင်းကြေး"

"ဟာ . . မွတာပဲ"

ဒီပါ မျက်လုံးလေးတလက်လက်နှင့် အထူးတလည်[illegible]တ်ပါသွား၏။

"ဘယ်သူ့ကို ဘယ်သူကပေးရမှာလဲ"

"ဒီပါ . . ကလေးက ကလေးလိုနေစမ်း . . စပ်စုလွန်း[illegible]ယ် . . ပြီးရင် လျှာကရှည်ပါ့"

ဖက်ကလေးပုရင်း ဒီပါ ငြိမ်နေလိုက်၏။ခဏကြာမှ . .

"သိချင်လို့ပဲဟာ"ဟု ဗလုံးဗထွေးပြောဖြစ်သည်။

"မြင့်မိုရ်အောင်မာရဲ့ အထူးတလည်စိတ်ဝင်စားမှုကို [illegible]ရတဲ့ အမျိုးသမီးကို ကျွန်နှစ်ယောက်က အတူပေါင်းပြီးချိမြှင့်[illegible]"

"အားပါး . . မဆိုးဘူး"

"ဘာလဲ . . မဆိုးတာ"

"တစ်ဖက်က ဟိုလူကြီးကိုလဲ ရမယ် . . စိန်လက်စွပ်



www.burmeseclassic.com

www.burmeseclassic.com



လဲရမယ်. . ဒီပါသာ မမတို့နဲ့ ရွယ်တူမတိမ်းမယိမ်းဆို ဝင်ပါတယ်သိလား"

လက်သီးနှစ်ဖက်ဆုပ်ကာ အားပါးတရပြောတော့ ဘောဘီက မကြိုက်လှသလိုကြည့်သည်။

"ငါတို့က အပျော်သက်သက်ပါ. . ဘာရယ်မဟုတ်ပါဘူး"

"သိပါတယ်"

ဒီပါက စဉ်းစဉ်းစားစားနှင့် . .

"အဲဒီလူက ဘယ်သူ့မှ စိတ်မဝင်စားရင်ကော"ဟု မေးမိသည်။

"ဒါတော့ မတတ်နိုင်ဘူးပေါ့"

ဘောဘီအောဗ်က ပြုံးတုံ့တုံ့ဖြစ်နေ၏။

"မမက ဒီပါပြောတာ မဖြစ်နိုင်ဘူးလို့ ထင်တာလား"

"ဒါပေါ့. ."

"ဘာလို့ အဲဒီလို ထင်တာလဲ"

"သူ တစ်ယောက်ယောက်ကိုတော့ ရွေးမှာပေါ့"

"အင်းလေ. . ဘယ်သိမလဲ"

မမဘောဘီက မယုတ်မလွန်ဖြေသည်။





"အဲဒီလူကြီးက ချောတယ်ဆို. . အသက် ဘယ်လောက်ရှိလဲဟင်. . မမဘောဘီသိလား"

"အင်း. . မမဘောဘီနဲ့ ရွယ်တူပဲတဲ့"

"မမအေမီထက် ငယ်တာပေါ့"

"အင်း. ."

"ဒါဆို မမအေမီက နိုင်ဖို့သိပ်မလွယ်ဘူး"

"ဘာကြောင့် . ."

"အသက် ငယ်နေတာကိုး. . ဟိုက သူ့ထက်ငယ်တာပဲ ရွေးမှာပေါ့ . . အဲဒီလို ထင်တာပဲ"

"မဆိုင်ပါဘူး. . မမအေမီက ဆံပင်အရမ်းလှတယ်"

ဒီပါက နှုတ်ခမ်းလေးစေ့ပြုံးရင်း ဘာမှဆင်ခြေမတက်တော့ပေ။ သည်ပွဲမှာ မမဘောဘီက အားအသာဆုံးဆိုတာ ဒီပါသိနေသည်။

အကျီဆိုင်ရောက်တော့ ခါတိုင်းလိုပဲ မမဘောဘီကြာနေရော။

ဒီပါလည်း မလောတော့ဘဲ မျက်စိရှေ့တွေ့သော ကက်တလောက်တစ်ခုကို ကောက်ယူလှန်ကြည့်နေလိုက်၏။

ပွစိပွစိလုပ်လည်း ဘာမှထူးမှာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ စိတ်ကြိုက်ဝတ်ကြည့်မှ လိုအပ်တာ ပြောမှာ သူ့အကျင့်။

လှပါတယ်ဆိုမှ ပိုပိုလှချင်တာ ဘာမှန်းကိုမသိ။

"ဒီပါ ကြည့်ပေးစမ်းပါ . . ဘာလိုသေးလဲဆိုတာ"

အနက်စိုစိုနှင့် နက်ပြာတောက်တောက် နှစ်ရောင်စပ်မှာမို့ မမဘေဘီ စောစောကထက် အဆများစွာလှသွားသည်။

"လှပါတယ် . . အရမ်းလှတယ်"

"လှ မလှ မေးတာမဟုတ်ဘူး . . ဘာတွေ ဘယ်လိုဖြစ်နေသလဲဆိုတာ ကြည့်ခိုင်းတာ . . ဘာမှ အားမကိုးရဘူး"

ဒီပါက လက်နှစ်ဖက်မြှောက်ပြသည်။

"ဒီပါ မကြည့်တတ်ပါဘူးရှင် . . မမဘေဘီသာ ရှေ့မှန်နောက်မှန်ထားပြီးကြည့် . . ဟုတ်ပြီလား"

မမဘေဘီက မျက်စောင်းတစ်ချက်နှင့် မှန်သွားကြည့်၏။

ဒီပါက ကတ်တလောက်ထဲ စိတ်ရောက်နေသည်။

ကောင်မလေးတွေ လှလိုက်တာ။

"မမ . ."

အင်္ကျီချုပ်ဆိုင်က အစ်မကိုလှမ်းခေါ်ရင်း . .

"ဒီမှာလဲ ဒါမျိုးကတ်တလောက်တွေထုတ်ရင် ကောင်း





မယ်နော် . . မမတို့ဆိုင်က ထွင်ထားတဲ့ ပုံဆန်းတွေ ကတ်တလောက်ထုတ်ပါလား . . မမတို့ဆိုင်က နာမည်ကြီးပဲဟာ"

"အင်း . . ကောင်းသားပဲ"

"အဲဒီအခါကျရင် ညီမကိုခေါ်လေ . . ပိုက်ဆံတစ်ပြားမှ မယူဘဲနဲ့ မော်ဒယ်လုပ်ပေးမယ်သိလား . . အင်္ကျီအဆန်းလေးတွေ ဝတ်ရရင်ပြီးရော . . သူတို့တွေ အရမ်းချစ်စရာကောင်းတာပဲနော်"

"ညီမလေးက ပိုပြီးချစ်စရာကောင်းသေးတယ်"

"မမ ဘာစားမလဲ ပြော"

"တကယ်ပါ . . မမတို့ဆို ညီမလေးတို့ ညီအစ်မလေးယောက်အကြောင်း အမြဲ ပြောဖြစ်တယ် . . သိပ်လှတာပဲလို့"

"ဟင် . . ဒီပါ မပါပါဘူး . . ဒီပါက လှမှမလှတာ"

"ညီမလေးက ချစ်စရာကောင်းတာ . . ထိုင်ကြည့်နေချင်စရာလေး"

"အားပါး . . မမကို မုန့်ဝယ်ကျွေးမှဖြစ်တော့မယ်"

ဒီပါက ဆိုင်ရှင်မမနှင့် အာလူးပေးနေတုန်း မမဘေဘီက သူ့အင်္ကျီချုပ်ပေးသော ကောင်မလေးကို ဦးနှောက်စားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမဘောဘီရေ မပြီးသေးဘူးလား"

"ခဏလေးပါ. . ပွနေတာလေး သိမ်းနိုင်းထားလို့"

ဒီပါက နှာခေါင်းလေးရှုံ့သည်။

အမြဲ ချုပ်နေကြမို့ အဲဒီဆိုင်က မမဘောဘီအကြောင်း သိပြီးသား။ စိတ်တိုင်းကျအောင် လုပ်ပေးနေကြ။

"ညီမလေးက အကျီသိပ်မချုပ်ဘူးနော်"

"အင်း. . ဒီပါက ရယ်ဒီမိတ်ဝတ်တာများတယ်. . မမ တို့လောက် စိတ်မရှည်ဘူး. . အစ အဝယ်ရတာ၊ အပ်ရတာ စောင့်ရတာ၊လိုက်အောင် ရွေးရတာ ဒီပါ စိတ်ညစ်တယ်"

"အင်း. . ဟုတ်တော့ ဟုတ်တယ်"

"ဒါပေမယ့် ခုတလော ချုပ်တာတွေ ပြန်ခေတ်ထလာ တော့ ဒီပါ အခက်တွေ့နေတာ. . နောက်ဆို ချုပ်ရမှာလားမသိ ဘူး"

"မမက ညီမလေးနဲ့လိုက်ဖက်အောင် ရွေးချယ်ပေး မယ်"

"ဒါဆို ကျေးဇူး. . အစမ်းတစ်ထည်လောက် ချုပ် ကြည့်မယ်နော်. . မေမေ့ကို အစမှာမယ်"

"မေမေဝယ်တဲ့အကျီစ ဒီပါလေးက ကြိုက်ပါ့မလား"





"မေမေက ခေတ်မီပါတယ်"

"ဟုတ်တယ်နော်. . ဒီပါတို့ မေမေက တကယ့်ကို ကျက်သရေရှိရှိ ချောတာ. . သမီးတွေထက်သာတယ်"

"မမက တစ်လှည့်စီ မြှောက်နေတာပဲ"

ဒီပါက ခေါင်းလေး ငဲ့စောင်းရယ်လိုက်သည်။

"မမဘောဘီရယ် ပြီးဖို့ကောင်းပြီ"

"ပြီးပါပြီရှင်. . ပြီးပါပြီ"

"သွားမယ်နော်. . မမ"

ဆိုင်ရှင်မမက ဒီပါ့ကို အပြုံးလေးနှင့် ခေါင်းညိတ် သည်။

"မပြောချင်ဘူးလေပဲပေးနေ၊ကိုယ့်အစ်မတော့ လိုက်မ လိုက် ကောင်းမကောင်း မကြည့်ပေးဘူး"

"လှသားပဲဟာ"

"ပြီးစလွယ်ကြီး"

"မမဘောဘီက သတို့သမီးလား. . ခန်းမထဲဝင်မယ့် သတို့သမီးကျနေတာပဲ. . အဲဒီအခါကျမှ ဘာလိုလဲ ကြည့်ပေး မယ်"

ဒီပါ့စကားကို မမဘောဘီ အကျေနပ်ကြီး ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။

"ကျက်သရေရှိလိုက်တာ . . စိန်လက်စွပ်ကလေးကို မမဘောဘီလက်မှာ မြင်ယောင်ကြည့်စမ်း"

ဒီပါ မအောင့်ထားနိုင်ဘဲ အော်ရယ်ပစ်သည်။

ကားက မီးပွိုင့်ထဲအဝင် ဒီပါက အော်အရယ်ဆိုတော့ ဘေးကားတွေမှလူများ လှည့်ကြည့်ကြ၏။

"ဟဲ့ . . တိုးတိုး"

မမဘောဘီက မျက်မှန်အနက်နှင့် လှည့်ကြည့်ပြီး သတိပေးသည်။

သူမက အရှိန်မသတ်နိုင်ဘဲ ကူရှင်လေးကိုမှီကာ ဟက်ဟက်ပက်ပက် ရယ်မိ၏။

"ဟင် . ."

မြင့်မိုရ်အောင်မာက ဆတ်ကနဲဖြစ်ရင်း သေချာ ထပ်ကြည့်သည်။

သူ့ကားက မှန်အနက်မို့ တစ်ဖက်သားကို မြင်ရပေမယ့် တစ်ဖက်သားက သူ့ကို မမြင်နိုင်။

သည်ကောင်မလေးကို ဘယ်မှာ မြင်ဖူးပါလိမ့်။

ချက်ချင်းပဲ စဉ်းစားသည်။အဖြေက မပေါ်။





သိတာကတော့ သေချာ သိနေသလိုပါပဲ။

ကြည့်စမ်း . . ဘယ်လို ဟာသကြောင့် သည်လောက် ရယ်နေပါလိမ့်။

အဲသည်ကောင်မလေးဘေးမှာ ကားမောင်းသော လူတစ်ယောက်ကိုတော့ သေချာမမြင်ရပါ။မျက်မှန်အနက်တပ်ထားတာပဲ သိသည်။

သူတို့ကားက မှန်တွေ အကုန်လုံးချကာ သဲသဲကွဲကွဲ မြင်ရသည်။

ငါ သူ့ကို ဘယ်မှာမြင်ဖူးတာလဲ။

သေချာသိနေပြီး စဉ်းစားမရတော့ မြင့်မိုရ်အောင်မာ တွတ်ကနဲ ရေရွတ်သည်။

သိပါတယ်၊တွေ့ဖူးပါတယ်၊ဘယ်မှာပါလိမ့်။

အချိုးမပြေသော ပုံစံလေးကို မှတ်မိနေတာတော့ အမှန်ပါပဲ။

အဲသည်ကောင်မလေးက သူ့ကားဘက် ဆတ်ကနဲ ငဲ့ကြည့်၏။

သူ မလုံမလဲနှင့်အကြည့်ကို အရှေ့ရွှေ့ပစ်သည်။

မမြင်ရမှန်းသိပေမယ့် စိုးရိမ်စိတ်က ရှိ၏။

www.burmeseclassic.com



မီးပွိုင့်စိမ်းတော့ သူမတို့ကားလေးက လျှောကနဲ အလျင်ဆုံး ထွက်သည်။ကြည့်ရတာ ကားမောင်း အတော်လေး ကြမ်းချင်ပုံ။

ဘာရယ်မဟုတ်။သူ နည်းနည်းပြုံးလိုက်မိသည်။

တွေးမရသည့်အတူတူ ထူးတလည် တွေးမနေတော့ပါ။

ဒါ အရေးကြီးတဲ့ ကိစ္စလည်း ဟုတ်မှ မဟုတ်တာ။

"ဒီပါ"

"ရှင်. ."

"ညည်းလေးရော ဘာဝတ်မှာလဲ. . စီစဉ်ပြီးပြီလား"

"အင်း"

ဒီပါက ခပ်တည်တည် ခေါင်းညိတ်၏။

ညနေ ဝင်းတို့အိမ်သွားမှာ မပြောဖြစ်ပါ။

မေမေ့ကို တိတ်တိတ်ကလေးပြောပြီး သွားမှာ။

ဒီပါက ကိုယ့်အကြံလေးနှင့်ကိုယ် ပြုံးနေမိပါသည်။

* * *



"အဲဒါများ ဒီပါရယ်. . ကိုရွှေညှေ့သည်ကို မြင်ဖူး အောင်စောင့်ကြည့်ခဲ့ပါတော့လား. . အည့်ခံလို့"

"ဟာ. . စိတ်မဝင်စားပါဘူး"

ဒီပါက ဝင်းဆီရောက်တယ်ဆို အိမ်ကအဖြစ်တွေ ချတ်ချင်းပြန်ဖောက်သည်ချတော့ ဝင်းက ရွှစိတက်လာရော။

"တို့တွေ သွားစပ်စုရင်. . မကောင်းဘူးလား"

ဒီပါက ဝင်းကို မျက်စောင်းရွယ်သည်။

"ဘယ်မှာလဲ မင်းဦးခွေ. . သွားယူ ကြည့်မယ်လေ"

"နေပါဦးဟယ်. . အမေပြေ ရေချွေးနဲ့လက်ဖက်သုပ်

www.burmeseclassic.com

www.burmeseclassic.com



စားသွားပါဦးဟ. . ထွက်ပြေးမှာ ကျနေတာပဲ"

ဝင်းက စပ်စုချင်သေးပုံ။

"ပြောမိတာ မှားပါတယ်"

"ဟဲ့. . အဲဒီပုဂ္ဂိုလ်က ဘယ်သူ့ကို ရွေးမလဲ အသိဘူး နော်"

"ဘယ်သိမလဲ"

ဒီပါက ပြတ်ပြတ်တုံးတုံးဖြေပြီး ဝင်းအခန်းထဲရှိနေသောခွေကို ကိုယ်တိုင်သွားယူပြီး ဖွင့်ကြည့်သည်။

"ဒီပါ. . ဟဲ့"

"ဟာ. . တော်ပြီ. . တိတ်တိတ်နေတော့"

"ခဏလေးပါ"

"ပြော. . ဘာလဲ"

"ရီမုခ်ကလေးကို လက်နှင့် ကိုင်ထားပြီး ဖန်သားပြင်မှ အကြည့်မခွာပဲ ဒီပါက ထူးသည်။

"ငါ မြင်ဖူးချင်တယ်ဟာ"

"သွားကြည့်ချင်ကြည့်လေ"

"ဟွန်း. . ကောင်းသားပဲ. . ခဏပိတ်ထားခဲ့လေ"

"အံမယ်. . ဒီပါက ဘာလို့ လိုက်ရမှာလဲ"





"ဒါဆို. . ဝင်း ခဏသွားမယ်"

ဝင်းက အလျှင်စလို ထထွက်သွားတော့ ပါးစပ်လေး ဟွင့်အောင် အံ့ဩသွားရပါသည်။

"တော်တော် ဟိုဒင်းဖြစ်တဲ့မိန်းမ"

ဒီပါ ရေရွတ်ရင်း ဝင်းနောက်ကို ပြေးလိုက်ကာ ပြန်ဆွဲခေါ်ရသည်။

"ဒီလောက်သိချင်နေလဲ ကျုပ်အိမ်ပြန်ရောက်ရောက်ချင်း စပ်စုပြီး ရှင့်ဆီ ဖုန်းပြန်ဆက်ပါ့မယ်. . ကျေနပ်ပါတော့. . အဓိပ္ပာယ်မရှိတာ"

ဝင်းက ကန့်လန့်ကန့်လန့် ပါလာရင်း သိပ်အလိုမကျချင်။

"ဟိုမှာ ပထမဆုံးအခန်း လွတ်သွားပြီ"

"မရစ်နဲ့. . မရစ်နဲ့. . ဝင်း ပြောပြမယ်"

"ဟင့်အင်း"

ဒီပါက အစမှ ပြန်ရစ်သည်။

"ရှင် ပြောပြတာ နားထောင်ချင်မှဖြင့် ဒီအထိ လာကြည့်ဘူး သိလား. . ကိုယ့်မျက်စိနဲ့ . . ကိုယ်နားနဲ့ခံစားချင်လို့ဟာ. . အလိုက်မသိလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းက အိမ်ထဲဝင်သွားပြီး လက်ဖက်သုပ်ယူလာသည်။

"ဝင်း. . ရေချိုးဦးမယ်"

"ဟင်. . မချိုးရသေးဘူးလား"

"အင်း. ."

"ညစ်ပတ်လိုက်တာ. . သွားချိုးလေ"

"ဒီပါတစ်ယောက်တည်း ပျင်းနေမလားလို့"

"ရပါတယ်. . ရပါတယ်. . သွားချိုးပါ"

ဒီပါက တိုက်တွန်းမှ ဝင်းက မလှုပ်တလှုပ် ထ ထွက်သွား၏။

သူမကတော့ ဇာတ်လမ်းထဲ စိတ်နစ်ရင်း အိမ်ကကိစ္စတွေ မေ့သွားမိသည်။

* * *





"ကိုကိုရေ. ."

"ဘာလဲဟ"

ရေချိုးခန်းတံခါးကို ထုအော်နေတော့ ရေပန်းကိုပိတ်ရင်း ပြန်ထူးရသည်။

"ဘာလဲ. . ညီမလေး"

"ဟိုတစ်ရက်က ကိုကိုဝယ်လာတဲ့ အကျီမတော်ဘူး. . လက်ရှည်ထွက်နေတယ်. . သိလား"

"ဟာ. . ပြန်လဲလို့မရဘူး. . အဲဒါ ညီမလေးမှာတဲ့နံပါတ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ်အောင်မှာ စိတ်ရှုပ်သွားရသည်။

"အဲဒါ ဘယ်လိုလုပ်မလဲ . . ကိုကို"

"မတတ်နိုင်ဘူးဟေ့ . . ပြန်လဲမပေးမှာတော့ သေချာတယ် . . ရှည်နေလဲ ခေါက်ဝတ် . . မတတ်နိုင်ဘူး"

"ဟာ . ."

ညီမလေးက ခြေဆောင့်ထွက်သွားပုံရသည်။

မျက်နှာသုတ်ပဝါကို တန်းပေါ်မှ လှမ်းဆွဲယူရင်း မျက်နှာကိုသုတ်ပြီး မှန်ကြည့်မိတော့ အလင်းတန်းတစ်ခု က ခေါင်းထဲလက်ခနဲ ဖြတ်သန်းသွားသည်။

ဪ . . မှတ်မိပြီ။

လုံးဝ တွေးမရသော ကိစ္စကို ရုတ်တရက်တိုက်ဆိုင်တော့ သတိရသွားသည်။

ဟိုကောင်မလေး . . .

စောစောတုန်းက အားရပါးရ ရယ်နေသော ကောင်မလေး . . .

စတိုးဆိုင်မှာ ပီကေဝါးပြီး ဖိနပ်တွေ တစ်ရံပြီးတစ်ရံ ရွေးနေတာ။ပြီးတော့ . . တစ်ရံမှလည်း ဝယ်တာမတွေ့ ခဲ့ရ။

ဦးထုပ်လေးနှင့် ဂျစ်တစ်တစ်ဒီဇိုင်းလေးကို မျက်စိထဲ





မြင်ယောင်လာတော့ နှုတ်ခမ်းလေးတွေ အလိုလိုပြုံးမိသည်။

တစ်ခါတစ်လေ သူ့မှတ်ဉာဏ်က အဲဒီလိုပါပဲ။

တွေးလေ တွေးလေ တွေးမရလေဖြစ်တတ်ပြီး ဖြုန်းခနဲ ...င်းစားပဲလည်း ပြန်အမှတ်ရတတ်သည်။

ရေချိုးခန်းက ထွက်လာပြီး ဝတ်ဖို့ထုတ်ထားသော ...ှပ်အစင်းလေးနှင့် ပုဆိုးမှိုင်းမှိုင်းကို ကောက်ယူဝတ် သည်။

အင်း . . နောက်ကျနေပြီလား။

နာရီကို လှမ်းကြည့်ရင်း ဆံပင်က ရေတွေကို ...်အောင် ထပ်သုတ်ပစ်ရသည်။

အန်ကယ်ဦးအောင် စောင့်နေရလျှင် အားနာစရာ။ ကိုယ်ကလူငယ်၊လူကြီးက ပြန်စောင့်ရတာမျိုး မဖြစ် ...င့်ပါ။

သည်နေ့ ဦးအောင်က ညစာ စားဖို့ ဖိတ်ထားသည်။ သမီးတွေနှင့် ရင်းနှီးအောင် မိတ်ဆက်ပေးချင်သည် ...ိုပဲ။

ဦးအောင်မှာ သမီးလေးယောက်ရှိတာ၊အပြိုင်အဆိုင် ...်စရာကောင်းကြတာ၊မာနကြီးတာ၊စည်းစနစ်ရှိတာ အားလုံး ...ိုသိုတော့ ကိုသန့် ပြောပြထားလို့ သိပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုသန့်က ဦးအောင်ကုမ္ပဏီက။သို့ပေမယ့် မြင့်မိုရ်နှင့် ဟိုးကတည်းက ခင်မင်ရင်းနှီးသည်။

"အကြီးဆုံးက အေမီအောင်တဲ့ . . ဆံပင် အရှည်ကြီးနှင့် တအားယဉ်တယ်ဗျ. . စကားလဲနည်းတယ်"

"အလတ်မက ဘေဘီအောင်. . သူလဲ ဆံပင်ရှည်တာပဲ. . ဒါပေမယ့် သူက အသားပိုဖြူတယ်. . စကားပြောပွင့်လင်းတယ်"

"တတိယက ဒေစီအောင်. . ဒေစီက ဆံပင်တိုတိုလေးနဲ့ . . သူက မနှစ်က မယ်ရထားတယ်. . ပါးမှာမှည့်နက်ကလေးနဲ့ မဆိုးဘူးဗျ"

"အငယ်ဆုံးလေးက သိပ်ငယ်ပါတယ် ကိုမြင့်မိုရ်. . အငယ်ဆုံးလေးတော့ မစဉ်းစားနဲ့. . ဦးအောင်ကလဲ အကြီးသုံးယောက်နဲ့ မိတ်ဆက်ပေးမှာပါ. . အငယ်လေးက ခုမှ ကလေးသာသာ သူတို့အသည်းစွဲဗျ . . ချစ်မဝဘူး ဖြစ်နေတာ"

ကိုသန့်ပြောသမျှကိုတော့ သူနားထောင်ထားလိုက်သည်။

"ဒီပါအောင်လေးက တစ်ခါတလေ ဆိုးချင်တယ်"

"အငယ်ဆုံးကောင်မလေးလား"





"ဟုတ်တယ်. . ကျောင်းတက်နေတုန်း ကျောင်းမပြီးသေးဘူး. . ချစ်စရာကောင်းတာတော့ အမှန်ပဲ"

"ကိုယ့်ညီမလေးလောက် ရှိမှာပေါ့"

"ရွှေစင်အောင်မာထက် ငယ်မယ်ထင်တယ်"

"ဪ. ."

ဆံပင်တွေကို သေချာဖြီးရင်း ကိုသန့်ပြောတာတွေ မှန်သတိရသည်။

"ကိုကို"

"ဟေ"

"ကားအဆင်သင့် ဖြစ်ပြီတဲ့"

"ညီမလေးရွှေစင် လိုက်မလား"

"မလိုက်ပါဘူး"

မြင့်မိုရ် ဖွဖွပြုံးသည်။

"ကပါကွာ. . မတော်ရင်လဲ မဝတ်နဲ့. . ကိုကို တစ်ထည် ထပ်ဝယ်ပေးပါ့မယ်. . ဟုတ်ပြီလား"

ခုမှပဲ ရွှေစင်မျက်နှာက ပြုံးလာနိုင်သည်။

"ဒီတစ်ခါ ရွှေစင်ကိုယ်တိုင် လိုက်ရွေးမယ်. . သိလား"

"အင်း. . အကောင်းဆုံးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ်က ရွှေစင်ခေါင်းကလေးကို ပုတ်ကာ ထွက်လာခဲ့သည်။

ဆဲလူလာလေးနှင့် ပိုက်ဆံအိတ်အမည်းလေးကို ဘေးမှာချထားပြီး ကားထဲဝင်ထိုင်သည်။

"ကိုကို . မောင်းမှာလား"

"အေး . ရတယ် . နေ . နေ . ညီမလေး သွားစရာရှိရင် တောင်းအေ့စ်နဲ့ ပို့လိုက် . ငါပဲ မောင်းသွားမယ်"

"ဟုတ်ကဲ့"

"ဪ . ငါ နည်းနည်း နောက်ကျမယ် . ညီမလေးနဲ့ ကြီးမေကိုပြောစမ်း . တံခါးတွေ အကုန်ပိတ်လို့ မင်းလည်း လျှောက်လည်မနေနဲ့ ကြားလား . ခြံတံခါး သော့ခတ်ပြီး အိမ်မှာပဲနေ"

"ဟုတ်"

"ဟိုကောင်တွေကို မိုးချုပ်တာနဲ့ လွှတ်ပေးလိုက်"

"ဟုတ်ကဲ့"

မြင့်မိုရ်က ခွေးညိုကြီးတို့အိမ်ဘက် လှမ်းကြည့်ရင်း ပြောသည်။

"ငါ ပြန်လာရင် မင်း အိမ်မှာ ရှိပါစေနော်"





"စိတ်ချပါ"

"အေးပါ . . စိတ်ချပါတယ် . . ငါရောက်ချိန်လေး မှန်းပြီး မင်း နည်းနည်း စောရောက်နေမယ်ဆိုတာ"

"ဟာ . . ကျွန်တော် ဘယ်မှ မသွားပါဘူးဗျာ"

"ပြောလိုက်ရင် ဖြူးနေတာပဲ"

မြင့်မိုရ်အောင်မာက ကားကို ညင်ညင်သာသာ မောင်း ထွက်လာခဲ့သည်။

ရေချိုးပြီးစမို့ သူ လန်းလန်းဆန်းဆန်းနှင့် ကြည်ကြည် ရွှင်ရွှင် ဖြစ်နေတာအမှန်။

ဦးအောင်တို့ အိမ်ရှေ့ရောက်တော့ ခြံဝင်းတံခါးက အဆင်သင့်ဖွင့်ထားသည်။

"လာကွာ . . အန်ကယ်စောင့်နေတာကွ"

"ကျွန်တော် နောက်ကျသွားလား အန်ကယ်"

"နောက်မကျပါဘူး . . ရပါတယ်ကွာ . . လာ"

ဦးအောင်နှင့် အန်တီတင်တို့က သူ့ကို လိုက်လံ ဖော်ရွေစွာ ကြိုပါသည်။

ညစာဝိုင်းကို ခြံဝင်းထဲမှာပဲ ခင်းကျင်းပြင်ဆင်ထားတာ တွေ့ရသလို ကောင်မလေးသုံးယောက်ကိုလည်း တန်းစီရပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ မြင်ရသည်။

"သမီးတို့နဲ့ မိတ်ဆက်ပေးရမယ်"

ဦးအောင်က သူမတို့နှင့် သူ့ကို မိတ်ဆက်ပေးသည်။

"သူက အေမီ၊ ဦးရဲ့ သမီးကြီး . . ဥပဒေနဲ့ ကျောင်းပြီးထားတာ"

"ဟုတ်ကဲ့"

ဖြူဖြူလွလွ ဝတ်စုံနှင့် အေမီက ဆံပင်တွေကို ဖြန့်ချထားတော့ လင်းလင်းထင်းထင်းပေါ် လွင်နေ၏။ အသားက ညိုပြီးညက်နေတော့ အဖြူရောင်နှင့် ကြည့်ရတာ ရုပ်မဆိုးပါ။

"ဒါက ဘေဘီ၊ ဓာတုနဲ့ ကျောင်းပြီးတာ"

"အင်း"

ဘေဘီက နှစ်လိုဖွယ်ရာကောင်းသော အပြုံးချိုချိုကလေးနှင့် နက်ပြာရောင်ဝတ်စုံနှင့် ဖြူသောအသားကဟပ်နေသည်။

"သူကတော့ ဒေစီတဲ့၊ စီးပွားရေးတက္ကသိုလ်က ဘွဲ့ရပြီးသား"

"ဟုတ်ကဲ့ . . အားလုံးကို သိကျွမ်းရတာ ဝမ်းသာပါတယ် . . ကျွန်တော်က မြင့်မိုရ်အောင်မာပါ . . ကျွန်တော့်ကို





မောင်နှမအရင်းအချာလို ရင်းရင်းနှီးနှီး ခင်မင်နိုင်ပါတယ် . . သို့အပ်တာရှိရင်လဲ ပြောပေါ့"

အားလုံး စားပွဲမှာထိုင်မိကြတော့ ဦးအောင်က . .

"အငယ်မရော . . ဒီပါ ဘယ်ရောက်နေလဲ"ဟု မျက်စိရှေ့မတွေ့သော သမီးကို သတိတရမေးသည်။

"ဝင်းဝင်းဆီသွားတယ် . . စောစောကပဲ"

အန်တီတင်က ဒီပါမရှိတာ ကြိုသိထားပုံနှင့် ရှင်းပြသည်။

"သမီးလေးတစ်ယောက် ရှိသေးတယ်ကွ . . ဒီပါတဲ့ အလေးစိတ်ပဲ . . ခုလဲ အိမ်မှာမရှိဘူး"

"ရပါတယ် . . ကိစ္စမရှိပါဘူး . . နောက်လဲ ကြုံနေမှာပဲဟာ"

လိမ္မော်ရောင်ဝတ်စုံလေးနှင့် သပ်ရပ်ကျော့ရှင်းလှန်းသော ဒေစီတ သူ့ပန်းကန်ထဲသို့ ထမင်းကိုယ်တိုင် လာထည့်ပေးသည်။

မြင့်မိုရ် ပြုံးမိပေမယ့် ငဲ့မကြည့်မိပါ။

မိတ်ဆက်ပေးချိန် တစ်ခါကြည့်မိသည်ကလွဲလို့ နောက်တစ်ကြိမ် ထပ်ကြည့်ဖို့ သူ မရည်ရွယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ဓာတ်က သူများနှင့်မတူဘဲ နည်းနည်းဆန်းသည်။

အမျိုးသမီးကလေးတွေကို သူ့ညီမလေးနှင့် အမြဲနှိုင်းယှဉ်မြင်ယောင်ပြီး စာနာသနားတတ်သည်။ ငွဲ့ညှာမိသည်။ အကြည့်ရိုင်းရိုင်းပင် သူ့မှာရှိမနေခဲ့ပါ။

တစ်ခါက နှစ်ခါကြည့်ဖို့ ဝန်လေးအားနာမိတာ နှမချင်းစာနာလို့ပါပဲ။

ဒါကို မာနကြီးသည်၊ ဘဝင်ကိုင်သည်ဟု ထင်ချင်သူကရှိသေးသည်။

သူ လက်ထပ်ဖို့ ချစ်သူလေးအဖြစ် ရွေးချယ်ထားသော မိန်းကလေးကလွဲ၍ တခြားဘယ်မိန်းကလေးကိုမှ သူ ဂရုတစိုက်မကြည့်ချင်ပါ။

ခုထက်ထိတော့ ဘယ်ကောင်မလေးကိုမှ ချစ်သူအဖြစ် သူ မရွေးချယ်မိသေးပါ။ သူ့ဘဝသည်အလွန်တရာ တည်ငြိမ်အေးမြနေခဲ့ပါသည်။

"မောင်မြင့်မိုရ်. . အားမနာနဲ့နော်. . ထည့်စား၊ အန်တီတင် စီစဉ်ထားတာတွေရော ကြိုက်ရဲ့လားကွယ့်"

"အရမ်းကြိုက်ပါတယ် အန်တီ"





သူ့ရှေ့မှာ ကောင်မလေးသုံးယောက်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မျက်ခုံးပင့်ပြတာ သူ မကြည့်ရပါဘဲ တွေ့လိုက်ရသည်။

မျက်နှာချင်းဆိုင်ထိုင်နေတော့လည်း မြင်သာတာပေါ့။

ခဏကြာတော့ သူမတို့သုံးယောက် ခေါင်းလေးတွေဖူးကပ်ကာ တွတ်တွတ် တွတ်တွတ်နှင့် ဘာတွေတိုင်ပင်နေမှန်းမသိပါ။

စောစောကလို ခက်ရင်းလေးတွေ ဇွန်းလေးတွေ မလှုပ်တလှုပ်မဟုတ်တော့ဘဲ အားပါးတရ ရဲရဲတင်းတင်း စားလာတာ သတိပြုမိသည်။

"ရေခဲတုံးပေးစမ်းပါ ဒေစီရာ"

"ဟာ. . ဘယ်ကရေခဲတုံးလဲ . . ရေခဲရေပြောပါဟဲ့"

အပြောလေးနှင့် လိမ္မော်လေး အပြန်အလှန်ပြောတာကို အဖြူလေးက အားပါးတရပြုံးသည်။

သူ့ကို အေးတိအေးစက်နိုင်လိုက်တာဟု စောင်းမြောင်းပြောရော့သလား။ ဘယ်လိုလေးတွေပါလိမ့်။ ကြည့်တော့ ဒေါ်းမလိုလို ပုံလေးတွေ။ ရွှတ်နောက်လှောင်ပြောင်တတ်ကြသလား။

"ဆောရီး. . စကားမှားလို့ . . ရေခဲရေ"

www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ် နူးညံ့စွာပြုံးလိုက်ရင်း ပုလင်းထဲမှ ရေခဲရေဖန်ခွက်လေးထဲ-သွက်လက်စွာငှဲ့ထည့်ပြီး လိမ္မော်ရောင်လေးရှေ့ချပေးလိုက်၏။

သူ့အပြုအမူကို သုံးယောက်စလုံး တအံ့တသြ မော့ကြည့်၏။

သူက နောက်ထပ်နှစ်ခွက်ထည့်ကာ သုံးယောက်စလုံးရှေ့ ချပေးလိုက်ပါသည်။

"ကျေးဇူးပဲနော်"

ဘေဘီက မျက်လုံးလေး ထောင့်ကပ်ရင်း တိုးတိုးချိုချိုပြောသည်။

အန်ကယ်ဦးအောင်က ထမင်းဝိုင်းကို ပိုမိုစိုပြည်အောင် စကားတွေပြောနေ၏။

မြင့်မိုရ်လည်း ဦးအောင်တို့မိသားစုနှင့် တွေ့ရတာ ပျော်လာသလိုရှိသည်။

"အန်ကယ်တို့ မိသားစုကို ကျွန်တော်လဲ ပြန်ကျွေးပါရစေ . . တစ်ရက်လောက် ဖိတ်လုပ်ထားရအောင် . . ခင်နာပဲ ကောင်းပါတယ်"

"ဟာကွာ မဟုတ်တာ . . မင်းက တစ်ယောက်တည်း



သာစားတာ . . အန်ကယ်တို့က မိသားစုလိုက်ဆိုတော့"

"ကိစ္စမရှိပါဘူး အန်ကယ်ရာ . . ကျွန်တော်က စေတနာပါလို့ ကျွေးမှာပါ . . အန်ကယ် မငြင်းပါနဲ့ဗျာ . . လာမယ့် ဆန်းဒေးပေါ့ . . မကောင်းဘူးလား၊ ပိတ်ရက်ဆိုတော့ အားလုံးလဲ အားလပ်မှာပေါ့ . . အဆင်ပြေရဲ့လား"

မြင့်မိုရ်စကားကို ဦးအောင်တို့မိသားစုက လက်ခံလိုက်ပါသည်။

စကတည်းက သည်ကောင်လေးနှင့် သမီးတစ်ယောက်ယောက်ကို ရင်းနှီးသွားစေချင်တာပဲလေ။

သည်လို လူကောင်းလေးကို ဦးအောင် သားမက်တော်ရွေးချယ်ခေါ်လာခဲ့တာပဲ မဟုတ်လား။

ဘာများ ငြင်းဆန်စရာရှိမှာလဲ . . ။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဒီပါက မဂ္ဂဇင်းစာအုပ်ကို တဖျတ်ဖျတ်လှန်ကြည့်ရင်း ဘယ်သွားရင်ကောင်းမလဲဟု စဉ်းစားနေမိသည်။

ဝင်းကလည်း ရန်ကုန်မှာမရှိ။ သူ့မေမေနှင့် သူတို့ဇာတိ မြို့သို့ ခဏသွားလည်နေသည်။

သူငယ်ချင်းကလည်း ရှားပါးလိုက်တာနော်။

ဒီပါက စိတ်ထဲမှ ညည်းညူလိုက်သည်။

စိတ်တူကိုယ်တူ ပြောမနာဆိုမနာ သူငယ်ချင်းသာ ရှားတာပါ။

အပေါ်ယံတိမ်တိမ်ကလေး ခင်မင်တာတွေကတော့



ဆစ်ပုံကြီး ပုံလို့။

"သမီးငယ်. ."

"ရှင်. ."

"မေမေ ဟိုဘက်ခြံခဏသွားမယ်. . အိမ်မှာပဲနေ နော်. . ကြားလား"

"မီး လိုက်မယ်"

စာအုပ်ကို ပိုက်ထားရင်း လူက မတ်တပ်ရပ်ပြီးသား။

"မလိုက်နဲ့ သမီးရယ်"

"ဟင်. . ဘာလို့"

မေမေက လက်ကလေးကာပြသည်။

"မလိုက်ပါနဲ့ သမီးရယ်. . ဟိုဘက်က မညိုက သူတို့ အိမ်ထောင်ရေးအကြောင်း တိုးတိုးတိတ်တိတ် တိုင်ပင်ချင်တာတဲ့ . . သမီးလိုက်လို့ ဘယ်ဖြစ်ပါ့မလဲ. . နေခဲ့နော်. . သမီးဖေဖေဆီက ဖုန်းလာရင် မေမေ ဟိုဘက်အိမ်မှာ လို့ပြော. . ကြားလား. . ဘာမှာလဲ မှတ်ထားဦး"

"ဟာ. . လိုက်ချင်ပါတယ်ဆိုမှ"

"မီးငယ်နော်. . ကလေးနဲ့မဆိုင်တာ"

"မေမေတို့ပြောတာ ဘယ်သူက နားထောင်မှာမို့လို့



www.burmeseclassic.com

www.burmeseclassic.com



လဲ. . အန်တီညိုတို့အိမ်မှာ ပူးလေးတွေထပ်ပေါက်ထား တာ ကြည့်မလို့”

“ကြည့်ချင်ရင် နောက်မှသွားစမ်း”

“ဟွန်း . . ဘာမှန်းလဲမသိဘူး”

ဆိုဖာပေါ် ဝုန်းခနဲထိုင်ချရင်း နှုတ်ခမ်းစူပေမယ့် မေမေက ဂရုမစိုက်ပါ။တဖျတ်ဖျတ်ဆင်းသွားတော့သည်။

တော်တော်ဆိုးတဲ့ ကောင်မလေး။

တော်တော်ဆိုးတဲ့ မေမေပါလား။

ဘယ်တော့မှ အလိုမလိုက်ဘူး။

မဂ္ဂဇင်းစာအုပ်ကို တဖျတ်ဖျတ်နှင့် အကြမ်းအရမ်းလှန် လှောပစ်လိုက်သည်။

“ကဲ. . မလိုက်နဲ့ . . . မလိုက်နဲ့”

“တူ. . ”

“တူ. . တူ. . တူ”

ဖုန်းသံမြည်လာတော့ ဒီပဲ့မျက်နှာလေး ဝင်းခနဲလက် ၏။

ကဲ. . ဘယ်သူဖြစ်ဖြစ် တရှည်တလျားပြောတော့မည်။ နားညည်းပေအုံးတော့။





မေမေဖြစ်ဖို့က များပါတယ်လေ။

“ဟဲလို”

“ဦးအောင်တို့ အိမ်ကလားခင်ဗျာ”

ဆွဲအားဖါသော အသံသိမ့်သိမ့်ကြောင့် ဒီပါ နှုတ်ခမ်း လေး ပွင့်သွားရသည်။

သည်အသံ မကြားဖူးပါဘူး။

“ဟဲလို”

“ဟုတ်ပါတယ်ရှင်”

“ဦးအောင်နဲ့ ပြောချင်ပါတယ်”

“ဖေဖေ မရှိပါဘူးရှင့်”

“အန်တီမေရော”

“မေမေလား. . ရှိတယ်. . ရှိတယ်”

“ရှိရင် ခဏပြောချင်တယ်”

ဖုန်းခွက်ကို လက်ကလေးနှင့်အုပ်ပြီး မေမေ့ကိုယ်ကြီးကို ကြည့်မိသည်။မေမေက ခြံတံခါးကိုဖွင့်၍ထွက်သွားပြီ။ အော်ခေါ်လည်း မကြားလောက်တော့ပါ။

“မေမေ မရှိဘူး”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လူ နားလည်ရခက်သွားပုံ။ ခဏ တိတ်သွား၏။ပြီးမှ . .

"ခုပြောနေတာ ဘယ်သူလဲ"ဟု ခပ်ဆတ်ဆတ်မေးသည်။

ဒီပါ့အပေါ် အမြင်တမျိုးဖြစ်သွားပုံပါ။

"ခုပြောနေတာရော . . ဘယ်သူလဲ"

သူမ ပြန်မေးလိုက်သည်။

"မြင့်မိုရ်အောင်မာ"

"အယ် . ."

လျှာလေးတစ်လစ်ထုတ်ကာ သူမ ကျေနပ်သွားသည်။

ဘယ်ဆိုးလို့လဲ၊ ဖုန်းတွေဘာတွေဆက်လို့။

မသဲကွဲသေးသည့် စိန်လက်စွပ်ပိုင်ရှင်အတွက် ဝမ်းသာပေးလိုက်ပါတယ်။ ဘယ်သူရရ။ ဒီပါကတော့ ပျော်မှာပဲ။ သုံးယောက်စလုံး ဒီပါ့ မမတွေပဲဟာ။

"ဟော့ . . ဖြေလေ"

"ဒီပါ ပါရှင်"

"ဩော် . ."

"မမေက ခုပဲ ဟိုဘက်ခြံကို ကိစ္စရှိလို့ ထွက်သွားတယ် . . ခေါ်ပေးရမလားဟင် . . ခဏတော့ စောင့်ရမယ်"

သိမ်မွေ့သော အသံလေးကြောင့် မြင့်မိုရ်အောင်မာ ကျေနပ်သွားသလို ရှင်းပြပုံလေးက ဖြူစင်ရိုးသားသည်။

"မင်းကို မှာခဲ့လို့ရမလား"

"ဒီပါ့ကို . ."

"အင်း . ."

"သိပ်တော့ စိတ်မချရဘူးရှင့် . . ဒီပါက မေ့တယ် . . တော့ မေ့နေရင်လဲ မမေ့သလိုလိုနဲ့ တလွဲပြောတတ် တယ်"

"ဘာ . ."

"မေ့တာကို မေ့လို့ပဲလို့ ဝန်မခံချင်ဘူးလေ"

ဘယ်လိုဟာလေးပါလိမ့်။

"ဒါဆိုလဲ မမှာတော့ပါဘူး"

"အရေးကြီးလား"

"ဘာဖြစ်လို့လဲ"

"အရေးကြီးရင်တော့ ဗိုက်ဘုတ်မှာ ရေးထားပေးမယ်"

ဒါနဲ့များကွာ။

မြင့်မိုရ် သက်ပြင်းရှိုက်သည်။

"ရေးရမှာလား"







www.burmeseclassic.com

www.burmeseclassic.com



တသွေမတိမ်း လိုက်နာတတ်သော တပည့်လိမ္မာလေး မေးပုံကြောင့် မြင့်မိုရ်ရင်ထဲ တမျိုးကြီးဖြစ်သွား၏။

ဘဝင်ကျသွားတယ်လို့ ခေါ်ရမလားပဲ။

"မရေးနဲ့တော့ကွာ . . ကိုယ်ပဲ ပြန်ဆက်လိုက်မယ်"

"အင်း . . ဟင်း"

"အန်ကယ်နဲ့ အန်တီကို မြင့်မိုရ်အောင်မာက ဖုန်းဆက်တယ်ဆိုတာပဲ ပြောထားပေး . . မေ့မှာလားဟင်"

"အဟိ . . ခစ် . . ခစ် . . ခစ်"

"ဟား . . ဘာဖြစ်တာလဲ"

အသားလွတ် အော်ရယ်တော့ မြင့်မိုရ် မျက်ခုံးကြီး တွန့်ချိုးသွားသည်။

အရှုးလိုလို အကောင်းလိုလို ဘယ်လိုဟာလေးလဲ။

ဘာကို ဘယ်လိုနားလည်ရမှန်းပင် မသိတော့ပါ။

"ကန်တော့ . . ကန်တော့ ဦးမြင့်မိုရ်အောင်မာကို ရယ်တာ လုံးဝမဟုတ်ဘူးသိလား . . ဒီမှာ မင်္ဂလာဖင်းဖြစ်နေတာ ဟာသက အရမ်းပီပြင်လို့ ရယ်မိတာပါ"

"ဖုန်းပြောရင်းနဲ့ မင်္ဂလာဖင်းဖြစ်နေတယ် ဟုတ်လား"

သည်ကောင်မလေး ညာပြန်ပြီဟု ထွေးမိသည်။





"ပြောတာတွေ ကြားရဲ့လား"

"ကြားသားပဲ . . ဖေ မေတို့ပြန်လာရင် ဦးမြင့်မိုရ်ဖုန်းဆက်တယ်လို့ ပြောပေးဆိုတာလေ . . ဘာလို့ မကြားရမှာလဲ"

အလွတ်ကျက်ထားသော စာတစ်ပုဒ်ကို ဆရာက ဆိုပြသလို တတောက်တောက် ရွတ်ပြတော့တာ။

"ကဲ . . ဒါဆို ဖတ်နေတာ ဘာဟာသလဲ ပြော"

"အဟား . . တကယ် ရယ်ရတာ . . 'လှိုင်ထိပ်ခေါင်တင်'သာရှိရင် ပရိစနစ်နဲ့ ဟဲဗီးဘောလယ်တစ်ခွေ ထွက်မလား ပဲတဲ့"

"မရယ်ရဘူးလား . . ဟိ . . ဟိ . . ဟိ"

သူမ အပြောလေးကို သူပါ ရယ်ချင်သွားမိသည်။

"ဘယ်လထုတ်၊ ဘယ်မင်္ဂလာဖင်း၊ စာမျက်နှာဘယ်လောက်ဆိုတာ ပြောရဦးမလားဟင် . . ရတယ် အားမနာနဲ့"

"တော်ပါပြီကွာ"

သူ တိုးသဲ့သဲ့ ရယ်လိုက်မိသည်။

"မင်္ဂလာဖင်းခဏထားပါဦး . . ခု မင်းဘာလုပ်နေလဲ"

"ဟောတော့ . . မင်္ဂလာဖင်းဖတ်နေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ ဘယ်သူမှမရှိဘူးလား"

"အင်း . . ဒီပါ တစ်ယောက်တည်းပဲ . . မေမေက သေသေချာချာ အိမ်စောင့်ခိုင်းသွားတာ . . မမအေမီက ဗိုလ်ချုပ်ဈေးသွားတယ် . . မမဘေဘီက ကွန်ပျူတာတက်နေတယ်လေ . . မမဒေစီက ဒီအချိန် သူ့အေရှိုးဗစ် သင်တန်းရှိတယ် . . မရှိကြဘူး . . ညပိုင်းဆို တစ်ခါတစ်လေရှိတတ်တယ် . . ခုတော့ ကြီးငုံရယ်၊ မလုံးရယ်ရှိတယ် မီးဖိုခန်းထဲမှာအဲ . . ကားမောင်းတဲ့သူလဲမရှိဘူး . . မမဘေဘီနဲ့ပါသွားတယ် . . ကိုတာတော့ ခြံထဲရှိသလားပဲ . . မေမေကတော့ . . "

"အင်း . . အင်း . . ဟုတ်ပါပြီ"

မြင့်မိုရ်ရင်ထဲ ပေါ့ပါးလန်းဆန်းသွားသလိုရှိသည်။

စားပွဲပေါ် ရှိနေသော အလုပ်တွေ ထားရစ်ကာ ဖုန်းပြောခြင်းမှာ လုံးလုံးလျားလျား နစ်မြုပ်သွားတာ။

ဦးအောင်မှာ သည်လောက် စကားကြွယ်သောသမီးလေးတစ်ဦး ရှိထားသတဲ့လား။

"ဒီနေ့ အိမ်မလည်ဘူးလား"

ဟိုတစ်ရက် မရှိတာကို ရည်ရွယ်ပြောမိခြင်းပါ။

"အိမ်မလည်ပါဘူး . . သူငယ်ချင်းဆီသွားတာ . . ဒီပါ





ပြန်ရောက်တော့ ခြံထဲမှာ စားပွဲနဲ့ခုံတွေပဲကျန်တော့တယ်"

ဆိုလိုရင်းကို လှစ်ခနဲသိသော ပါးပါးနပ်နပ်ကလေးပါလား။

"ဒီပါက မိုးချုပ်တာကိုး"

"ဝင်းတို့အိမ်မှာ တီဗွီသွားကြည့်တယ်လေ . . ကြာမှာပေါ့"

"အိမ်မှာ မကြည့်ရလို့လား"

"ကြည့်ရပါတယ် . . အဲဒီညက မမတို့က အရင်ကြည့်နှင့်တာနဲ့ ဒီပါက မစောင့်နိုင်ဘဲ အိပ်ပျော်သွားလို့"

ဒီပါက ရယ်သံလေးတစ်ဝက်တစ်ပျက်နှင့် ဆိုသည်။

"အိမ်စောင့်နေရစ်ဆိုတော့ နေသားပဲ"

"အမယ်လေး . . မပြောချင်ပါဘူး . . မေမေပေါ့ ဒီပါလိုက်မယ်ဆိုတာ မခေါ်ဘူးလေ . . ဟိုဘက်အိမ်က အန်တီညိုက အိမ်ထောင်ရေးအကြောင်း တိုးတိုးတိတ်တိတ် တိုင်ပင်မှာ မလိုက်ရဘူးတဲ့ . . ဒီပါကလဲ နားထောင်မှာ ကျလို့ စိတ်မဝင်စားပါဘူး . . အဖြစ်သည်းလို့ ခုပဲ တိတ်တိတ်ကလေး ခိုးသွားမလားလို့ တွေးနေတာ"

"အားပါး . . မင်းကတော့ စံပဲ"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ် လက်မြှောက်မိပါသည်။

တကယ့် ကလေးသာသာလေးပါလား။

တခစ်ခစ်ရယ်သံလေးက အပြစ်ကင်းလွန်းလှသည်။

"ဒါပဲနော်. . တာ့တာ ဘိုင့်ဘိုင်"

ချက်ချင်းလိုပဲ နှုတ်ဆက် ဖုန်းချသွားတော့လည်း သူမ. . ။

မြင့်မိုရ် ပခုံးတစ်ချက် တွန့်မိပါသည်။

*   *   *





"ဒါဆို မမဘောဘီ မလိုက်ဘူးပေါ့"

"ဘယ်တတ်နိုင်ပါ့မလဲ"

တနင်္ဂနွေ ညနေခင်း။

မြင့်မိုရ်က ဒီပါတို့ တစ်မိသားစုလုံးကို ညစာကျွေးဖို့ ထားခဲ့သောနေ့။ အဲဒီနေ့မှာမှ မမဘောဘီက မသွား သောညြီခံပွဲလေးနှင့် တိုက်ဆိုင်၍ မလိုက်ဖြစ်ပါ။

ဒီပါကလည်း မနေ့ကတည်းက ဖျားနေခဲ့သည်။

အရမ်းပူအိုက်တာကြောင့် စောစောစီးစီး ရေတဝချိုး မှာ နှာတွေချေ ချောင်းတွေဆိုးကာ ကိုယ်ပါပူလာတော့



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . သမီးလေးက လုပ်လိုက်ရင် ပစ်စလက်ခတ်. . မနက်အစောကြီး ရေထဲစိမ်ရသလားကွယ်"

ဒီပါ ဖျားတော့ မေမေ ညည်းညူသည်။ဆေးသောက်ဖို့ဂျီကျတတ်တာလည်း သူမ အကျင့်။

ခါးတယ်။အန်ချင်တယ်။ ရင်ပြည့်တယ်။ နင်တယ် တစ်မျိုးမဟုတ်တစ်မျိုး အကြောင်းပြ အချိန်ဆွဲတတ်သည်။

"သမီး. . အနွေးထည်ဝတ်ထားလေ"

မေမေက ဒီပါ့ကိုယ်လေးကို စမ်းကြည့်ရင်းပြောသည်။

သည်နေ့လည်တော့ အဖျားနည်းနည်းကျသည်မို့ မမတို့အခန်းဘက်သွားပြီး သူတို့ ပြောဆိုလုပ်ကိုင်သမျှ ငေးနေတာ။

"ဒီပါလေး. . ရှက်တယ်ဟေ့. . လွတ်ပြန်ပြီ"

မမဒေဝီက အနွေးထည်လေးလက်ထဲပိုက်ပြီး ထိုင်နေသော ညီမငယ်ကို ချစ်စနိုးစသည်။

"စီစီ . . မီးငယ်ကို မစနဲ့ကွယ်. . တော်ကြာ ကိုယ်ပူမကျဘဲ လိုက်နေဦးမယ်. . သူက ဖွတ်တရှုတ် မခံချင် စိတ်နဲ့ ထလိုက်ချင်လိုက်မှာ"

မမကြီးအေမီက ဟန့်တား၏။

"မလိုက်ပါဘူး"





"ညီမလေး စားချင်တာမှာလေ. . ဝယ်လာမှာပေါ့"

"ဘာမှ မစားချင်ပါဘူး"

"ဘာလေးမှန်းကို မသိဘူး"

မမအေမီက မှန်တင်ခုံပေါ်မှ နှုတ်ခမ်းနီဘူးတွေ သေချာစီနေရင်း ရေရွတ်၏။

"မီးငယ်. . လိုက်ချင်လိုက်ခဲ့လေ"

"မီး မလိုက်ချင်ပါဘူး မေမေ"

မေမေက လိုက်ခွင့်ပေးသည်။

"အိမ်မှာ သမီးလေးပျင်းနေမှာပေါ့"

"ဘာမှ မစားချင်ပါဘူး. . လိုက်လဲ ထိုင်နေရမှာ. . မီး အိမ်မှာပဲကျန်ခဲ့မယ်. . ကြီးငုံတို့ရှိသားပဲ"

မေမေက နေမကောင်းတော့ သူမကို ထားရစ်၍ သွားရမှာစိတ်မဖြောင့်ပုံ။

"ကဲ. . အခု မီး ဘာစားချင်လဲပြော"

"ကြေးအိုး သောက်မလား"

ကြမ်းပြင်ပေါ်မှာ လေ့ကျင့်ခန်းလုပ်နေသော မမဒေဝီက ဝင်မေး၏။

"သောက်မလား သမီး. . သောက်ရင် ဘာဘာနဲ့



www.burmeseclassic.com

www.burmeseclassic.com



မှာပေးမယ်"

"အင်း"

"လာ . . အိပ်ရာထဲလှဲနေရအောင်"

"အိပ်ရာထဲ မနေချင်တော့ပါဘူး မေမေရာ . . မှုန်းလွန်းလို့"

ဒီပါက မျက်နှာလေး ရှုံ့မဲ့ကာ ခေါင်းခါသည်။

"ဒါဖြင့် ဒီမှာ လာလှဲလေ"

မမဘေဘီက ခုတင်ကို ညွှန်ပြရင်း မေမေက ခေါ်၏။

"ဒီမှာပဲ ထိုင်ချင်တယ်"

ပြတင်းပေါက်ဘေးမှ ဒီပါက မခွာချင်ပါ။

"လေတိုက်တယ် သမီးရဲ့"

"လေတိုက်တာ ကောင်းတာပေါ့"

"တော်ကြာ အရမ်းအအေးမိသွားမယ်"

မေမေက သူ ဖြစ်ချင်တာကို ဖွတ် လက်လျှော့မည့်ပုံမရပါ။

မေမေ ကျေနပ်အောင် မမဘေဘီအိပ်ရာပေါ် သွားထိုင်နေလိုက်၏။

"မမဘေဘီ"





"ဟင်"

"အဖျားထားခဲ့မယ် သိလား"

မမဘေဘီက ကမန်းကတန်း လက်ကာသည်။

"မလုပ်ပါနဲ့ . . မဖျားချင်ပါဘူး ဒီပါလေးရယ်"

"ထားခဲ့ရမှာပဲ"

"ရော့ . . မနေ့ကရွှေးလာတဲ့ ဓာတ်ပုံတွေကြည့်"

ဒီပါ ပလတ်စတစ်အိတ်ထဲမှ ဓာတ်ပုံလေးတွေ တစ်ပုံချင်းထုတ်ယူကြည့်နေမိပါသည်။

"သမီးရေ . . ဝင်းဝင်းလာတယ်"

ကြီးငုံ လာပြောတော့ ဝမ်းသာအားရ မျက်နှာလေးဝင်းသွားရသည်။

"ဒါဆို ဒီပါအဖော်ရပြီ"

ခုတင်ပေါ်က လွှားခနဲခုန်ဆင်းပြီး ဧည့်ခန်းကို ထွက်လာခဲ့မိသည်။

ဖျားနေတယ်ဆိုတာပင် မေ့ချင်ချင်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ဟုတ်လား"

မြင့်မိုရ်အောင်မာက ခေါင်းညိတ်ရင်း ပြုံးတုံ့တုံ့ဖြစ်သွားရပါသည်။

"သမီးလေးဖျားနေတယ်လေ"ဟု အန်ကယ်ဦးအောင်က သတင်းပေးတော့ ဘာရယ်မဟုတ် သူ လစ်ဟာသွားကာ. .

ဒီပါဆိုတာလေးကို သူ ဘာလို့ မြင်ချင်မိမှန်း မသိပါ။

ဟိုတစ်ရက် ဖုန်းပြောပြီးကတည်းက သူ တွေ့ချင်နေတာ။

အန်တီတင်က ဒီပါ့ကို စိတ်မချပုံနှင့် ခဏခဏ အိမ်ကို





သတိရနေသည်။

"သူ့သူငယ်ချင်းလဲရှိပါတယ် မေမေရယ်"

ဒေစီက သူ့မေမေကို စိတ်မပူဖို့ ဖျောင်းဖျသည်။

"အဲဒီသူငယ်ချင်းရှိလို့ စိုးရိမ်ရတာ. . မဖြစ်ပါဘူး မေမေမြန်မြန်ပြန်မှ. . တော်ကြာ ဝင်းနဲ့နှစ်ယောက် အပြင်ထွက်ပြီး စိတ်ကူးတည့်ရာ လျှောက်စားနေမှဖြင့်. . "

မြင့်မိုရ်အောင်မာဘက် လှည့်ကြည့်ပြီး အန်တီက အားနာမိတာတွေ၊စိတ်မအေးနိုင်တာတွေ ပြောပြသည်။

"ကိစ္စမရှိပါဘူး အန်တီ. . ကျွန်တော် နားလည်ပါတယ်"

"ကဲပါ. . တင်တင်ရယ် စိတ်အေးအေးထား အပြင်ထွက်ပြီး မတည့်တာစားလဲ ဆေးများများတိုက်လိုက်"

ဦးအောင်က ရယ်ရယ်မောမော ဝင်ပြော၏။

"အန်တီက အပ္ပါခေါ်လာဖို့ ကောင်းတာ. . မျက်စိရှေ့ဆို စိတ်မပူရဘူးပေါ့"

"မလိုက်ဘူးတဲ့လေ. . နေမကောင်းတော့ အလိုလိုက်ရတာ"

"လိုက်လာလဲ မေမေ့ကို တစ်မျိုးမဟုတ်တစ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ဂျိကျနေမှာပဲ. . ဒီပါက ကလေးလိုပဲ"

မမအေးမီကလည်း စကားဝိုင်းထဲ ဝင်လာသည်။

မြင့်မိုရ်က စကားပြောလိုက်၊ထမင်းစားလိုက် လုပ်နေပေမယ့် စိတ်ထဲမှာ မတင်မကျ။

မနက်ဖြန်တော့ အန်ကယ်ဦးအောင်တို့အိမ် သွားပြီး လူမမာ သတင်းမေးဖို့ ဆုံးဖြတ်လိုက်သည်။

* * *





ဧည့်ခန်းမှာ တစ်ဦးတည်း ထိုင်နေရသော မြင့်မိုရ် ပျင်းသာမိပါသည်။

မျက်စိရှေ့ ကြည့်နေသော တီဗွီကိုလည်း စိတ်မဝင်စားတော့ပေ။

ညီမလေးကလည်း သူ့သူငယ်ချင်းနှင့် အပြင်ထွက်နေသည်။

သူလည်း သည်နေ့ ရုံးမှာ ဘာကိစ္စမှ ထွေထွေထူးထူး မရှိတာနှင့် အိမ်မှာပဲ နေမိတာ။

ညနေပိုင်းမှာတော့ မိတ်ဆွေတစ်ဦးနှင့်ချိန်းထားတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးသည်။

တီဗွီကို ရီမုခ်နှင့် လှမ်းပိတ်ပြီး ဆိုဖာကိုမှီကာ မျက်လုံးတွေ စုံမှိတ်ထားမိသည်။

"ဟယ်. . ကိုကို အိပ်နေလား"

ညီမလေး ပြန်ရောက်လာပြီဆိုတာ သိ၏။

"မအိပ်ပါဘူး"

မျက်လုံးမဖွင့်ဘဲ ဖြေမိသည်။

"ကိုကို"

"ဟင်. ."

"လှမမာ သတင်းမေး သွားမယ်ဆို"

"အင်း. ."

ဒီပါတို့အိမ်သွားဖို့ ညကတည်းက ဆုံးဖြတ်ထားခဲ့တာပါ။

မနက်တုန်းက ညီမလေးကိုလည်း ပြောထားမိသည်။

"ကိုကို မေ့နေလား"

သူ မေ့နေသည်မှတ်၍ ညီမလေးက သတိပေးသည်။

"မမေ့ပါဘူး. . ဟုတ်တယ်. . ခုပဲ သွားလိုက်မယ်"

"ကိုကို ဘာဝယ်သွားမှာလဲ"





"မသိပါဘူးကွာ. . သူ ဘာစားလို့ရမလဲ မသိဘူး"

"ဘာစားချင်လဲလို့ ဖုန်းဆက်မေးလိုက်ပေါ့"

"အဲဒီလောက်မှ မရင်းနှီးတာ"

ညီမလေးက တခစ်ခစ်ရယ်သည်။

"ဘာရယ်တာလဲဟ"

"မရင်းနှီးပဲ သတင်းမေး သွားရသလား"

"အန်ကယ်တို့နဲ့ ရင်းနှီးတယ်လေ"

ပြုံးစိစိဖြစ်နေသော ညီမလေးကို တစ်ချက်ကြည့်ရင်း. . .

"ပေါက်စနလေးကွာ. . တကယ့်ချာတိတ်. . စ, စရာမဟုတ်ဘူး ညီမလေးရဲ့"

"ဟင်. . ဘယ်မှာ စလို့လဲ"

သူပြောမှပဲ ပို စ,စရာ ဖြစ်တော့သည်။

မြင့်မိုရ်က ထပြီး ရေမိုးချိုး အဝတ်အစားလဲသည်။

လမ်းမှာ တစ်ခုခုတော့ ဝင်ဝယ်သွားမှဟု တွေးမိသည်။

သည်ကောင်မလေးကရော အိမ်မှာ ရှိမှ ရှိပါ့မလား။

နေမကောင်းလည်း သူ့ပုံစံက လျှောက်သွားချင်သွားနေမှာ။တဖွတ်ထိုးဆန်ဆန်လေး။

www.burmeseclassic.com

www.burmeseclassic.com



အန်တီတင်က သည်းသည်းလှုပ်ဆိုတော့ သူမပိုပြီး ချွဲကောင်း ဆိုးကောင်းနေတာ။

မနေ့တုန်းကဆို အန်တီတင်မှာ မလှဲသာ မရှောင်သာ ပါသလာရတာ။စိတ်က သမီးဆီမှာ တထင့်ထင့်။

အငယ်ဆုံးတစ်ယောက်ကို အန်ကယ်ဦးအောင်နှင့် အန်တီတင်တို့ တော်တော်အချစ်ပိုကြတာ သူ သတိပြုမိ သည်။

ဒီပါလေးကလည်း အချွဲပိုလေးနေမှာ။

သူတောင် တစ်ခါဖုန်းပြောဖူးပြီး ခင်မင်စိတ်ဖြစ်သွား သေးတာ။

ငယ်ငယ်လေးကတည်းက ယုယပိုက်ထွေးခဲ့ရသော မိဘတွေဆိုလျှင် သူမအပေါ် ဘယ်လောက် အဖြစ်သည်း လိုက်မလဲ။

"ကိုကို"

"ဟင်"

"ကလေးလေးဖို့ ခွေးပွရှပ် ဝယ်သွားပေါ့"

ညီမလေးက သူ့အခန်းဝလာရပ်ပြီး နောက်၏။

"အရှပ်နဲ့ဆော့တဲ့ အရွယ်လဲ မဟုတ်ဘူးကွ"

"ကိုကိုပဲ ကလေးဆို"





"သိပ်ကလေးဆန်တာကို ပြောတာ"

"ကိုကိုနဲ့ ဘယ်တုန်းက သိသွားတာလဲ"

"ဟိုတစ်ရက်က အန်ကယ်အောင်ဆီ ဖုန်းဆက်ရင်းသိ သွားတာ. . အရမ်းစကားတတ်တဲ့ ကောင်မလေး ကိုကို တစ်ခါ မှ မမြင်ဖူးသေးဘူး"

"ကိုကိုနော်"

ညီမလေးက လက်ညှိုးလေးနှင့် သတိပေးသည်။

"ဘာလဲကွ"

"ခုကတည်းက ချစ်စနိုးပုံစံ ဖြစ်နေပြီ"

"ဟုတ်လား. . ကိုကို သတိမထားမိဘူး"

"ဘာလဲ. . ဟွန်း. . ကလေးလေးဆို မကြိုက်ပါနဲ့ ကိုကို ရာ စိတ်ပျက်စရာ. . ကိုကို စိတ်ညစ်ရမှာ"

"ဟုတ်ကဲ့ပါ. . ဆရာမကြီးရယ်"

မြင့်မိုရ်က ခေါင်းညိတ်သည်။

"ကျွန်တော်ကလဲ ကြိုက်ဖို့နေနေသာသာ. . ဘာမှ စိတ်ကူးမရှိပါဘူးခင်ဗျာ. . ဝတ္တရားကျေ လူနာသတင်းမေး သွားမှာပါ"

"မသိပါဘူး. . ကိုကိုကြည့်ရတာ သိပ်ပျော်နေသလား



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ"

"မမြင်ဖူးပေမယ့် သူ့ကို ခင်နေမိတာတော့ အမှန်ပဲ. . ပွင့်ပွင့်လင်းလင်းလဲရှိတယ်. . ရိုးသားပုံလဲရတယ်"

"မကောင်းတာလဲ တစ်ခုမှ မပါဘူး"

"ဟာ. . မဟုတ်ဘူး ဆိုးတာတွေ ရှိတာပေါ့. . ဟိုတစ်နေ့က အိမ်လည်နေတယ်. . သူ့အမေစကားဆို ဟုတ် ကဲ့ဆိုပြီး တလွဲလုပ်ချင်တယ်"

"ညီမလေးတော့ အံ့သြတယ်"

"ဘာကိုလဲကွ"

"ကိုကို့စိတ်ပေါ့. . မမချောချော သုံးယောက်တောင် ရှိနေတာ"

"ဟာ. . ဘာဆိုင်လဲ"

မြင့်မိုရ်က အကျီကော်လံကို ရေမွှေးဆွတ်ရင်း "နိုး. . နိုး"ဟု ခေါင်းခါသည်။

"ဒီကောင်မလေးကို ကိုကိုက ချစ်သူ အိမ်ထောင်ဘက် ရွေးဖို့ စာရင်းထဲတောင် မထည့်ပါဘူးကွာ. . ကိုကို ရွေးရင် ဘောဘီကိုပဲ ရွေးမိလိမ့်မယ်. . ဒါပေမယ့် မသေချာသေးဘူး"

"ကိုကိုက မမဘောဘီကို ရွေးဖို့တွေးနေပြီ ဟုတ်လား. . ဘယ်ဆိုးလို့လဲ မမဘောဘီက ချောလားဟင်"

"အင်း . ."

"ဒါနဲ့များ မမဘောဘီဆီ ဖုန်းလေးဘာလေး မဆက်ဘူး"

"ဆက်ဖို့ မလိုသေးလို့ပါ"

"မမဘောဘီက ရည်းစားမရှိဘူးလား"

"မသိသေးဘူး"

"ဟွန်း. . မမိုက်ပါဘူး"

"ရည်းစားရှိလဲ ကိုကိုက ဝမ်းမနည်းပါဘူး. . ညီမလေးရယ်"

"ကိုကိုက ဘယ်လိုကြီးလဲ"

"ဒီလိုပါပဲ. . အားလုံးထဲမှာ အကြိုက်ဆုံးဆိုဟာကို စိတ်အေးအေးထား ရွေးလိုက်တာပဲရှိမယ်. . ခံစားမှုတွေ ဝေဒနာတွေ ဘာမှ လွန်လွန်ကဲကဲ မပါဘူး"

"ဟင်း. . ပျင်းစရာကြီး"

"ဘာလို့လဲ. . ညီမလေးရဲ့"

"ကိုကို့ဟာက အကျီတစ်ထည် ပေးသလိုမျိုးကြီး . ရှိနေတဲ့ အကျီတွေထဲက မျက်စိထဲ အလှဆုံး အကြိုက်ဆုံးလို့

www.burmeseclassic.com



ထင်တဲ့အရောင်အသွေး ပုံစံကို ရွေးဝယ်လိုက်သလိုပဲနော်”

“ဒီလိုလဲ မဟုတ်ပါဘူး”

“အေးတိအေးစက် မင်္ဂလာဆောင်ရမှာ ပျော်စရာ မကောင်းလိုက်တာ”

“ဖြစ်သင့်တာတစ်ခုကို ခေါင်းနဲ့လုပ်လိုက်တော့ လူမနာဘူး.. နှလုံးသား အနာတရမဖြစ်ဘူး.. စိတ်ဒဏ်ရာလဲ မရဘူးပေါ့ကွာ”

“ညီမလေးကတော့ အဲဒီလို သွေးမအေးနိုင်ပါဘူး”

“အင်း.. ဒါဆိုရင် အနာဂတ်ကာလဟာ ပူလောင်မှာပေါ့”

“တကယ်ချစ်ပြီး တကယ်ယူပြီး သာယာနေတဲ့သူတွေလဲ အများကြီးပါ ကိုကိုရာ”

“ကိုကို မငြင်းပါဘူး”

မြင့်မိုရ်က လက်ခံသည်။

“ကိုကို့မှာ အဲဒီလောက် သည်းသည်းလှုပ် ချစ်ရမယ့် မိန်းကလေး မရှိသေးတာကွ.. ဘယ်တတ်နိုင်မလဲ”

“ကိုကိုက သည်းသည်းလှုပ် ချစ်တတ်တဲ့ နှလုံးသားလဲ ရှိမှ မရှိတာ”





“ညီမလေးတို့လို စိတ်ကူးယဉ်တဲ့အရွယ် မဟုတ်တော့ဘူးလေ.. လက်တွေ့ကျကျ ဘဝကို ရင်ဆိုင်ဖြတ်သန်းချင်တယ်”

“မမဘေဘီကို ဘယ်နေ့ကတည်းက ကိုကိုရွေးလိုက်တာလဲဟင်.. ပြောပါအုံး.. ဘာကြောင့် ရွေးလိုက်တယ်ဆိုတာ”

“စမိတ်ဆက်ပေးကတည်းက ရွေးလိုက်တာ.. မရွေးသေးပါဘူး လျာထားတာ.. သုံးယောက်စလုံးတို ဟို လူလိုလို ဒီလူလိုလို လုပ်လို့ မရဘူးဆိုတာ ကိုကိုနားလည်တယ်..

အန်ကယ်ဦးအောင်က အဆင့်အတန်းမြင့်တာ.. ယဉ်ကျေးတာ.. နူးညံ့တာ.. သမာသမတ်ရှိတာ ကြိုက်ပုံပဲ.. ကိုကို ရှောင်ရှည်လည် လုပ်နေရင် မကောင်းဘူးလေ”

“မမဘေဘီက ရိပ်မိလားဟင်“

“မသိဘူး.. ဒါပေမယ့် မနေ့က သူမပါဘူး”

“တမင်နေခဲ့တာလို့ ကိုကိုက ထင်လား”

ညီမလေး မေးလိုက်မှ သူတွေးမိသည်။အစကမြင့်မိုရ်ဘာမှတောင် မစဉ်းစားမိတာ။

“သူက ဘာလို့ နေခဲ့ရမှာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ပဲများတာ နေမှာပေါ့"

"ရှင်းရော"

ညီမငယ် မှတ်ချက်ကို သူ ရယ်မိပါသည်။

"တမင်နေခဲ့တာတော့ ဟုတ်မယ် မထင်ပါဘူး"

တွေးတွေးဆဆရေရွတ်တော့ ညီမလေးက ရယ်သည်။

" ဘာလို့လဲဆိုတော့ နေခဲ့စရာ ဘာအကြောင်းမှ မရှိလို့ပဲ"

"ကဲပါ ကိုကိုရယ်. . သွားစရာရှိတာလဲ သွားပါတော့ ညီမလေးတောင် ဦးနှောက်စားလာပြီ"

"အင်း. . သွားမယ်. . ညီမလေး လိုက်မလား"

"မလိုက်တော့ပါဘူး. . နောက်တစ်ရက်မှ မမဘောဘီကို လိုက်ကြည့်တော့မယ်. . မြှင်ဖူးအောင်လို့လေ"

"ဟော့ . . ဟော့. . အဲဒီလို ပေါ်ပေါ်ထင်ထင် သိသိသာသာကြီး သွားမလုပ်ပါနဲ့. . ဟိုက ဘဝင်မြင့်မှ ခက်မယ်"

"မမယောင်းမလေးလို့ ခေါ်ပစ်လိုက်မယ်"

"သွားပြီ. . ညီမလေးကို ပြောပြမိတာ မှားပြီ"

သူ ထွက်လာတော့ ညီမလေးက လက်ကလေးပိုက်ရင်း ရယ်လျက် ကျန်ရစ်ခဲ့သည်။





ကားမောင်းလာရင်း သူ့နှုတ်ခမ်းတွေ အလိုလို ပြုံးနေမိပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသံမြည်လာတော့ အနားမှာ "ဒီပါ"ပဲ ရှိနေသည်။

ဧည့်ခန်းကျယ်ကြီးထဲမှာ ဒရင်းဘက်ခ်ချရင်း ဒီပါ စာကျက်နေတာ။

စာမေးပွဲကလည်း ကပ်လာ၊စာတွေကလည်း ကျက်ဖို့နေနေသာသာ ဘယ်စာက ဘယ်ဘာသာရပ်မှန်းတောင် မသဲကွဲသေးသော ဆိုးဆိုးရွားရွား အခြေအနေ။

"ဝင်းရေ. . ငါ အောင်ပါ့မလား"လို့ သွေးရူးသွေးတန်းမေးပြီးမှ စာအုပ်စာရွက်တွေ အကုန်ရှေ့ချ။ဟိုတစ်ခု ကောက်ကိုင်လိုက်၊သည်တစ်ခု ကောက်ကိုင်လိုက်နှင့် ဘယ်ကစလို့





ဘာကျက်ရမှန်းမသိ ဖြစ်နေတုန်း။

အစတုန်းက သွားလိုက်လာလိုက်၊ပျော်လိုက်မော်လိုက်နှင့် သက်တောင့်သက်သာ ရှိလိုက်တာ။အရသာရှိရှိနေခဲ့တဲ့ရက်တွေ နည်းလို့လား။

အတန်းလစ်ပြီး ရုပ်ရှင်သွားကြည့်လိုက်၊ တီဗွီကြည့်လိုက်၊ဝင်းနှင့် အပြင်ထွက်လိုက်၊ကင်တင်းန်မှာ အချိန်ဖြုန်းလိုက်နှင့် နေခဲ့တုန်းကတော့ ပျော်လိုက် သာယာလိုက်တာ။

ဖြုန်းဆို စာမေးပွဲ အချိန်စာရင်းကြီး ထွက်လာတော့မှ သရဲတစ္ဆေ မြင်ရသလို လန့်ဖျပ်ကာ မျက်လုံးပြူးမျက်ဆံပြူးနှင့် အယောင်ယောင်အမှားမှား ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။

ဟိုလူက "ဒီတစ်ပုဒ် အရေးကြီးတယ်"ဆို မှတ်လိုက်၊ဒီလူက "ဒါ ကျိန်းသေပါမှာဆို"မှတ်လိုက်နှင့် စာအုပ်ထဲမှာသည်း မင်နီ၊ မင်ပြာ မင်နက်သာမက ခဲတံနှင့်ပါ မှတ်ထားလိုက်တာ ရှုပ်ပွလို့။

သည်လောက် ချောက်ချားသွားရသည့်ကြားထဲ နေမကောင်းပါ ဖြစ်လိုက်တော့ ပြီးပါလေရော။

သည်နေ့တော့ မနက်စောစော ဘုရားထိုင်ရှိုးပြီး စိတ်ငြိမ်အောင် ပုတီးစိပ်သည်။ပြီးတော့မှ ကျက်ဖို့စာတွေကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်အေးအေး ရွေးချယ်သည်။မေမေက စာအုပ်ကိုင်တာ မြင်တော့. . .

"နေကောင်းမှ ကျက်ပါ. . သမီးရယ်"တဲ့။

ဒီပါ မရယ်ဘဲ မနေနိုင်ပါ။

"မကျက်သေးပါဘူး. . အရင် ဘယ်အပုဒ်တွေ ကျက်ရမယ် ရွေးနေတုန်း. . ကျက်တဲ့ အဆင့်မှ မရောက် သေးတာ"

"ပိုပျို့သေးတယ် သမီးရဲ့. . နားနားနေနေပေါ့"

"ဒီပါ အောင်တော့ အောင်မှာပါနော်. . မေမေ"

"အောင်မှာပေါ့ သမီးရဲ့. . သမီးက စိတ်ပူနေလို့ပါ"

မေမေက ဒီပါ့ကို အားပေးပါသည်။

ဝင်းတလည်း ဖုန်းဆက်ပြီး. . .

"ဟိုပါ ဒီပါရေ ဝေလေလေ လုပ်မနေနဲ့. . စာကျက်တော့"

ဟု သတိပေး၏။

ညပိုင်းဆို ဝင်းနှင့်အတူ စာကျက်ကြဖို့လည်း တိုင်ပင်ထားသည်။

ခုမှ ခေါင်းချင်းရိုက်ပြီး ပျာယာခတ်နေသော ဒီပါတို့ကို မမတို့က ရယ်ချင်စရာလေးတွေလိုလို။





"အံမယ်. . ကဝ်ကျက်လည်း ဒီပါတို့က အောင်ပြီးသားသိလား. . စာမေးပွဲကျတာ ထုံးစံမရှိဘူး . . ကြည့်နေ"

"ဘယ်သူက ဘာများပြောမိလို့လဲ. . မလုံအိုးကြီးရယ်"

မလုံမလဲ ဖြေရှင်းတော့ ပိုရှက်စရာ ဖြစ်ရသည်။

အဆက်မပြတ် မြည်နေသော ဖုန်းလေးကို ခပ်ငေးငေး ထိုင်ကြည့်နေလိုက်၏။မြည်ချင်ခဲလောက်သာ မြည်စမ်း။

ဧည့်ခန်းမှာ နေရတာ မလွယ်ပါလား။

ဘဲလ်သံက ထမြည်လိုက်၊ဖုန်းက မြည်လိုက်နှင့်။

"ကျွတ်"

စိတ်ရှုပ်ရှုပ်နှင့် ဒရင်းဘက်ခ်ပေါ်မှ ထသည်။

"ဟဲလို"

ဖုန်းခွက်ကို စိတ်မရှည်စွာ မ,ယူမိ၏။

"မမယောက်မလောင်းလေး ရှိပါသလား"

"ဘာ"

တစ်ဖက်အမေးကြောင့် ဒီပါ အသံကျယ်သွားရသည်။

"ယောက်မလောင်းဆိုတာ ဘယ်သူ့ကို ပြောတာလဲ. . ခုဆက်တာ ဘယ်သူလဲ"

ခပ်ဆတ်ဆတ် ပြန်မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမဘောဘီ ရှိသလားလို့ မေးတာပါ. . မမဘောဘီနဲ့ စကားပြောချင်လို့ပါရှင်. . ခုပြောနေတာ ရွှေစင်အောင်မာပါ"

"ရွှေစင်အောင်မာ. . သြော် သိပြီ. . ဦးမြင့်မိုရ်အောင်မာရဲ့ ညီမလား"

"ဟုတ်တယ်"

ဒီပါ ခစ်ကနဲ ရယ်မိသည်။

မမဘောဘီတော့ ပွပြီ။စိန်လက်စွပ်ကို တန်းနေတာပဲ။ ကျွတ်. . ကျွတ်။မမအေမီနဲ့ မမဒေစီတော့ သွားပြီ။

"မမဘောဘီ ရှိသလားဟင်"

"မရှိဘူးရှင့်. . အပြင်သွားတယ်"

"ကိုကို ခုပဲ အဲဒီကို လာနေပြီ"

"ဦးမြင့်မိုရ်လား"

"အင်း"

"ရွှေစင်က မမဘောဘီကို ဘာပြောချင်လို့လဲ"

"ဘာမှ မဟုတ်ပါဘူး. . စ,မလို့ပါ"

"သြော်. ."

"မရှိလဲ နေလေ. . ဒါပဲနော်"

"တာ. . ခဏ. . ခဏ"





ဒီပါ မြန်မြန်ဆန်ဆန် တားလိုက်သည်။

"ဘာလဲဟင်"

"ဦးမြင့်မိုရ်က မမဘောဘီကို သဘောကျတယ်လို့ ရွှေစင့်ကို ပြောလို့လား. . ဟုတ်လား"

"အင်း. . ဟင်း. . ဟင်း. . ဟင်း"

ဒီပါက ကျိန်းသေ မေးထားလိုက်တာ။

ဖုန်းခွက်လေးကို ပြန်ချပြီး စာဝင် မကြည့်နိုင်တော့ပဲ မေမေရှိရာ မီးဖိုဆောင်ဘက် ထွက်လာခဲ့သည်။

"မေမေ"

"ဟင်. ."

မေမေက ဒီပါ့ကိုတွေ့တော့ မေးလေးဆတ်ပြရင်း. . .

"ဘာလိုချင်လို့လဲ သမီး"ဟု မေး၏။

"ပြောမလို့"

ထိုင်နေသော မေမေ့ပုခုံးကိုဖက်ကာ ပါးကို ရွှတ်ကနဲ မွှေးလိုက်သေးသည်။

ပြီးမှ နားနားကပ်ကာ ဘယ်သူမှ မကြားအောင် တိုးတိုးကလေး ပြော၏။

"ဦးမြင့်မိုရ်က မမဘောဘီကို သဘောကျသွားပြီတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

မေမေက နားမရှင်းလှသလို မေးတော့ ရွှေစင်ဖုန်းဆက်တာ ဒီပါ ပြန်ပြောပြလိုက်၏။

"သမီး . . ဘယ်သူမှ မပြောရဘူးနော်"

"အင်းပါ မေမေရယ် . . ပြောလဲ ဝင်းတစ်ယောက်ပါပဲ"

"အို . . ခက်ပါလား . . ဒါ ကလေးပြောစရာစကားလား"

မေမေက ဒီပါ့ကို မျက်လုံးပြူးလေးနှင့် ဟန့်တားသည်။

"မောင်မြင့်မိုရ် ဒီကလေးတွေ ပါးစပ်ထဲ ဒီစကားရောက်အောင် ဘယ်လိုများ လုပ်လိုက်ပါလိမ့်"

မေမေက ရင်ဘတ်ဖိသည်။

ဖုံးထားဖိထားရမည့် သတင်းစကားတစ်ခုသာ သူတို့ဆီရောက်သွားကြည့်၊ စပီကာနှင့် ကြေညာသလို ဖြစ်တော့မည်ဆိုတာ မေမေသိနေသည်။

"သမီးငယ်"

"ရှင် . ."

"လျှောက်မပြောရဘူးနော်"

"အင်းပါ"





"မောင်မြင့်မိုရ်က သူ့ညီမလဲ ဒီအိမ်က သမီးငယ်တို့ပဲဆိုတာ မသိဘူး ထင်ပါရဲ့"

မေမေက ရယ်ရခက် ငိုရခက်။

"သမီးက မနေနိုင်လွန်းလို့ မေမေ့ကို လာပြောမိတာပါ မေမေရဲ့"

သမီးငယ်ကို အပြစ်တင်ရခက်ခက် ဆူရခက်ခက်။

ရင်ထဲ မထားတတ်တာ မျိုသိပ်နိုင်စွမ်း အားနည်းတာ သိထားပြန်တော့လည်း တစ်ခါတလေ သနားမိသည်။

"မေမေ့ကို ပြောပြီးပြီမဟုတ်လား . . ကျေနပ်လိုက်တော့"

"အင်းပါ . . မေမေရဲ့"

"မီးငယ် . . ကော်ဖီသောက်မလား"

ဒီပါက ခေါင်းလေး ဆတ်ကနဲ ညိတ်ပြရင်းမှ . . .

"ဩော် . . မေမေ . . ဦးမြင့်မိုရ်ဇာ ဒီကိုလာနေပြီတဲ့သိလား . . ခြံတံခါးဖွင့်ပေးဖို့ ကိုတာကို မီး ပြောထားလိုက်မယ်နော် မေမေ"

"အင်း . . အင်း"

မေမေက ဒီပါ့ကို လှမ်းကြည့်ပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"သမီး ဦးမြင့်မိုရ်ရလာရင် စ,တာ နောက်တာတွေ မလုပ်ရဘူးနော်. . ကြားလား. . ကိုယ်နဲ့ မဆိုင်တာကို ဝင်မပါရဘူး"

"အင်းပါ. . မေရဲ့"

"ခုတော့ တအင်းအင်းခေါင်းညိတ်. . ပြီးမှ ထင်ရာလုပ်"

"မလုပ်ပါဘူး . . မေမေ"

ဒီဖါ ဘယ်လိုပဲ ကတိပေးပေး မေမေက စယုံတယ်။ စိတ်မချနိုင်။

သူမက ကိုတာကို ခြံတံခါးဖွင့်ပေးဖို့ ပြောထားလိုက်ပါသည်။

မမဘောဘီ မသိသေးဘူး။သိရင် ဝမ်းသာလုံးဆို့သွားမှာပဲ။

အင်း . . အဲဒီနေ့က အကျီချုပ်ဆိုင်မှာ ဈေးများရကျိုးနပ်သွားလိုက်တာ။

အလှဆုံးပြင်ဆင်ပြီး အနွေးထွေးဆုံးအပြုံးနှင့် အပီအပြင် ညှို့ဝတ်ကျေလိုက်တော့ မြင့်မိုရ်ကြီး ပြိုကျသွားကာ လျှော။





မမဘောဘီ တော်သားပဲ။

ဒီပါ ကြားထဲက ဂုဏ်ယူဝမ်းသာနေမိသည်။

တစ်ခါတည်းနှင့် အသေအလဲ ကြွေကျအောင် ဘယ်လိုများ ပြုစားလိုက်ပါလိမ့်။

ဝင်းသာသိရင် တအံ့တသြဖြစ်ဦးမှာ။

"အဖြေ မထွက်သေးဘူးဟ" ဒီပါပြောတော့ သူ့မှာ မရှိုးမရွ ဖြစ်နေရှာတာ၊သိချင်လိုက်ရတာ မောကြီး လောကြီး။

ခုတော့ သိရပြီ။

ဝင်းကို သည်အတိုင်းတော့ ပြောလို့ မဖြစ်ပါ။

တစ်ခုခု ညှင်းပြီးမှ ပြောပြမည်။

သိချင်စိတ်နှင့် သည်မိန်းမ ဘာဖြစ်ဖြစ် အလွယ်တကူ ခေါင်းညိတ်လိုက်လျော့တော့မှာ။

ဒီပါက အားရပါးရ အှော်ရယ်ရင်း ပျော်လွန်းလို့ လှည့်ပတ် ကလိုက်သေးသည်။

ဘောင်းဘီရှည်အပွလေးနှင့် အကျီဘလောက်စ်ယက်ပြတ်ကလေးနှင့် ဒီပါ့ပုံစံက ကို့ရိုးကားရား။တစ်စင်ကလေးမှ သေသပ်ချပ်ရပ်ခြင်းမရှိ။

အမေ့. . မူးတယ်တော့။

www.burmeseclassic.com

www.burmeseclassic.com



နားထင်လေးထောက်ရင်း ဒရင်းဘက်ခ်ပေါ် အမြန်
ထိုင်ချရသည်။

ဖျားပြီးကာစဆိုတော့ ခေါင်းက ရိပ်တိတ်တိတ် မူးချင်
နေသည်။

"ဒီပါ. . ဘာဖြစ်လို့လဲ သမီး"

"မူးတယ်. . မေမေရယ်"

ကော်ဖီခွက်လေးယူပြီး ထွက်လာသောမေမေက
လန့်ဖျပ်သွားပုံရပါသည်။

"မူးရင် လှဲ့နေလေ. . ဆေးတွေပြင်းလို့ ထင်ပါတယ်"

"သမီးက အငြိမ်မှမနေတာ. . ပျာယာခတ်နေတာပဲ. .
သက်သာရဲ့လား . . နေအုံး ရှူဆေးသွားယူအုံးမယ်"

ကော်ဖီခွက်ကို စားပွဲပေါ်ချပြီး မေမေက ရှူဆေးဘူး
ပြေးယူရှာသည်။

အားနာပါးနာပြုံးရင်း မေမေယူပေးသော ရှူဆေးဘူး
လေးကို နွမ်းပျော့ပျော့ ရှူရှိုက်ရပါသည်။

"ဒီပါ စိတ်ပါလက်ပါ ထ,ကလိုက်လို့ ဖြစ်တာ. . မေမေ
မသိလို့သာပေါ့ . . သိရင် ဆူအုံးမှာ"

"သမီး အားနည်းနေတယ် ထင်ပါရဲ့"





"ဟာ. . မနည်းပါဘူး"

ဒီပါ အပြတ်ငြင်းပစ်သည်။တော်ကြာ ဆရာဝန်လာ
ရင် ဒရစ်ပ်ချိတ်ပါ၊အားဆေးသွင်းပါ လုပ်နေမှဖြင့် အခက်။

"ခေါင်းမူးတာ အားနည်းလို့ပေါ့ . . သမီးရယ်"

သွားပြီ. . . သွားပါပြီ။

"မမူးတော့ဘူး. . မေမေ"

မေမေက ဒီပါ့ကို ပြုံးကြည့်နေ၏။

"မူယာမာယာ များလွန်းတဲ့ သမီးလေး"ဟု ပါးလေးလိမ်
ရင်း ချစ်စနိုး ရေရွတ်သည်။

"မဟုတ်ပါဘူး မေမေရဲ့. . စောစောက တကယ်မူးပြီး
ခု သက်သာသွားတာ သိလား"

"ဒီပါလို့ ခေါ်ဖို့မကောင်းဘူး. . မျိုးမျိုးလို့ နာမည်
ပြောင်းပေးမှ ဖြစ်တော့မယ်နော် သမီး"

"မေမေကလဲ"

ဒီပါက မေမေ့ရင်ခွင်ထဲ ခေါင်းထိုးဝင်သည်။

မေမေ့ရင်ခွင်သည် ဒီပါ့အတွက် ချမ်းမြေ့စရာ ကောင်း
လွန်းလှပါသည်။

ဒီပါ့ကို သမီးလေးယောက်ထဲမှာ မေမေ အချစ်ဆုံးဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ဒီပါ ယုံကြည်သည်။အမြဲ ဦးစားပေးတာ ဒီပါ့ကို"

ခုချိန်ထိ ရင်ခွင်ထဲ တယုတယပိုက်ထွေးတုန်း။

ဒီပါ့ကိုယ်တိုင်က ကလေးဆန်တာလည်းပါသည်။

မေမေ့ကိုဆို ရှုတ်ခနဲ ရှုတ်ခနဲ နမ်းမိတုန်း။

ဒီပါ့ကို မေမေချစ်သလို ဒီပါကလည်း မေမေ့ကို အရမ်းချစ်ပါသည်။

* * *





ကော်ဖီခွက်ကို စားပွဲပေါ်ပြန်ချခိုက်မှာပဲ အိမ်ရှေ့ ခေါ်တီကိုအောက်မှာ ကားတစ်စီး တုံ့ကနဲရပ်တာ မြင်ရသည်။

ဒါ. . အိမ်ကကားတော့ မဟုတ်။

ဦးမြင့်မိုရ်ဆိုတဲ့ လူကြီးပဲဖြစ်မှာ။

ဒီပါ့မျက်နှာလေးက အလိုလိုပြုံးကျသွားရသည်။

အဲဒီလူကို ဒီပါ တစ်ခါမှ မမြင်ဖူးသေးပါ။

ကားတံခါးဖွင့်လိုက်တာ ကြားရသည်။တံခါးပြန်ပိတ်ပြီး အိမ်ပေါ် တက်လာတာလည်း သိ၏။

ဒီပါက ဒရင်းဘက်ခ်လေးမှာ မှီလှဲရင်း လှည့်ကြည့်

www.burmeseclassic.com



မိပါ။

မျက်စိရှေ့အထိရောက်လာမှပဲ ကြည့်ဖို့ ရည်ရွယ်သည်။

ဖက်ရှင်မဂ္ဂဇင်းလေးကို စိတ်ဝင်တစား ကြည့်နေလိုက်၏။

စာအုပ်တွေကြားထဲ မဂ္ဂဇင်းကလည်းပါသည်။

စာကျက်ရတာ ညည်းငွေ့လျှင် မဂ္ဂဇင်းလှန်လှောကြည့်ရော။

နေမကောင်းတကောင်းမို့ အချဉ်ထုပ်တော့ မေမေက လုံးဝပေးမစားသေးပါ။နို့မို့ဆို အနားမှာ အချဉ်ထုပ်တွေ ပုံနေရော။

"ဟင်. . ."

ခြေစုံရပ်ပြီး တအံ့တသြနှင့်"ဟင်"ကနဲ ရေရွတ်တော့ ဒီပါလည်း ဖျတ်ကနဲ မျက်လွှာလှန်ကြည့်သည်။

"ဘုရားရေ. ."

ဖက်ရှင်မဂ္ဂဇင်းလေးက ရင်ဘတ်ပေါ် အထိတ်တလန့် ပြုတ်ကျသွားသည်။

မြင်လိုက်ရတာကို မယုံ ။ဘယ်လိုမှ မယုံနိုင်ပါ။

သူ. . သူက မြင့်မိုရ်အောင်မာတဲ့လား။





ဒီပါက ဘယ်လိုမှ မထင်မှတ်ထားသော အကြောင်းအရာ။

ပါးစပ်ကလေး အဟောင်းသားနှင့် ဒီပါ ငေးကြောင်ကြည့်၍ အံ့သြနေသည်။

သူကလည်း ဒီပါ့ကို စူးစူးကြီး စိုက်ကြည့်လို့။

မှတ်မိသလိုလို ဘာလိုလို။

ဒီပါ့ရင်ခွင်ထဲမှာ "ဟာ"ခနဲ ဖြစ်ရသည်။

ကြေကွဲစိတ်က တလှိုက်လှိုက်တက်လာ၏။

မျက်လွှာတဖြည်းဖြည်းချရင်း ခြေစုံရပ်နေသော သူ့ခြေထောက်တွေကို ကြည့်နေမိသည်။

မထင်လိုက်တာ။

နှုတ်ခမ်းတွေခြောက်ကာ ရေငတ်လာသလိုလို။

ခေါင်းထဲမှာလည်း တဒိတ်ဒိတ်နှင့် မူးနောက်လာ၏။

ကံတရားကြီးက ဆန်းကျယ်လိုက်တာ။

သူ ဒီပါ့ရှေ့ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာရသလား။

ဒါပေမယ့်. . .

* * *



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ် တော်တော်ကလေး အံ့သြမိတာမှိ စကားပင် မဆိုနိုင်။

သည်ကောင်မလေး သိပ် သိနေသည်။

ဟိုးတစ်ရက်က စတိုးဆိုင်ထဲမှာ ဆုံဖူးသော. . .

မီးပွိုင့်မှာ ကားချင်းရပ် ဆုံဖူးသော. . .

သူမလည်း သူ့ကို သေချာမှတ်မိနေပုံ. . .

မျက်လုံးကလေး ပြူးကျယ်ရင်း အံ့သြသွားလိုက်တာ. .

ချက်ချင်းပဲ မျက်လွှာလေးချကာ လူကြီးစတိုင် ဖမ်းပစ်





တော့ကာ။

သူကတော့ ဒီပါဆိုတာလေးကို သူ သိသော ကောင်မလေးဟု ဘယ်တုန်းကမှ မတွေးခဲ့ဖူးပါ။

သူ့ထက်များစွာ ငယ်ပုံရသော မျက်နှာနုနုလေးနှင့် ကလေးပုံစံလေးကို သူ မမြင်ဖူးခင်ကတည်းက(ဖုန်းပြောပြီး ကတည်းက)ခင်မင်စိတ် ရင်ထဲ ရှိနေခဲ့ပါသည်။

ဖော်ရွေပွင့်လင်းသော အပြောလေးတွေကြောင့် ပဲလား။

ယဉ်ကျေး သိမ်မွေ့သော လေသံကြောင့်ပဲလားတော့ မသိ။

စတိုးဆိုင်မှာတုန်းက ဂျစ်တစ်တစ်နှင့် ဘာပုံလေးမှန်း မသိ။

အလကားနေရင်း ဘေးနား ရှိသူတွေကို စိတ်ဒုက္ခပေး နည်းရုပ်ကလေး ပေါက်နေသည်။

ခုတော့လည်း ကိုယ့်ရှေ့မှာ ငုတ်တုတ်လေး မျက်လွှာလေးချလို့။

"အိုက်တင် တော်တော်များတဲ့ ချာတိတ်မလေးပဲ"ဟု အောက်ချက် ချမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ဦးအောင်နှင့် အန်တီတင်က သူ့ကို "ဆိုးတယ်"ဟု ချစ်စနိုးလေး မပြောရက် ပြောရက် ပြောခဲ့တာ ဖြစ်မည်။

ခုလည်းကြည့် သူ ရပ်နေတာကိုပင် ထိုင်ပါ ဟု မပြောပဲ မလှုပ်မယှက် မဆိုင်သလို ငြိမ်နေတာ။

"မေမေရေ ဧည့်သည်"ဟုလည်း ခေါ်မပေး။

မြင့်မိုရ်အောင်မှာက ပင့်သက်ရှိုက်မိသည်။

ဖုန်းထဲက ကြားဖူးသော ဝေစီစီ ညင်သာသာ စကားသံလေးဟာ သူမ ပြောတာမှ ဟုတ်ရဲ့လား။

သူမ ဆီမှ ဘာ နွေးထွေးမှုမှ မရရှိပါ။

"ဘုရား . . ဘုရား"ဟု ရေရွတ်ပြီး ပြူးကြောင်ကြောင် လေး ကြည့်လိုက်တာ တစ်ခုပဲ ထူးခြားတာရှိသည်။

သည်ကောင်မလေး ဘယ်လိုပါလိမ့်။

လူမှုရေးလည်း နားမလည်။သူ့ကို မခေါ်မပြောချင်တာ မျိုးလား။

ကိုယ့်ကို "မသိဘူး"ဆိုရင်တော့ သူမ အတိအကျ ညာတာ။

ကိုယ်ပင် မှတ်မိသေးတာ သူမက မမှတ်မိရာလား။





သူလည်း သူမနှင့် မနီးမဝေးမှာ ရပ်နေရင်း ဘာဆက် လုပ်ရမှန်း မသိတော့ပါ။

သူမဘေးရှိ ခုံမှာပဲ ဝင်ထိုင်ရမလား။ဒါမှမဟုတ် တိုးခပ်လှမ်းလှမ်းရှိ ဆိုဖာဆီပဲ လျှောက်သွားရမလား။

"အန်တီတင်ကော"ဟုပဲ မေးကြည့်ရမလား"

"ဒါ မင်းဖွဲ့ . . မင်း နေကောင်းရဲ့လား"ဟုပဲ ဆိုရ မလား။

ဝေခွဲမရခြင်းနှင့်အတူ တောင့်တောင့်ကြီး ရပ်နေမိပါ သည်။

မင်းဟာ ဒီပါဆိုတာ ကိုယ်တစ်ခါမှ ဆက်စပ်တွေးလို့ မရခဲ့သလို ကိုယ့်ကို ခုလို အေးစက်စက် ဆက်ဆံလိမ့်မယ် သို့လည်း မျှော်လင့် မထားခဲ့ဘူး။

စတိုးဆိုင်မှာတုန်းက မင်းမျက်လုံးတွေ ဘဖိတ်ဖိတ် လက်လို့။

ဖုန်းထဲမှာ စကားဆိုတုန်းက မင်းအသံလေးတွေ ချိုချိုညက်လို့။

ခုတော့လည်း အဲသည်တစ်ယောက်ဟာ မင်းပဲ မဟုတ် သလိုလို။



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ် ဘာကိုဘယ်လို သုံးသပ် နားလည်ရမှန်း မသိပါ။

အိမ်က ညီမလေး အရွယ်ပဲမို့ သူမလည်း ကလေးစိတ် သာသာနှင့် ခုတစ်မျိုး ခုတစ်မျိုး ရှိနေမှာ သိသည်။

သို့သော် . . .

သူမက ညီမလေးထက်ပိုပြီး မူယာမာယာများနေ သလိုလို . . .

တကယ်ဆို နှုတ်ဆက်စကား တစ်ခွန်းဖြစ်ဖြစ်ဆိုပါ တော့လား ဒီပါ။ကိုယ်က မင်းဆီ ရောက်လာခဲ့သူလေ။ မင်းနဲ့ ဖုန်းထဲမှာ တရင်းတနှီးစကားဆိုခဲ့ဖူးတဲ့ မိတ်ဆွေတွေပဲ။မင်း သည် လောက်ကြီး မအေးစက်သင့်ပါဘူး ချာတိတ်ရာ။

အားမလို အားမရနှင့် မြင့်မိုရ် ပေတေရပ်နေမိသည်။

* * *





"ဟော . . မောင်မြင့်မိုရ် မတ်တပ်ကြီးပါလား ထိုင် လေ . . သမီးငယ် . . ဒါ ဦးမြင့်မိုရ်လေ သမီးလေးက မသိဘူး ထင်တယ်"

အန့်တီတင်က သူတို့အနားရောက်လာပြီး ခပ်ဖော် ရွေရွေပဲမိတ်ဆက်ပေးပြီး သူ့ကို ဒီပါ့ဘေးနားရှိ ခုံမှာပဲ ထိုင်ဖို့ ပြောသည်။

"အန့်တီ . . ဒီပါ့ဖို့ ဝယ်လာခဲ့တာ"

မုန့်တင်းတင်း မျက်နှာလေးကို မပေးချင်တော့တာမို့ အန့်တီကိုပဲ လှမ်းပေးမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးငယ်. . ကော်ဖီ သောက်ပြီးပြီလား"

"ဟုတ်ကဲ့"

ပြတ်တောင်းတောင်း အသံလေးနှင့် နှုတ်ခမ်းတွေက စူချင်ချင်။

"ဒီပါ. . ညှိုသည်ကို စကားပြောဦး . . သမီးဖျားနေတာဆိုလို့ လာကြည့်တာတဲ့"

ဒီပါက သူမမိခင်ကို မော့မော့ကလေး စိုက်ကြည့်သည်။ သူမ အကြည့်ထဲမှာ အဓိပ္ပာယ်ပေါင်းများစွာနှင့်. . .

"မေမေ"

"ဘာလဲ. . သမီးလေးရဲ့"

"မီး. . ခေါင်းတွေ မူးလာပြန်ပြီ"

ဟင်. . ဟုတ်လား. . ဒါဆို ဘီစစ်သောက်လိုက်. . နေဦး မေမေယူပေးမယ်နော်"

မြင့်မိုရ်က သူမကို တငေးတမောပဲ ကြည့်နေမိပါသည်။ ရင်ထဲမှာလည်း နားမလည်ခြင်းများစွာ ဖြစ်ရသည်။

ကိုယ့်အပေါ် ခါးခါးသီးသီးနှင့် အဆက်အဆံ မလုပ်ချင်တာကို ဘာကြောင့်မှန်း စဉ်းစားမရ။

သူမ ဘာဖြစ်လို့လဲ။





ဘာ မကျေနပ်လို့လဲ။

သိသိသာသာ မျက်နှာကလေးပျက်ပြီး တစ်ခုခုဖြစ်သွားတာတော့ ကျိန်းသေပါပဲ။

ကိုယ့်ကို ညှိုခံစကားပြောဖို့ မရည်ရွယ်တာလည်း ဖြစ်သည်။

သိတော့ စိတ်ထဲမှာ မျက်ခနဲလည်း ဖြစ်ရသည်။

"ရော့. . သမီးလေး ဆေးသောက်လိုက်နော် ကောင်းသွားမှာပါ. . စာအုပ်တွေ သိမ်းထားလိုက် မဖတ်နဲ့တော့နော်. . နေကောင်းမှ ဖတ်ပါလို့ မေမေပြောလဲ နားမထောင်ဘူး. . သိပ်ပြောရခက်တဲ့ကလေးကွယ် မောင်မြင့်မိုရ်ရေ. . သူ ဒီအတိုင်း ဆက်နေမကောင်းဖြစ်နေလို့က အန်တီတင် အရင်အမောဆို့ သေနိုင်တယ်"

သူ တစ်ခုခု ပြောဖို့ ပြင်ပြီးမှ မပြောဖြစ်ပါ။

တကယ်တန်းကျတော့ သူနှင့် ဒီပါ မရင်းနှီးသေး။သူမက ကိုယ့်ကို သူစိမ်းဆန်ဆန် ဆက်ဆံသောအခါ ကိုယ် ပို၍ နောက်တွန့်သွားရပါသည်။

"ကလေးလိုပဲကွာ. . မင်း ဒီလောက် မဆိုးသင့်ပါဘူး ဒီပါ"ဟု ကိုယ်ပြောချင်တာပါပဲ။သို့ပေမယ့် သူ့နှုတ်ခမ်းက



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းပိတ်နေသည်။

မတူမတန်နီသလို မှုတင်းပဲတင်း ပုံစံလေးကြောင့် ရင်ထဲ ခိုအောင်းနေခဲ့သော ခင်မင့်စိတ်ကလေး ဘယ်ရောက်သွားမှန်း မင် မသိတော့ပါ။

အန်တီတင်ပေးသော ဆေးလုံးကို လှမ်းယူသောက်နေ တော့ သူမက. . .

"မေမေ. . မီး အိပ်ချင်ပြီ" ဟု မပွင့်တပွင့်ဆိုသည်။

"ခုလို လာကြည့်တာ ဦးမြင့်မိုရ်ကို ကျေးဇူးတင် တယ်. . ဒီပါ အရမ်းမူးပြီး အိပ်ချင်လာလို့ သွားအိပ်တော့မယ် ခွင့်ပြုနော်"

"ဪ. . ရပါတယ်"

"ဦးမြင့်မိုရ် ဝယ်လာပေးတဲ့မုန့်ကို ဒီပါ ကြိုက်ပါတယ်. . စားလဲစားမှာပါ. . အရမ်းလဲ ကျေးဇူးတင်တယ်"

သည်လိုတော့လဲ ဒီပါလေးက မဆိုးဘူးပဲ။

နူးနူးညံ့ညံ့ကလေး နှုတ်ဆက်သွား။သူ အနည်းအကျဉ်း စိတ်ကျေနပ်မှု ရသွားအောင် ပြောတတ်သား။

မကျေမလည်စိတ်တွေ လျော့ပါးသွားရသည်။

"ကြိုက်ရင် နောက်နေ့ ဝယ်လာပေးဦးမယ်"





"အားနာစရာ"

"ရပါတယ်. . ဒီပါ ကြိုက်ဖို့ပဲ လိုတာ"

"ကျေးဇူးပဲ"

မြင့်မိုရ်က ဆိုဖာမှာ ပြောင်းထိုင်သည်။အန်တီတင်နှင့် စကားဆိုသည်။

ဒီပါက စာရွက်တွေ စာအုပ်တွေ အကုန်လုံး ကောက် သိမ်းပြီး စားပွဲပုလေးပေါ် မတင်ချင့်တင်ချင် ခပ်လေးလေး လှမ်းတင်ထားပြီးမှ ဒရင်းဘက်ခ်ပေါ်မှ ဆင်းသည်။

သူမကိုကြည့်ရတာ အားနည်းဖျော့တော့နေသည်ဟု ထင်မိတာကြောင့် အန်တီတင့်ကို မေးမိသည်။

"အန်တီ. . ဒီပါ့ကို အားဆေးလေးဘာလေး မစားခိုင် းဘူးလား"

"ပြောမနေနဲ့ ဆေးဆို သိပ်ကြောက်. . စောစောကပဲ မူးတယ်ဆိုလို့ အားဆေးသွင်းပေးမလား စိတ်ကူးတာ"

"သူ့ကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့"

"ဟုတ်တယ်ကွယ်. . စာမေးပွဲကလည်း နီးနေပြီ"

မြင့်မိုရ်က ဒီပါ့ဆီ လှမ်းကြည့်သည်။

ဂါဝန်ပြာဖျော့ဖျော့လေးနှင့် အိမ်က ညီမငယ်ထက်



www.burmeseclassic.com

www.burmeseclassic.com



ပိုငယ်နေပုံ။

"အိမ်မှာ ရွှေစင်လဲ ဒီလိုပါပဲ. . သိပ်ဒုက္ခပေးတာ"

"အင်း. . ရွှေစင်လေးက အသက် ဘယ်လောက်လဲ"

"နှစ်ဆယ့်နှစ်ကျော်ပြီ"

"သမီးလေးနဲ့ မတိမ်းမယိမ်းပေါ့"

"အင်း"

အန်တီတင်က လူကြီးပီပီ သူ့ကို ဒိုင်ခံ ဧည့်ဝတ်ကျေသည်။

သည်မိသားစုထဲမှာတော့ အန်တီတင်သည် လေးစားစရာ၊ခင်စရာ၊နှစ်သက်စရာ တော်တော်ကောင်းသည်။

အန်ကယ်အောင်နှင့် ပတ်သက်လို့ပဲ ဖြစ်ဖြစ်။

သမီးတွေနှင့် ပတ်သက်လို့ပဲ ဖြစ်ဖြစ်။

အိမ်ရှင်မတစ်ယောက်၏ တာဝန်ဝတ္တရားတွေ. .

လူမှုဆက်ဆံရေးတွေ. . .

မိခင်ကောင်းပီသတာတွေ. . .

မြင့်မိုရ် စကားပြောနေရင်း အန်တီတင့်ကို လေးစားလာရသည်။

အန်တီတင့်သမီး တစ်ဦးဦးကို ဘဝကြင်ဖော်အဖြစ်





ရွေးလျှင်လည်း မမှားနိုင်ဟု သူ့ကိုယ့်သူ စိတ်ချလာမိပါသည်။

အတွေးအခေါ် အယူအဆက အစ သည်မိသားစုနှင့် သူ နီးစပ်တာ ပိုသိလာ၏။

အန်တီတင်တို့က တည်ကြည်ဖြောင့်မတ်မှု၊ရိုးသားအေးဆေးမှုကို အထူးကြိုက်နှစ်သက်သူ။ရှုပ်ရှုပ်ယှက်ယှက် အလိမ်ကကျစ်ကို လုံးဝ အလျဉ်းမပတ်သက်ချင်ပုံ။

အတွေးအခေါ် အယူအဆကအစ နီးစပ်တာ ပိုသိသည်။

သူ့ကိုလည်း အန်ကယ်ဦးအောင်က နှစ်သက်သဘောကျလို့ မျက်စိထဲတွေ့လို့သာယုံကြည်စိတ်ချစွာ မိသားစုနှင့်ခေါ်တွေ မိတ်ဆက်ပေးတာမျိုး ဖြစ်နိုင်သည်။

သူကလည်း အန်ကယ်တို့၊အန်တီတို့ကို လေးစားမိတာဘယ်တုန်းကမှ ဘာစိတ်မျိုးမှ မကူးခဲ့ပါ။

သူ့သိက္ခာကို တန်ဖိုးထားသူတွေဆိုတော့ သူကပိုပြီးအနေအထိုင် ဆင်ခြင်နေရမည်။အပြောအဆို လိမ္မာရမည်။အမူအမှု ပြုတ်သားရမည်။

သက်ပြင်းတစ်ချက်ကိုရှိုက်ရင်း. . .

ဒီပါလေးနှင့်တတ်နိုင်သမျှ ကင်းကင်းရှင်းရှင်းနေသင့်၏။

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတစ်ခုခုဆို သူမက ကလေးလိုလိုချွေးလိုလိုနှင့် ဘာမှ ဆင်ခြင်ဉာဏ်ရှိတာမဟုတ်။

ဘာပဲပြောပြော သူ ဒီပါကို လန့်မိပါသည်။

ပြီးတော့ ဒီလို ကလေးသာသာလေးကို သူ အရော တဝင်လည်း မနေချင်ပါ။

အင်းလေ. . သူမကလည်း သူ့ကို ခပ်တန်းတန်း ခပ် မှန်မှန်ပါပဲ။

လိုက်လှဲဖော်ရွေမှု တစ်စက်ကလေးမှ ရှိတာမဟုတ်။

"မောင်မြင့်မိုရ်ရဲ့ မိဘတွေက ပြန်မလာကြသေးဘူးနော်"

"ဒီနှစ်ကုန်ရင် ပြန်လာမလားပဲ. . ဖေဖေတို့ပြန်လာမှပဲ ညီမလေးကို စိတ်အေးရမှာ. . ဒီမှာက ကျွန်တော်ပဲရှိတော့. ."

"ဟုတ်တာပေါ့. . မိန်းကလေးဆိုတာ အမေ့ရင်ခွင်က အရေးကြီးတယ်. . ငယ်သေးတဲ့အရွယ် မဟုတ်လား"

"တစ်ခါတစ်လေ ကျွန်တော်မကြိုက်တာကို သူက ချွေးလုပ်ချင်တယ်. . ပြောရဆိုရတာ ခက်တယ်. . အရမ်းဆိုး တာတော့ မဟုတ်ပါဘူး"

"ဒီပါလေးလိုပေါ့"

"အင်း . . အဲဒါကြောင့် မေမေ့ဆီ ဖုန်းဆက်ပြီး





ပြန်လာဖို့ ပြောထားတယ်. . ကျွန်တော်ကတော့ မေမေ့ဆို သင်တတ်. . မပြောတတ်ဘူးပေါ့"

"တစ်ခါလောက် အိမ်အလည်ခေါ်လာပါလား"

"ကောင်းသားပဲ. . ဒါမှ အန်တီလည်း ပြောဆိုလို့ရ မယ်"

"အင်း. . မီးငယ်လေးနဲ့တော့ အဖွဲ့ကျမှာပေါ့. . စိတ် ဓာတ်ကိုယ်တူတွေလေ. . မတည့်မှာ မပူရဘူး"

"ဟုတ်မယ်. . ဒီပါနဲ့တော့ ခင်သွားမှာပဲ"

"မောင်မြင့်မိုရ်ရဲ့ ခေါ်လာပေါ့"

"ခေါ်ခဲ့မယ်. . ခေါ်ခဲ့မယ်"

မြင့်မိုရ်က အပြုံးအေးအေးတစ်ခုနှင့် ခေါင်းညိတ် သည်။

ဒီပါနှင့်ရွှေစင် ပေါင်းမိသွားလျှင် ပိုပြီး ပြဿနာခတ် ချက်စိနောက်နေတော့မှာ သူတို့ မသိသေးပါ။

အကောင်းမြင်၊အကောင်းမျှော်စိတ်နှင့် သူမတို့ကို ဆွာပေးဖို့ပဲ စဉ်းစားမိကြသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်မိုရ် ပြန်သွားတော့ ဒီပါ ချက်ချင်းပဲ ဝင်းဆီ ဖုန်းဆက်သည်။

"ဝင်းရေ. . လာခဲ့ဦး"

"ဘာဖြစ်လို့လဲ ဒီပါရယ်"

"အရေးတကြီး ပြောစရာရှိလို့ပေါ့"

"အင်း"

"အိမ်မှာ ကားမရှိသေးဘူးဟာ. . ခက်တာပဲ"

"ဟာ. . ကားက ဘယ်သွားနေတာလဲ. . ဘယ်တော့မှ လာမှာလဲ. . ဒီပါ ပြောချင်လှပြီဟာ အရမ်းလဲ စိတ်ညစ် တယ်"





ဒီပါ့အသံလေးက စိတ်မရှည်သံ။အမောတကော လေး. .

"ကားက ခုပြန်လာမှာပါ. . ငါ လာခဲ့မယ် ဒီပါရာ. . လောလိုက်တာ ခုဆိုခုပဲ ဘယ်လိုဖြစ်တာလဲ. . ငါ ကားပြန် ရောက်ရောက်ချင်း လာမယ်သိလား"

"အင်း. . မြန်မြန်လာနော်"

"အေးပါ. . အေးပါ"

ဝင်းကလည်း ဒီပါ့စကားကို စိတ်ဝင်တစားပါပဲ။

"သမီး. . "

"ရှင်. . "

မေမေက ဒီပါ့ဘေး ရောက်လာသည်မို့ တုန့်ခနဲဖြစ်ရင်း မေမေ့ဘက်လှည့်ကြည့်သည်။

"ဘယ်သူ့ဆီက ဖုန်းလဲဟင်. . သမီး"

"မီးဆက်တာပါ. . ဝင်းဆီကို"

မေမေ တစ်စုံတစ်ရာ ဆက်မေးလိုက်မှာ ဒီပါ ထိတ်ပေမယ့် မေမေက ဘာမှ ဆက်မမေးပါ။ဒီပါ့စိတ်ထဲကို မေမေ ဘယ်လို သိမှာလဲ။

"သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ခေါင်းမူးရင် အိပ်ရာထဲလှဲနေရတာယ်"

"အင်းပါ မေမေရဲ့"

"တော်ကြာ မူးလဲရင်ခက်မှာ"

မေမေက ဖုန်းဆက်ဖို့ပြင်သည်။

"မေမေ ဖုန်းဆက်မလို့လားဟင်"

"အင်း. . ဟုတ်တယ်"

"မီး အခန်းထဲမှာလှဲနေမယ်နော်. . ဝင်း လာရင် အခန်းထဲလွှတ်လိုက်နော် မေမေ. . ဝင်းနဲ့သမီးက ကိစ္စရှိလို့"

"အင်း. . လာရင် လွှတ်မှာပေါ့ သမီးလေးရဲ့. . သွား လှဲနေ သွား. . အိပ်ချင်လဲ အိပ်ပျော်အောင်အိပ်လိုက်"

ဘယ်လိုလုပ် အိပ်ပျော်မှာလဲ မေမေရယ်။

ဒီပို့ရင်ထဲမှာ ဘာတွေဘယ်လို ဖြစ်နေမှန်း ဒီပါ မသိတော့ပါဘူး။

ဦးမြင့်မိုရ်အောင်မာကို မြင်လိုက်ရတာ ဒီပါ သွေးပျက်ခဲ့သည်။

ဒီပို့အိပ်မက်လှလှလေး စိတ်ကူးရှရှလေး ဝုန်းခနဲ ပြိုကျ ပျက်စီးရတော့မလိုလို။

ကျောင်းနှစ်တောင်စာအုပ်တိုက်



ကလေးဆိုပြီး အရေးမလုပ်လည်းနေပါ။

ဒီပို့အိပ်မက်လေးကိုတော့ အပျက်စီးမခံပါရစေနဲ့။

ဒီပါ သိမ်းထားပါရစေ။ မျှော်လင့်နေပါရစေ။

မဖြစ်နိုင်တာကြီးကို သူမ မရအရ တောင့်တနေသည်

ခဲ့။

သူမ စိတ်တွေ ယောက်ယက်ခတ်ကာ ထိန်းမရ သိမ်း

မရ။

လက်ဖျားတွေ အေးစက်ကာ ရင်ထဲမှာ မောကြီးပန်း

ကြီး။

ဘယ်လိုဝေဒနာကြီးမှန်းကို မသိပါ။

* * *

www.burmeseclassic.com



ဝင်းအခန်းထဲကို ဝင်လာတာမြင်တော့ မျက်ရည်က ပိုးပိုးပေါက်ပေါက်ကျသည်။

စိတ်ကိုတင်းထား၍မရတော့။

"ဟဲ့ . . ဘာဖြစ်လို့လဲဒီပါ"

ဝင်းက ထိတ်ထိတ်ပျာပျာနှင့် ခုတင်ပေါ် လာထိုင်သည်။

"ဒီပါ"

ဒီပါ့ ပုခုံးစွန်းကိုကိုင်ကာ ဘာမှန်းမသိ စိတ်ပူသွားရ၏။

"ဝင်း"

"ဟင်"





ငိုသံပါနှင့် ခေါ်တော့ ဝင်းလည်း ဘာလုပ်ပေးရမှန်း မသိပါ။

"ငါ့ . . ငါ့ရင်ထဲမှာ ဆို့နေတယ် သိလား"

"ဘာတွေဖြစ်ကုန်လို့လဲ ဒီပါရယ်"

ဒီပါက ဝင်းကိုဖက်သည်။

"နေစမ်းပါအုံး . . ငါ သိရအောင်လဲ ပြောစမ်းပါအုံး"

ဝင်းက မျက်နှာချင်းဆိုင်ရင်း အပြတ်မေးသည်။

"ဦးမြင့်မိုရ် လာသွားတယ်"

"အင်း . . အဲဒါ ဘာဖြစ်လဲ"

"ဦးမြင့်မိုရ်ဆိုတာ တခြားလူမဟုတ်ဘူး . . ဒီပါ ပြောပြနေတဲ့ ဒီပါနဲ့ ဆုံဖူးတဲ့လူ . . ဒီပါ အရမ်းအံ့သြတယ်"

ဒီပါက မျက်ရည်တွေကို သုတ်ပစ်သည်။

သူမ စကားတွေကြောင့် ငြိမ်ကျသွားသူက ဝင်း။

ဝင်းက ဒီပါ့အကြောင်းကို အရမ်းသိသည်။

ဒီပါ သည်လောက် အစွဲအလမ်းကြီးနေတာ၊သည်လောက်မျှော်လင့်ထားတာ ဖြူနီးဆိုတွေ့ရတော့ လန့်ပင် လန့်သွားရရှာမှာ။

ပြီးတော့ သည်လိုအနေအထားနှင့် . . ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလူကြီးမိဘတွေက ဒီပ့ါအစ်မ တစ်ယောက်ယောက်နှင့် ရည်ရွယ်ထားသော အခြေအနေ။

"ဝင်း . . နင် ဘာမှမပြောနိုင်တော့ဘူးမဟုတ်လား"

ဒီပါ ခေါင်းလေးတဆတ်ဆတ်ညိတ်ပြီး ပြောသည်။

"ဒီပါဆို ဘယ်လောက်တုန်လှုပ်မလဲ . . စဉ်းစားကြည့်စမ်းပါ"

"ဝင်း . . အံ့ဩသွားလို့ပါ"

ဝင်းက တဖြည်းဖြည်းရေရွတ်သည်။ပြီးမှ . .

"ဒါ . . ငိုစရာလဲ မဟုတ်သေးပါဘူးဟာ"

"ဟင် . . ငိုစရာမဟုတ်ရင် ပျော်စရာလား . . ရယ်စရာလား ပြောပါဦး . . အခြေအနေအကုန်လုံး ဝင်းသိပါတယ်"

"ဟုတ်တော့ ဟုတ်တယ်"

"ပိုဆိုးတာက . ."

ဒီပ့ါအသံလေးက တိုးပျော့တိမ်ဝင်သွား၏။

"ဦးမြင့်မိုရ်က ဒီပ့ါကို ကလေးလေးလိုပဲ သဘောထားတာ . . လုံးဝ လူရာမသွင်းဘူး"

"ဒါကတော့ ဝင်းတို့ ၊ ဒီပါတို့က ကလေးတွေပဲ . . ကလေးလိုပဲ သဘောထားမှာပေါ့ မဆန်းပါဘူး" .





"ဟင့်အင်း"

ဒီပါက ခေါင်းမာမာနှင့် လက်မခံပါ။

"ဒီပ့ါကို သူ စာရင်းထဲတောင် မထည့်ဘူး"

မျက်နှာလေး ရှုံ့မဲ့ရင်း ဒီပါဘယ်လိုမှ သည်းမခံနိုင်။

"သူနဲ့ ဒီပါ အရွယ်မှမတူပဲ . . အခြေအနေတွေလဲ မတူဘူး"

"ဒါပေမယ့်ဟာ . ."

"ကဲပါဟယ် . . ဒီလောက်လဲ ခံစားမနေပါနဲ့ . . နောက်တော့ သူ ဒီပ့ါကို အသိအမှတ်ပြုလာမှာပါ"

"မထင်ပါဘူး"

အားမရှိသလို ဖျော့ရော်ရော်မျက်နှာလေးကို ဝင်း လည်း ဘယ်လိုနှစ်သိမ့်ရမှန်းပင် မသိအောင်ပါ။

"သူက မမဘေဘီကို ရွေးမှာတဲ့သိလား"

"ဘယ်လို"

ဝင်းက မျက်လုံးလေးဝိုင်းအောင် အံ့ဩ၏။

"ဒီပါက ဘယ်လိုသိလဲ"

ဒီပါက 'ရွှေစင်အောင်မာ' ဖုန်းဆက်တာလေးကို ပြန် ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား . . ဟုတ်လား"နှင့် ဝင်းက ဒီပ့ါထက်ပင်ပို အံ့သြနေသေးသည်။

"ဒီပ့ါအတွက် ဘာမှအပြစ်တွေ ဖြေစရာမရှိဘူး သိလား"

"ဦးမြင့်မိုရ်က ဆုံးဖြတ်ချက် မြန်သွားပဲနော်"

"ဟုတ်တယ် . . မမဘောဘီတော့ စိန်လက်စွပ်ရပြီဆိုပြီး ဒီပါက ဝမ်းသာနေတာ . . ဦးမြင့်မိုရ်ရောက်လာမှ"

"ဟဲ့ . . မမဘောဘီက တိုလူကြီးရှိတယ်မဟုတ်လား"

ဝင်းက သတိရသလိုဆိုသည်။

"အင်းလေ"

"ဦးမြင့်မိုရ်ကို ကြိုက်မှာတဲ့လား"

"ဟိုလူကြီးကို မမဘောဘီက ကြိုက်ထားတာမှမဟုတ်တာ . . ဖေဖေတို့က ဦးမြင့်မိုရ်ကို သဘောကျတယ်ဆိုတော့ သူယှဉ်ရွေးမှာပေါ့"

"အင်းလေ . . ဇာတ်လမ်းက ပြတ်သလောက်ရှိနေပါပြီ"

ဝင်းက လက်လျှော့လိုက်ရပြီ။

"ဒီပါကရော . . ဒီပါကရော"

"ဒီပါက ဘယ်လိုလက်လျှော့နောက်ဆုတ်နိုင်မှာလဲ"

မျက်နှာလေးကို လက်ဖဝါးနှင့်အုပ်ရင်း ဒီပါက ရှိုက်





ငိုသည်။

"ငါ . . နောက်မဆုတ်နိုင်ဘူး ဝင်းရယ်"

"မဟုတ်သေးပါဘူး ဒီပါရာ . . စဉ်းစားပါဦး . . တော်ကြာ အရှက်ရစရာတွေ ဖြစ်နေပါ့မယ် . . လူကြီးတွေသိမှာ ဒီပါ မကြောက်ဘူးလား"

ဒီပါက အငိုရပ်ရင်း 'ဟင်'ခနဲ ရေရွတ်သည်။

"ဘာလို့သိမှာလဲ"

"ဒီပါ အနေအထိုင်မှားတာနဲ့ သိမှာ . . သူတို့က လူကြီး၊ ကိုယ့်လုပ်ရပ်ကို အပေါ်စီးက မြင်နေတာ . . စိတ်တင်းထားစမ်းပါ ဒီပါရယ်"

ဒီပါက နှုတ်ခမ်းလေးကို ဖိကိုက်သည်။

"ငါ သူ့ကို စွန့်လွှတ်ဆုံးရှုံးရမှာလား ဝင်း"

"နောက်တော့လည်း မေ့သွားမှာပါ"

"ငါ လွယ်လွယ်ကလေး စိတ်ကူးယဉ်ခဲ့တာ မဟုတ်ဘူး ဝင်း . . ဝင်းကပါ ဒီပ့ါကို ပြီးစလွယ်တွက်တာလား . . ဟုတ်လား"

"ဒီပ့ါကို နားလည်ပါတယ် . . နေမကောင်းတဲ့အခါမှာ စိတ်ဆင်းရဲမခံစေချင်လို့ တိုက်တွန်းတာပါ . . လောလောဆယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ မေ့ထားလိုက်ပါဟာ"

"ဝင်းက မခံစားရတော့ ပြောအားရှိတာပေါ့"

ဒီပါက စိတ်ညစ်ညစ်နှင့် ဝင်းဘက်လှည့် ရန်လုပ်သည်။

"ဟာ. . မခံစားရလို့ မဟုတ်ဘူး. . ဝင်းရော ဘာတတ်နိုင်မှာလဲ. . တစ်ခုခု လုပ်ပေးနိုင်တာရှိရင် စောစောက ဒီပါ မျက်ရည်ကျတာမြင်ကတည်းက လုပ်ပေးလိုက်ပြီ. . အခုကိစ္စက ဒီပါကော ဝင်းကော ဘာမှမတတ်နိုင်တဲ့ကိစ္စ"

"ဘာမှ လုပ်လို့မရဘူး . . ကဲ ဘာလုပ်လို့ရလဲ. . ပြော"

ဒီပါလည်း မဖြေနိုင်ပါ။ ခေါင်းတွေလည်း ကိုက်ခဲနေရပြီ။

"အချိန်တွေရှိပါသေးတယ် ဒီပါရယ်"

"ဒီပါ့အတွက် မျှော်လင့်ချက်ရှိသေးလို့လား"

"ကံတရားကို ဘယ်သူမှမပိုင်ပါဘူး. . အဲဒီ ကံတရားက ဒီပါ့ဘက်မှာ ရှိချင်လည်းရှိနိုင်တာပဲ. . ဘာမှပူစရာမလိုဘူး"

ကြံဖန်နှစ်သိမ့်သောစကားပေမယ့် အမှန်တရားပေမို့ ဝမ်းသာအားတက်မည်ဆိုလည်း အားတက်လောက်ပါပေရဲ့။

"စိတ်အေးအေးထားပြီး နေကောင်းအောင်နေ. . စာမေးပွဲကလဲ နီးနေပြီ. . စာတွေကျက်ရမှာ၊ ဟိုဟိုဒီဒီလျှောက်တွေးပြီးခံစားနေရင် နောက်တစ်နှစ် ပြန်ဖြေရမှာ. . အရှုံးပေါ် အရှုံးထပ် ထပ်သွားမယ်. . ဒီတစ်နေရာ ကံမကောင်းလို့ ခဏရှုံးနေရင်တောင် တခြားနေရာတွေမှာ အားလုံး အသာစီးရအောင် ဖိကြိုးစားသင့်တယ်"

ဒီပါက အငိုတိတ်သွားပြီး ဝင်းစကားတွေကို နားဝင်အောင်ပုံပါပဲ။

"ဦးမြင့်မိုရ်နဲ့ပတ်သက်ပြီး ဒီပါ ဘာတစ်ခုမှကြိုးစားလို့ မရပေမယ့် စာမေးပွဲက ကြိုးစားလို့ရတယ်. . စိတ်ညစ်စရာတွေ ခဏဖယ်ထားဦး. . စာမေးပွဲဆိုတာ အချိန်ရှိတယ်. . အချိန်နဲ့အခါနဲ့ လုပ်ရတာ"

"အင်းပါ ဝင်းရယ်. . ငါ စာကျက်မှာပါ"

"ဒီပါ ထိခိုက်ခံစားရမယ်ဆိုတာ ဝင်း သိပါတယ်. . ဘာမှမသိလိုက်ဘဲ အရှုံးကြီးတစ်ခု ဆုံးရှုံးမှုကြီးတစ်ခု လက်ခံလိုက်ရတာ ဒီပါ ကြေကွဲသင့်ပါတယ်. . ဒါပေမယ့် အဲဒီ ကြေကွဲရာနောက်မှာ ဆင့်ကဲဆင့်ကဲ အဆုံးအရှုံးတွေ မလိုက်လာအောင် အစွမ်းကုန် ကာကွယ်ထားရမှာပဲ"

ဒီပါက ငြိမ်သက်နေရင်း အကြာကြီးနေမှ ခေါင်း ညိတ်







www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒီပါ စိတ်မကောင်းလွန်းလို့ပါဟယ်။

"အင်း . . ဝင်းကိုခေါ်ပြီး ဝင်း ရောက်လာမှ မျက်ရည်ကျတာတော့သေးတာပေါ့ မဆိုးပါဘူး . . ဒီပါတော့တယ် . . ဦးမြင့်မိုရ်ကို ဘွားခနဲမြင်ရတော့ ဒီပါ လိပ်ပြာလွင့်မတတ်ပဲ . . ၊ သွေးရူးသွေးတန်းနဲ့ ထပြေးချင်တာ . . မျက်စိထဲ ဘာမှ မမြင်ဘူး . . စိတ်ကို အရမ်းတင်းထားရတာ"

"သူက ဒီပါ့ကို မှတ်မိလားဟင်"

"မှတ်မိသလိုပါပဲ . . ဒါပေမယ့် မသေချာဘူး . . သူ့ရင်ထဲဝင်ကြည့်နိုင်တာမှ မဟုတ်ဘဲ . . ကြည့်လိုက်ပုံကတော့ သိသလိုလိုပဲ"

"ဒီပါက မပြုံးပြလိုက်ဘူးလား"

"ဟင့်အင်း . . ဘာမှကို မသိတော့တာ"

စောစောတုန်းက အဖြစ်အပျက်ကို ပြန်တွေးရင်း ရင်ထဲမှာ လှပ်ခနဲ အေး၏။

"ငါလေ တကယ်ဖြစ်နေတယ်လို့ ခုထိ မထင်သေးဘူး"

"ယုံလိုက်ပါဟာ . . လက်ခံနိုင်အောင် တဖြည်းဖြည်း ကြိုးစားပေါ့"





ဒီပါ့မျက်နှာလေးက အတော်ကြီး နွမ်းနယ်နေသည်။

"လွတ်လပ်ပေါ့ပါးတဲ့ ပျော်ရွှင်ခြင်းတွေ ဆုံးရှုံးသွားပြီ ထင်ပါတယ်ဟာ . . ငါ့ဘဝမှာ ဒါ ပထမဆုံးဖြစ် ပေါ်ဖူးတဲ့ အချစ်ပဲ"

"ရူးမိုက်လွန်းတယ်လို့ ဝင်း မဝေဖန်ပါဘူး . . မေ့ပစ်ချင်တယ်လို့ပဲ သိတယ် . . ရအောင်မေ့ထားပါ"

ဒီပါက ခေါင်းအုံးလေးပိုက်ပြီး ငေးနေ၏။

ဝင်းက ဒီပါကြားအောင် စာတွေ အော်ကျက်ပေးသည်။

သူမက မကြားတစ်ချက် ကြားတစ်ချက် သွေးမူနေတုန်းတော့ ဘယ်လိုမှ ခေါင်းထဲဝင်မည်မထင်။

မေမေရယ် . . ။

ဒီပါ့အဖြစ်ကို မေမေ မသိဘူး။

မေမေသိရင်ကော စိတ်ထိခိုက်သွားမှာလား။

ဒီပါ့အတွက် တစ်ခုခု စဉ်းစားပေးမှာလား။

သူက ဒီပါ့အပေါ် နှစ်နှစ်ကာကာ မရှိဘဲ သူ့ကို ဒီပါ သိချင်ပါ။

သတင်းဆိုးကြီးက သူ့ထက်အရင် ဒီပါ့ဆီ ကြိုရောက် လာခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်သော ဖုန်းမဆက်ခဲ့ရင်။

ဒီပါ ခုလောက်ထိ ခံစားရမှာ မဟုတ်သေးဘူး။

ဦးမြင့်မိုရ်ရယ်. . .

ရှင်က မမဘေဘီကို ချစ်သတဲ့လား။

ဒါဟာ အဖြစ်သင့်ဆုံးပါပဲလို့ ရှင် မရောက်လာခင်အထိ ဒီပါလည်း တွေးထင်ထားခဲ့တာပါ။ဒါပေမယ့် အဲ သည် အဖြစ်သင့်ဆုံးသော အရာမှာ ဒီပါ့နှလုံးသားတွေ မွမွကြေသွားပြီ ဆိုတာတော့ အမှန်တကယ်ပဲ သိမနေခဲ့ပါဘူး။

"ရက်စက်တယ်"လို့ အပြစ်တင်ရင် ကံတရားကိုပဲ ပုံချ ရမှာ. . .။

"ရှင့်မှာ ဒီပါ့ကို မသိခဲ့ပဲ ရှင့်ဘဝထဲမှာ ဒီပါ မရှိ ကတည်းက ရှင်က ဆုံးဖြတ်ထားပြီးသား။

ခုမှတော့ ဘာမှားတတ်နိုင်မလဲကွယ်။

တတ်နိုင်သမျှတော့ ဒီပါ နောက်ဆုတ်တင်းခံနေ ပါ့မယ်။

အံလေးကြိတ်ရင်း ပေးနေမိတာ မျက်စိရှေ့ ဝင်းက လာထိုင်ပြီး ကြည့်နေတာပင် မမြင်ပါ။

"ဒီပါ. ,"





"ဟွန်း . ."

"ငါ ဆိုနေတာတွေ ကြားရဲ့လား"

"ခုချက်ချင်းကြီးတော့ ငါဘယ်လိုလုပ် နေသားကျ ဦးမှာလဲ ဝင်းရယ်. . အနာကျက်ချိန်အထိတော့ သည်း စောင့်ပါဦး"

"ဟာ. . မရဘူး. . စာမေးပွဲကပ်နေပြီ"

ဝင်းက စိတ်ရှုပ်လှသလို ခေါင်းတွေကုတ်ပစ်သည်။

သူငယ်ချင်းအတွက် ဘာလုပ်ပေးရမှန်းမသိပါ။

ခုလိုဆာဆို စာမေးပွဲ ဖြေနိုင်မှာ မဟုတ်ပေ။

တစ်ခုခုတော့ လုပ်ပေးမှ။

ဒီပါ့တို့ အိမ်ခေါ်သွားရမလား။ဝင်းပဲ ဒီပါနှင့် လာနေ ထိုက်ရမလား။

ဘာလုပ်ပေးရမှန်းပင် မသိတော့ပါ။

ဒီပါ့အတွက် စိတ်မအေးနိုင်ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



"မင်းရောက်လာတာ အတော်ပဲ. . လာ. . ခြံထဲ ဆင်းထိုင်ရအောင်"

မြင့်မိုရ်က ကိုစိုးပခုံးကို ဖက်ခေါ်သည်။

ခြံထဲမှာ နှစ်ယောက်သား ခုံချထိုင်မိတော့ ကိုစိုးက. .

"ရွှေစင်ရော"ဟု သတိရမေး၏။

"မင်းက ဘာလုပ်မလို့လဲ"

သူ ခပ်ဆတ်ဆတ် ပြန်မေးလိုက်သည်။

"မတွေ့လို့ပါ"

"ကယောင်ချောက်ချား လျှောက်ပြောမနေနဲ့. .





အေးအေးနေစမ်းကွာ. . ငါ ရွှေစင်နဲ့ ပတ်သက်ရင် သည်းခံမှာ မဟုတ်ဘူး"

"ငါ တကယ်"

"ဟော့ကောင်. . တော်စမ်းကွာ"

မြင့်မိုရ်က မျက်နှာကြီးမှည်းတက်ကာ စကားဆက်မခံပါ။

"အေးလေ. . ပြောမရတော့လည်း ခိုးပြေးသင့် ပြေးရမှာပေါ့"

"ငါ့ လက်သီးအကြောင်း မင်းသိသွားမှာပေါ့"

"ဒေါသလျှော့ပါကွာ"

"တ. . မင်း ဘာဖြစ်နေတာလဲ"

"တစ်ချိန်ချိန်လဲ တစ်ယောက်ယောက်နဲ့ ပေးစားရမှာပါဟာ"

"ဒါတော့ ဒါပေါ့. . ငါကတော့ ရွှေစင်ကို ကလေးလိုပဲ မြင်တယ်"

ကိုစိုး မျက်ခုံးကြီးရှုံ့ကာ စကားမဆက်နိုင်တော့။

"ငါ အဲဒီလို နှမသားချင်းစာလို့ ငါ့ကိုယ်ငါ သံပတ်ရေသည်တင်းထားတယ်. . ငါ ဘယ်တော့မှ မတရားတဲ့လူ မဖြစ်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်တုန်းက ဘယ်က ကလေးနဲ့ တွေ့ထားလဲ"

ကိုစိုးက စိတ်ဝင်တစား မေးပါသည်။ပြုံးချင်ချင်လည်း ဖြစ်သွား၏။

"မင်းက ငါ့ဝင်နှလည်ပြီဆိုပြီး ပြောနေတာလား . . ဟုတ်လား"

"မဟုတ်ပါဘူးကွာ"

သူ ပြောင်ညာလည်း မြင့်မိုရ်ရိသိသည်။ဝမ်းသာရိပ် စွန်းထင်းသော အကြည့်တွေကို ရိပ်မိတာပဲပေါ့။

ရွှေစင် ဆယ်တန်းအောင်စာရင်း မထွက်ခင် တစ်ပတ် လောက်အလိုမှာ သူနှင့် ကိုစိုး အကြီးအကျယ် ပြဿနာ တက်ခဲ့သည်။

"ကိုကို့သူငယ်ချင်းက ရွှေစင့်ကို လာကြိုပြီး လမ်းမှာ အအေးဆိုင်ဝင်တယ် . . မဟုတ်ကဟုတ်ကတွေ လျှောက်ပြော တယ်"

ရွှေစင်က ခုတောင် ကလေးဆန်တာ။အဲဒီတုန်းကဆို ပိုဆိုးသေး။အိမ်ပြန်ရောက်တာနှင့် "ကိုကို့သူငယ်ချင်းက"ဟု အစချီကာ တိုင်တော့တာ။

"ဟာ . . ဒီကောင်ကလဲ ဆင်ခြင်တုံတရား နည်းပါး





လှချေလား . . ရွှေစင်ပြန်ပြောမှာ မသိဘူးလား"

ကိုစိုးကို သူတော်တော် စိတ်ပျက်သွားသည်။

ခင်မင်ရင်းနှီးနေကြတာ သူ့ညီမ ကိုယ့်ညီမ စည်း တစ်ခုတော့ ရှိသင့်သည်ပဲ။သည်ကောင် လက်လွှတ်စပယ်နိုင် လှချေလား။

အဲသည်မှာတင် ကိုစိုးနှင့် သူ ပြဿနာတက်ကြတာ။

နောက်ကြာတော့လည်း သူငယ်ချင်းတွေပဲမို့ သူ စိတ်လျှော့လိုက်ပါသည်။

"ငါ့ညီမကို နောက်တစ်ခါ ဒါမျိုးလုပ်ရင် အသိပဲ"ဟု အပြတ်ကြိမ်းထားလိုက်တော့ ကိုစိုး မလှုပ်ရဲတော့ပဲ သူမှ တဆင့်သာ အရဲစွန့်မေးမြန်း ချဉ်းကပ်တတ်သည်။

"ပြောစမ်းပါဦးကွ . . မင်းဘယ်က ကလေးနဲ့ တွေ့ လာတာလဲ"

"မတွေ့ပါဘူးကွာ"

မြင့်မိုရ်က သက်ပြင်းရှိုက်သည်။

"တော်ကြာ မင်းလို ကလေး ရည်းစားစကားပြောမိရင် အရှက်ကွဲနေပါ့မယ်"ဟု ရယ်သံနှင့်ဆိုမိသည်။

"အေးကွာ . . ရွှေစင်က ဘာလေးမှန်းမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက ငယ်သေးလို့ပါကွာ"

"ငါ စိတ်လောသွားထယ်"

သူ့အမှား သူလည်း သိသားပဲ။

"ဒီတစ်ခါဆိုရင်တော့ ပိုဒိမ့်ပြောမယ်"

"မင်းကွာ. . အဲဒါတွေ ငါ့လာပြောနေရသလား"

"မင်းက သိထားတဲ့သူပဲ"

"တော်ပြီကွာ. . မင်းနဲ့ပြောရတာ ညစ်လာပြီ"

ကိုစိုး တဟားဟား အော်ရယ်နေ၏။

"ပြောလေကွာ မင်းဇာတ်လမ်းလေး"

"ထွေထွေထူးထူးလဲ မဟုတ်ပါဘူး"

မြင့်မိုရ်က ဒီပါနှင့် ဆုံခဲ့ရပုံတွေ ပြန်ပြောပြသည်။

"အဲဒီကလေးမက မင်းကို စိတ်ဝင်စားနေတယ်လို့ မင်းဆိုလိုတာလား. . ဟုတ်လား"

"အင်း. ."

မြင့်မိုရ်က စဉ်းစားချင့်ချိန်နေသေးသည်။နောက်မှ . .

"စိတ်ဝင်စားတယ်လို့ အဲဒီလို တစ်ခွန်းတည်း ပြောလို့ မရဘူးကွ"

"ဘာလို့လဲ"





"တစ်မျိုးပဲ . . မှန်းရခက်တယ်"

"မင်းလောလောဆယ် ဘာကိုတွေးပြီး . . ဘာဖြစ်နေတာလဲ"

"လန့်နေမိတယ်ကွ"

"ဟား. . ဟား. . ဟား"

ကိုစိုးက အော်ရယ်သည်။

"အဲဒါ မင်းစိတ်မင်း မယုံလို့ပေါ့"

"မဖြစ်နိုင်ဘူး"

"မင်း စိတ်ရှင်းရင် ဘာမှပူစရာကို မရှိဘူး"

"အဲဒီ အရွယ်လေးက ကြောက်ရတယ်ကွ"

"အင်းလေ. . မင်းရှောင်ပေါ့"

"ငါလဲ အဲဒီလိုပဲ စဉ်းစားထားပါတယ်. . ငါလက်ဆပ်ယူမယ် မိန်းကလေးဟာ ကလေးဆာသာ ဘာမှနားမလည်တဲ့ အရွယ်မျိုး မဖြစ်ချင်ဘူး"

"ဒါကတော့ မင်း မချစ်လို့ပါကွာ"

ကိုစိုး စကားက အောင့်သက်သက် သူ့ကို ထိခိုက်စေသော အပြောမျိုး မဟုတ်လား။

"ဆောရီးကွာ. . ငါက ငါ့အတွက်ပဲ ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်လေးက သူတို့စားဖို့ အစားအသောက် လာချ ပေးတော့ ကိုစိုးမျက်နှာကြီးက ချိုချိုကြည်လို့။

"တော်ရှု ငမ်းစမ်းကွာ"

ကိုစိုးပခုံးကို သူ လှမ်းပုတ်ရင်း သတိပေး၏။

"ကိုကို . . တယ်လီဖုန်း လာနေတယ်"

"ဟုတ်လား . . အေး အေး"

ဆဲလူလာကို အနားယူထားပေမယ့် အိမ်က ဖုန်းကို ဆက်တော့ ကိုစိုးကို "ခဏ"ဟု ထားခဲ့ရင်း အိမ်ထဲဝင်လာသည်။

ညီမလေး ရွှေစင်ကို သည်ကောင် အခွင့်အရေးရတုန်း ကပ်လုံး နေတော့မှာလား။

မျက်လုံးကြီးပြူးပြီး တစ်ချက် သတိပေးခဲ့၏။

"ဟဲလို . ."

"ဟော့ . . မောင်မြင့်မိုရ်လား"

"ဟုတ် . . ဟုတ်ပါတယ် အန်ကယ်"

ဦးအောင်အသံဆိုတာ ချက်ချင်း မှတ်မိသည်။

"မင်း မနက်ဖြန်မနက် အားလားဟော့"

"အားပါတယ် . . အန်ကယ်"

"ဒါဆို စောစော လာခဲ့ကွာ"



"ဟုတ်ကဲ့ . ."

"အန်ကယ်တို့ ဂေါက်တွင်း သွားရအောင်"

"ဟာ . . သိပ်ကောင်းတာပေါ့"

မြင့်မိုရ် မြန်မြန်ဆန်ဆန် ခေါင်းညိတ်သည်။

"မင်း ဟိုတစ်ရက် လာသွားတယ်ဆို"

"ဟုတ်တယ် . . အန်ကယ်"

"သမီးလေး နေမကောင်းတာ လာကြည့်သွားတယ်လို့ မင်းအန်တီတင်က ပြောတယ် . . ကျေးဇူးပဲကွာ"

"ဟာ . . မဟုတ်တာ ရပါတယ် အန်ကယ်"

"သမီးငယ်ကတော့ ကြွပ်ဆတ်ဆတ် မလွယ်ဘူး"

အန်ကယ့်စကားကို သူ ကန့်ကွက်ခြင်း၊ ထောက်ခံခြင်း မရှိ တိတ်တိတ်ပဲ နားထောင်နေလိုက်သည်။

"ခုလဲ အိမ်မှာ မရှိဘူး"

"ခင်ဗျာ . ."

အန်ကယ်ဦးအောင် ပြောတာကို သူ နားမရှင်းပါ။

"စာမေးပွဲနီးလို့ အိမ်ပြောင်းသွားပြီ"

"ဗျာ . ."

"သူ့ သူငယ်ချင်းအိမ် သွားနေတယ်လေ . . ဒီမှာ

www.burmeseclassic.com



စာကျက်လို့ မရဘူးတဲ့"

"ဟုတ်ကဲ့..."

"အစ်မတွေက ကျောင်းပြီးကုန်တော့ ဟိုသွားဒီသွား လုပ်နေကြတာ.. သူလဲ စိတ်မထိန်းနိုင်ဘူးပေါ့.. ဒီမှာ နေရင် နေရာတကာ သူ ဝင်ပါနေတာ.. သူ့ မပါရင် ပွဲမစည်ဘူး"

မြင့်မိုရ်က အပြုံးတစ်ခုနှင့် နားထောင်နေလိုက်သည်။

ကြည့်ရတာ အန်ကယ်ရော၊အန်တီရော ဒီပါလေးကို တရားလွန်အလိုလိုက်ပြီး ငုံထားမတတ် ချစ်ကြပုံပါပဲ။

သူမအကြောင်းတွေကို ပျော်တပြုံးပြုံးနှင့် အမြဲ ပြောပြတတ်တာ။

"စာမေးပွဲပြီးမှ ပြန်လာမယ်တဲ့လေ"

"ကောင်းတာပေါ့.. စာကျက်ဖြစ်ရင် မဆိုးပါဘူး"

"သူ့အမေက မရဘူးဟေ့.. တစ်နေ့တစ်ခေါက် အိမ်ခဏပြန်လာခိုင်းတာ.. ပြောသာပြောရတာ အန်ကယ် လဲ မနက်မိုးလင်းလာရင် ကော်ဖီဝိုင်းမှာ သူ့ မြင်ရမှ.. မဟုတ်ရင် တစ်ခုခု လိုအပ်နေတယ်ကွ"

တွေ့ရာလူကို သူ့သမီး သူလွမ်းကြောင်း ပြောမိမှန်း မသိ ပြောနေမိပါရောလား။





သမီးက နိုင်ငံခြားရောက်သွားလို့လား၊နယ်စွန်နယ်ဖျား လုပ်ကိစ္စနဲ့ သွားလို့လား၊အိမ်ထောင်ကျပြီး ယောကျ်ား နဲ့ သွားတာလား၊ တစ်ခုမှ မဟုတ်။စာမေးပွဲနီးလို့ သူငယ်ချင်းအိမ် သွားကျက်တာ ဒါလေးကိုများ . . . ။

င်းလေ.. သူတို့ရင်ထဲ လစ်ဟာနေလို့ ဖြစ်မှာပါ။

မြင့်မိုရ် နားလည်ပေးနိုင်အောင် ကြိုးစားရသည်။

"ကဲကွာ.. ပြောရတာ ကြာနေပြီ.. မင်း မနက်လာ ..ဟုတ်ပြီလား"

"ဟုတ်ကဲ့.. အန်ကယ်"

မြင့်မိုရ် တယ်လီဖုန်းချပြီး ခုံထဲ ပြန်ဆင်းလာခဲ့သည်။

ကိုစိုးက ရွှေစင်နှင့် စကားစ မပြတ်သေး။မြင့်မိုရ်ရောက် လာတော့မှ ကမန်းကတန်းနှင့်...

"စာတွေကျက်ပြီးပြီလား"ဟု အလွဲလွဲအချော်ချော် မေး လိုက်တော့ ရွှေစင်က မနေနိုင်ဘဲ ခစ်ကနဲ ရယ်သည်။

ပြီးတော့ ကိုစိုးအနားမှ လှစ်ခနဲ ထထွက်သွား၏။

"မင်းကွာ.. ပြောလဲ မမှတ်ဘူး"

"ငါ မိသားဖသားပီပီ တောင်းရမ်းယူမှာပါ"

"တော်ကွာ.. ပြဿနာ ရှာပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ်ရဲ့ မျက်နှာက တကယ့်ကို သုန်မှုန်လာ၏။

"ကိုစိုး . ."

"ဟင် . ."

"ငါ အပြတ် ပြောလိုက်မယ်"

သူ့စကားမာမာကြောင့် ကိုစိုး မျက်နှာငယ်လေး ဖြစ်နေရှာ၏။

"ရွှေစင် လက်ခံရင် မင်းသဘော . . မင်းဟာမင်း ခိုးပဲပြေးပြေး . . ကားပဲတင်တင် . . လာပဲ တောင်းတောင်း ငါနဲ့ မဆိုင်ဘူး . . အေးတစ်ခုပဲရှိတယ် . . ငါ့ရှေ့မှာ မင်းမျက်နှာပြောင်မတိုက်နဲ့ . . မျက်စိနောက်အောင် လာမလုပ်နဲ့ ကြားလား"

"ရွှေယောက်ဖရယ် . . ကျေးဇူးကြီးလိုက်တာ"

မျက်နှာကြီး ဝင်းထိန်ကာ ထခုန်မတတ်။

မြင့်မိုရ်ပင် နည်းနည်း ရယ်ချင်သွားသည်။

နှုတ်ခမ်းတွေ တင်းတင်းစေ့ရင်း ခပ်တင်းတင်းနေပြရသည်။တော်ကြာ အရှိအသေ တန်သွားမှဖြင့်။

ရွှေစင်လေး ကြည့်ရတာလည်း ခါတိုင်းနှင့်မတူပဲ ကိုစိုးကို ပိုနွေးထွေးလှိုက်လှဲနေသလို . . မျက်လုံးလက်လက်





လေးတွေမှာ ရယ်ချင်သလိုလို . . ကြည်နူးသလိုလိုနှင့် ချစ်ရိပ်ကို တစ်စွန်းတစ်စ မြင်ရသည်။

သည်တော့လည်း သူက ဘာများတတ်နိုင်မှာလဲ။

"မင်း ဖုန်းပြောတာ . . မြန်လှချည်လား"

"မင်းကို စိတ်မချလို့ . . အမြန်ပြန်ပြေးလာရတာ"

"ဟာကွာ"

မြင့်မိုရ်စကားကို သည်ကောင် အီးပိတ်သွားသည်။

"မင်းမိဘတွေ ဘယ်တော့လာမှာလဲ"

"ဘာကိစ္စလဲ"

"ငါ လာစေ့စပ်ချင်ပြီကွာ"

"ဟာ . . ရာရာစစ ရွှေစင် စာမေးပွဲ အရမ်းနီးနေပြီ"

သူ မျက်နှာပျက်ပျက်နှင့် ငြင်းဆန်သည်။

"မင်း . . မသိပါဘူးကွာ"

"ဘာကိုလဲ"

"ငါနဲ့ စေ့စပ်လိုက်ရင် အင်အားတွေ ပိုရှိပြီး ဘာသာစုံ ထူးထွက်သွားနိုင်တယ်ကွ . . သိလား"

သေချာပေါက်ကြီး ပြောနေတော့ မြင့်မိုရ် မျက်လုံး အောင့်ကပ်ရင်း သက်ာမကင်း ဖြစ်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . မင်းကို ညီမလေးက လာစေ့စပ်ဖို့ ပြောနေ
ပြီလား"

"မဟုတ်ပါဘူး"

ညီမလေးဘက်က ဖုံးဖိဖာထေးပြောနေတာလားဟု
အကဲခတ်မိသည်။

"မင်း . . အမှန်အတိုင်း ပြောစမ်းကွာ"

"မဟုတ်ပါဘူး . . စေ့စပ်လိုက်ရင် ပိုကောင်းမလားလို့
ပါ"

"အေးလေ. . ညီမလေးက သဘောတူလို့လား"

ကိုစိုးက မဖြေပဲ ပါးစပ်ပိတ်နေသည်။

"မေးမရလဲ . . ငါ့ညီမပဲ ငါမေးတော့မယ်"

"ဟာ. . မလုပ်ပါနဲ့"

"ဘာလဲကွ"

မြင့်မိုရ်အောင် စိတ်တိုလာရသည်။

"သူ့ရှက်ပြီး အခြေအနေတွေ တစ်မျိုးပြောင်းသွားနိုင်
တယ်"

"အဓိပ္ပာယ်မရှိကွာ. . ငါတို့ မောင်နှမတွေ အဲဒီ
လောက် သတ္တိမကြောင်ဘူး. . အေးအေးဆေးဆေးပဲ"





သူစိတ်လျှော့ရင်း အအေးခွက်လေးကို ကောက်ယူ
သည်။

"အင်းလေ. . မင်း မေးကြည့်ပေါ့"

မြင့်မိုရ် ကိုစိုးကို စူးခနဲကြည့်သည်။ပြီးတော့ . .
ပ်တိုးတိုး ရေရွတ်၏။

"မင်းမျက်နှာကြီးက ကျက်သရေ မရှိဘူး"

* * *



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းသံ မြည်လာတော့ မြင့်မိုရ် ဆတ်ခနဲဖြ[illegible]တယ်"

ဖြစ်ရသည်။

အန်ကယ်အောင် အဆင်သင့်မဖြစ်သေးတာမို့ ထိုင်

စောင့်နေမိတာ၊သူရောက်လာတာ တော်တော်စောသွား

သည်ပဲ။

"ဟဲလို. ."

"ဟင်. ."

သူ့ ကောက်ကိုင်ထူးလိုက်တော့ တစ်ဖက်က"ဟင်"ခ[illegible]

ရေရွတ်၏။ပြီးတော့. . တိတ်ဆိတ်၍ ငြိမ်ကျသွားသည်။





"ဟဲလို. ."

"ဟိုး. . ဒီပါ ဝါ. . မေမေနဲ့ ပြောမလို့"

အသံတိုးတိုးလေးက တော်တော်ပျော့သည်။

"ဒီပါလား . . စာတွေရပြီလား"

"ကျက်တုန်းပဲ"

"အစောကြီး နိုးသွားပဲ"

"မအိပ်သေးတာ. . ခုမှ အိပ်မလို့"

"ဩော်. ."

"မေမေရော မနိုးသေးဘူးလား"

"နိုးနေပါပြီ. . အန်ကယ်အတွက် ပြင်ဆင်ပေးနေ

"ဩော်. . ဖေဖေဂေါက်ရိုက်သွားမလို့ ထင်တယ်"

"ဟုတ်တယ်. . ကိုလဲ လိုက်သွားမယ်"

"ဒါကြောင့်မို့ ဦးမြင့်မိုရ် ရောက်နေတာကိုး"

"အင်း . . အန်ကယ် မပြီးသေးတာနဲ့ စောင့်နေတာ"

"ဩော်. ."

သူမက ပြောစရာမရှိတော့သလို တိတ်သွား၏။

ရွှန်းရွှန်းဝေအောင် ရှာကြံပြောတတ်တာ ကိုယ်သိ

[illegible]တယ် ဒီပါ။



www.burmeseclassic.com

www.burmeseclassic.com



မင်း ဘာလို့ တိတ်ဆိတ်နေရတာလဲ။

ကိုယ်နဲ့ စကားမပြောချင်တာ ဘာကြောင့်လဲ။

သူ စဉ်းစားလို့ပင် မရပါ။

"မေမေ မအားလဲ အိပ်ရာထမှပဲ ဒီပါ ပြန်ဆက်တော့မယ်"

"ရတယ်. . မခေါ်ပေးနဲ့တော့"

"မှာစရာရှိရင် မှာခဲ့လေ"

"ဟင့်အင်း. . မရှိပါဘူး"

ကိုယ်နှင့်ဆို စကားတစ်ခွန်းမှ အပိုမဆိုချင်ပုံနှင့် ခပ်တန်းတန်း ခပ်ဖယ်ဖယ်။

တဖြည်းဖြည်းနှင့် သူ သေချာသိလာသည်။

"ဒါပဲနော်"

လျှင်လျှင်မြန်မြန်ပဲ ဖုန်းချသွားတော့ မြင့်မိုရ်ရဲ့ ငိုင်တွေကျန်ရစ်၏။

သူ့အတွေးတွေ ရှုပ်ထွေးလာသလိုပါ။

သည်ဟာလေးအပေါ် သာမန်ထက် ထူးကဲပြီး စိတ်ဝင်တစား ဖြစ်နေမိသလား။

ကိုယ်တိုင်ကတော့ သူကလေးနှင့် တရင်းတနှီး ဖြစ်သွားမှာကို ထိတ်လန့်လျှက် သူကလေးဘက်က အေးစက် လွန်းတာ





ကိုကျတော့ ပုံမှန်မဟုတ်ဘူးဆိုတာ သိနေပြန်ကာ မကျေနပ်ချင်သလိုလို။

သူ့စိတ်တွေ သူပင် နားမလည်ချင်တော့ပါ။

အန်ကယ်ဦးအောင်နှင့် အန်တီတင် ထွက်လာတော့ ဒီပါ့ဆီက ဖုန်းလာတာ ပြောပြမိပါသည်။

"ဟုတ်လား . . အန်တီ ပြန်ဆက်လိုက်မယ်"

"သူ အိပ်မလို့ ဆိုလားပဲ"

မှရေရာသလိုလိုပြောတော့ အန်တီတင်က ချက်ချင်း ဖုန်းဆက်ဖို့ပြင်သည်။

"အမေကြီး . . မင်း ကိုယ့်ကို ကားနား အရောက် လိုက်ပို့ဦးလေကွာ . . မေ့သွားပြီလား . . သမီးဖောက်ပိုနေတာနဲ့"

"စနေပြန်ပြီ"

အန်တီတင်က အန်ကယ့်ကို မျက်စောင်းရွယ်ပေမယ့် ကားဘေးအရောက် လိုက်ပို့ပေးသည်။

မြင့်မိုရ်ကတော့ တစ်ဦးတည်း ရယ်နေရင်း ရှေ့မှ ထွက်လာခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



မှန်တင်ခုံမှာ ထိုင်ပြီး ကြော့ကြော့မော့မော့ကလေး ခေါင်းဖြီးနေသော မမဘောဘီကို ဒီပါ အငေးသားကြည့်နေမိသည်။

မမဘောဘီ သိပ်လှတာ၊ဘာမှ အပြစ်ပြောစရာ မရှိတာ ဒီပါ သိပါသည်။

ခုတော့ မမဘောဘီကို အားကျစွာ ထိုင်ငေးနေမိတာ။

"မမဘောဘီက သိပ်လှတာပဲနော်"

မနေနိုင်ဘဲ လွှတ်ကနဲ ပြောမိသည်။

"ဘာစားမလဲ . . ပြော"





"တကယ်ပြောတာပါ"

"ညီမလေးက ပိုပြီး ချစ်စရာကောင်းတာပါ"

"ဟင် . . မဟုတ်ပါဘူး"

"ဘာလို့မဟုတ်ရမှာလဲ . . ညီမလေးက ခုမှ နှစ်ဆယ်စွန်းရုံလေး . . အလှဆုံးအရွယ် . . အသားလေးက နုဖပ် ဝင်းမွတ်နေတာပဲ . . မမတို့ထက် ပိုလှတာပေါ့ . . မယုံရင် မေမေ့ မေးကြည့်"

မမဘောဘီစကားကို ဒီပါကဲ နွမ်းနွမ်းကလေး ပြုံးသည်။

အလှဆုံးလို့ ထင်လို့သာ မမဘောဘီကို ဦးမြင့်မိုရ်က ရွေးခဲ့တာပေါ့။

ဒီပါ့ကို အရေးတောင်မလုပ်။ရှိတယ်ပင် မထင်။

"ဒီပါ . ."

"ဟင် . ."

"စာမေးပွဲ ဖြေနိုင်လား"

"ဖြေနိုင်ပါတယ်"

မနေ့ကမှ စာမေးပွဲပြီးလို့ ဒီပါ ပြန်ရောက်လာတာ။ ဝင်းက ခရီးတစ်ခုခုသွားဖို့ ကြံရွယ်သေးသည်။

မေမေက ဒီပါ့ကို ပေးမသွား။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကိုပဲ တန်းတန်းမတ်မတ်ပြန်ခဲ့နော်. . ခရီးသွားချင်ရင် တစ်ပတ်လောက် နားပြီးမှသွား . . ဟုတ်ပြီလား"

သည်တစ်ခါတော့ မေမေ့စကားကို ဒီပါ နားထောင်လိုက်ပါသည်။

ဆက်ဆက် ပြန်ခဲ့ပါမည်ဟု ခေါင်းညိတ်ထားပါလျှက် မေမေက ဝင်းတို့အိမ်မှာ စားမေးပွဲပြီးချိန် လာစောင့်နေပါသည်။

"မေမေရယ်. . မီး လာမှာပေါ့"

"မေမေလဲ. . အိမ်မှာ အားနေတာပဲ"

တမင် စိတ်မအေး၍ လာကြိုစောင့်နေသည်ဟု မဆိုပဲ လွှဲပြောသည်။

သည်လိုနှင့် ဒီပါ အိမ်ပြန်ရောက်လာရတာ။

"ဒီပါ. ."

"ရှင်. ."

မမဘေဘီက ဒီပါ့ဘေးမှာ လာထိုင်သည်။သင်းပျံ့ပျံ့မွှေးရနံ့တစ်ခုက ဇွဲမက်စရာပါပဲ။ဘယ်တော့မှ ပိုသီပတ်သီနေဘဲ ကြော့ရှင်း မွှေးသန့်နေတတ်တာ။မမဘေဘီအကျင့်က ခတုယူစရာပါပဲ။

"ဒီ ဘယ်နှစ်ခုလောက် မှန်းထားလဲ"

"အောင်ရုံလောက်ပါ. . ဂုဏ်ထူးတွေထွက်ဖို့ ဘယ်လွယ်ပါ့မလဲ"

"ဒီပါက ကပ်ကျက်တာကိုး"

"အင်း . ."

ဖြန့်ချထားသော မမဘေဘီ ဆံပင်တွေက စင်းစင်းကျကာ ကိုင်တွယ်ကြည့်ချင်စဖွယ်။ပါးလေးနှစ်ဖက်က ဖောင်းအိနွတ်ညက်နေသည်။

"မမဘေဘီ"

"ဟင်"

မေးဖို့ခေါ်ပြီးမှ မေးသင့် မမေးသင့် ချင့်ချိန်နေမိ၏။

သိချင်တာက ဦးမြင့်မိုရ်အပေါ် မမဘေဘီ သဘောသား။

ခါတိုင်းဆို ဟောဟောဒိုင်းဒိုင်း မေးချပစ်တတ်ပေမယ့် ခုတော့ လိပ်ပြာမလုံချင်ပါ။ကိုယ့်ထက်အကြီးမို့ ကိုယ့် လေသံကို ထိန်းစားမိမှာ စိုးသည်။

"ဘာလဲ ဒီပါ. . ပြောလေ"

"ဦးမြင့်မိုရ်ကို မမဘေဘီ သဘောကျလားဟင်"

မမဘေဘီက တအံ့တဩလေး မျက်ခုံးနှစ်ဖက် မြင့်

www.burmeseclassic.com



တက်သွားပြီးမှ ခပ်တိုးတိုးရယ်၏။

"ဒီပါလေးက သတင်း ဖြန့်ဖြူးရေးလုပ်ဖို့ လာအစ်နေတာကိုး"

တော်ပါသေးရဲ့ . . ဒီပါ သက်ပြင်းလေး ခိုးရှိုက်သည်။ အဲ့ဒီလို ထင်သွားတာပဲ ပိုကောင်းပါရဲ့။

"မဟုတ်ပါဘူး"

"သူ့သဘောထားမှ မသိရသေးတာ . . မမက ဘယ်လိုကြီး စဉ်းစားထားနိုင်မှာလဲ ညီမလေးရဲ့ . . စဉ်းစားဖို့မှ မလိုသေးတာ"

မမဘောဘီက ဒီပါ့ ဆံပင်တွေကို ဖွပစ်ရင်း ရယ်သံနှင့်ပြော၏။

ဦးမြင့်မိုရ် သဘောထားကို ဒီပါကတော့ သိထားပြီးသားပါ . . မမေ့ကိုလည်း ဒီပါ ပြောပြထားပေမယ့် ဒီပါရော မေမေပါ သည်ကိစ္စကို မတိုင်ပင်ဘဲ နှုတ်ဆိတ်နေမိသည်။

မေမေက ဘယ်တုန်းကမှ ဒါမျိုးတွေ ပတ်သက်စွက်ဖက်တတ်တာမှ မဟုတ်ပဲ။တစ်ခုသိကြည့် တစ်ခု ပြေးပြောရမှဆိုတာ ဒီပါ။ဒါပေမယ့် . . ဒီပါ ခုတစ်ခါ တွေဝေပြီး ပါးစပ်ပိတ်နေမိပါသည်။

ဒီပါ မျိုသိပ် နေနိုင်တာကို မေမေ ဘယ်လို တွေးနေမှာပါလိမ့်။

ဟိုတုန်းက အခြေအနေဆို သည်သတင်း တစ်အိမ်လုံးဖွံ့နှံ့လောက်ပြီ။ဖေဖေ့ နားထဲပါ ရောက်လောက်ပြီ။မမဘောဘီသည်း စိန်လက်စွပ် လွတ်လွတ်ကျွတ်ကျွတ် ရလောက်ပြီ။

ကိုယ့်အကြောင်းနှင့် ကိုယ်မို့ ဒီပါ ငြိမ်နေဟာ။သိုသိပ်ထားတာ။

"သမီးရေ . . ဘောဘီ"

မေမေက အခန်းဝမှ လှမ်းခေါ်သည်။

"ရှင် . ."

"တယ်လီဖုန်း လာတယ်ကွယ့်"

"ဟုတ်ကဲ့"

မမဘောဘီ လှစ်ခနဲ ပြေးတော့ ဒီပါ မယောင်မလည်ပါလာမိသည်။

ဘယ်သူဆီက ဖုန်းလဲဟု ဒီပါ ရင်တထိတ်ထိတ် . . ဖြစ်နိုင်လျှင် ဖုန်းခွက် ပြေးကိုင် စပ်စုချင်သည်။

"ဟဲလို . . ဘောဘီပါ"

". . . . ."







www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်က ပြောတာတွေကို ဒီပါ မကြားနိုင်ပါ။

"သြော်. . ကိုဦးလား"

တော်သေးတာပေါ့။

ဒီပါ နည်းနည်း စိတ်အေးသည်။

မမဘေဘီကို ပရိုပို့စ် လုပ်ထားသော အင်ဂျင်နီယာ ကိုဦး။

". . . . ."

"ဟင့်အင်း . . မလိုက်ချင်ပါဘူး"

". . . . ."

"မဟုတ်ဘူးလေ. . မဟုတ်တာပဲ"

မမဘေဘီက ဘာတွေ ငြင်းဆန်နေမှန်း မသိပါ။

". . . . ."

"ဒါမျိုးက ခုနေ လိုက်လို့ ဘယ်ကောင်းပါ့မလဲ. . ရှင့်ကို ဘေဘီ လက်မခံသေးဘူးလေ. . မဖြစ်ပါဘူး. . ဒါ ရှင် လောဘကြီးနေတာ"

ဒီပါသည် မမဘေဘီ ဖုန်းပြောနေတာကို ပေါ်ပေါ် တင်တင်ပဲ ရပ် နားစွင့်နေမိပါသည်။

သည်မိသားစုမှာ ဒါမျိုး ကိုယ်ရေးကိုယ်တာကို စပ်စု





ာမျိုး အစဥ်အလာမရှိခဲ့ပါ။

ကိုယ်ပိုင်လွတ်လပ်ခွင့်တွေ အပြည့်အဝရှိနေသည်။

ခု ဒီတစ်ခါတော့ ဒီပါ သိချင်စိတ်လွန်ကဲနေမိလို့သာ . .

ပြီးတော့ အားလုံးက ဒီပါ့ကို ကလေးလို့ သဘောထား

း တော်ရုံတန်ရုံ အပြစ်ယူလေ့မရှိပါ။

"ကိုဦးရယ်. . ဘေဘီက ကိုဦးကို လက်ခံပြီးမှ မိသားစု

င်းရင်းနှီးနေမှ စေ့စပ်ထားပြီးသားဆိုမှ လိုက်သင့် တဲ့နေရာမျိုး

ဘေဘီ မလိုက်ရဲပါဘူးရှင်. . ရှင် ဘေဘီ့ကို နားလည်သင့်

ယ်"

မမဘေဘီနှင့် ကိုဦးတို့ အတော်ကလေး အခြေ

တင်ဖြစ်နေကြတာသိရသည်။

အင်း. . မမဘေဘီက ဦးမြင့်မိုရ်ဘက်ကို မဲသာ

ည့်ပုံလား။အလိုလိုနေရင်း ဒီပါ စိတ်မကောင်းဖြစ်လာမိပါ

ည်။

ဒီပါ့အတွက် ဘာမျှော်လင့်ချက်မှ မရှိဘဲလေ။

နံရံကို ကျောပေးမှီရပ်ရင်း ဒီပါ မျက်ရည်လည်မိ

ာသည်။

"ဟောတော့. . ဒါက ဘယ်လိုဖြစ်ရတာလဲ. . ဖုန်း

www.burmeseclassic.com



ပြောဖို့ စောင့်နေတာလား ဟုတ်လား”

မမဘောဘီက ဒီပါ့ကိုမြင်တော့ ရယ်သည်။

“ကဲ. . ပြောတော့လေ ရပြီ”

“မမဘောဘီ ဘယ်သူနဲ့ပြောနေတာလဲဟင်”

“ကိုဦးပါ. . သူ ဘွဲ့ယူမယ့်နေ့ကို မမ လိုက်ခဲ့ရမယ်တဲ့. . ဒါလုံးဝမဖြစ်နိုင်တာပဲ. . သူ စိတ်ပျက်သွားသလားမသိဘူး. . မတတ်နိုင်ဘူးလေ သူနဲ့ မမဘောဘီ ဘာမှမဆိုင်သေးဘဲ မမဘောဘီက ဘယ်လိုလုပ် လိုက်နိုင်မှာလဲ. . သူက ဇွတ်တရွတ်ဖြစ်ချင်တာပဲ သိတယ်. . တစ်ဖက်ကိုလဲ နားလည်မှုရှိမှပေါ့”

မမဘောဘီက ကိုဦးကို ဒေါသဖြစ်နေတုန်း။

“သူ့ကို မမက မကြိုက်လို့လားဟင်”

“မဆုံးဖြတ်ရသေးဘူး”

“ဟင်း. .”

ဒီပါဖြင့် ဘာမှနားမလည်ပါ။

မမဘောဘီတို့နှင့် နှိုင်းယှဉ်လျှင် ဒီပါသည် ကလေးသာသာ။

ဒီပါသာဆို ကြိုက်ရင်ကြိုက်တယ်၊ မကြိုက်ရင်လည်း





ကြိုက်ဘူး အပြတ်ပြောဝစ်မှာ။ ခုလိုလေး မှေးမထားတတ်ပါဘူး။

“ဒီပါလေး. .”

“ရှင်. .”

“ခေါင်းခေါက်ရွေးတယ်ဆိုတာ မိန်းကလေးတွေအတွက် တယ်ကောင်းတာသိလား. . ဘဝတစ်သက်စာအတွက် တစ်ခါပဲ ရွေးခွင့်ရှိတာ”

မမဘောဘီက မျက်လုံးလေးတလည်လည်နှင့် ရပ်ကြည့်နေသော ဒီပါကိုနည်းနည်းပါးပါး နားဝင်အောင် ရှင်းပြသည်။

“အကောင်းဆုံးဆိုတာ ရွေးနိုင်မှ တော်တာကျမယ်”

မမဘောဘီ စကားတွေက ဆန်းကျယ်ပြီးရင်း ဆန်းကျယ်ရင်းပါပဲ။

“ဘယ်သူ့ကိုမှ မရွေးသေးဘူးဆိုတာ ဘယ်သူ့ကိုမှ စိတ်တိုင်းမကျသေးတာလဲ ပါတယ်. . ရာပြည့်နီးပါး ကျေနပ်မှ ရွေးတာကောင်းမယ်. . တော်ကြာ ပြင်လို့မရတဲ့ ကိစ္စကြီး ဆက်လွန်သွားရင် တစ်သက်လုံး ခံပေတော့”

“ဆက်ပြောလေ၊ ဆက်ပြီး နားမလည်လေဖြစ်မှာပါပဲ”

မမဘောဘီက အိမ်ထောင်ရေးကို ကွန်ပျူတာနှင့်စိစစ်ရွေးချယ်နေသူပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒီပါကရော။အင်း . . ဒါတွေ ဒီပါ မစဉ်းစားတတ်သေးပါဘူး။

ဦးမြင့်မိုရ်ကို တိတ်တခိုးလေး ရင်ခုန်စွဲလန်းမိတာကလွဲလို့ ဘာကိုမှ ဒီပါ သေချာနားမလည်ပါဘူးလေ။

ဒီပါ သိတာ တစ်ခုတည်း။

ဦးမြင့်မိုရ်ကို တစ်သက်လုံး ဒီပါ တစ်ယောက်တည်းပဲ ပိုင်ဆိုင်ချင်စိတ်တွေ ရင်နဲ့မဆန့်အောင် မျှားပြားလွန်းနေတာပါပဲ။

* * *





"ရှင်"

မေမေ့စကားကို ဒီပါ တအံ့တဩလေး ဖြစ်ရပါသည်။

"ဦးမြင့်မိုရ်က သူ့ညီမလေးရွှေစင်ကို ဒီပါနဲ့ မိတ်ဆက်ပေးဖို့ ခေါ်လာမယ်ဟုတ်လား"

"အင်း . . သမီးနဲ့ကတော့ အဖွဲ့ကျမှာပါ . . ဟိုကလည်း ဆိုးဆိုးလေး၊ အဆိုးအဆိုးချင်းဆိုတော့ ပေါင်းလို့ရမှာပေါ့"

"အာ . . မေမေနော်"

ဒီပါက နှုတ်ခမ်းစူသည်။

"ရွှေစင်က လှလားဟင် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေလဲ မမြင်ဖူးသေးပါဘူး"

"မီးနဲ့တည့်ပုံမလား . . တော်ကြာ ရန်ခဏခဏဖြစ်

မေမေတို့ စိတ်ညစ်နေရမှာပေါ့"

"ဒါကြောင့် သမီးကို ကြိုပြောထားတာ . . တည့်အောင်

နေတတ်မှပေါ့ သမီးရယ် . . နောက်ဆို အမျိုးတွေဘာတွေ

တော်ချင် တော်နေရမှာ"

"ဒီပါက အသားလွတ်မစွာတတ်ပါဘူး . . ဒါပေမယ့်

လာကြောလို့ကတော့ သည်းခံမှာမဟုတ်ဘူးသိလား"

"ဟိုကလဲ သမီးလိုပဲနေမှာပေါ့"

"အင်း . . မပြောတတ်ပါဘူး . . အရမ်းခင်ရင်

ခင်သွားနိုင်တာပဲ . . သူက ရည်းစားရှိလား"

"မေမေ ဘယ်သိပ့်မလဲ သမီးရယ်"

"မေမေကလဲ"

"ဟုတ်တယ်လေ . . မေမေ့သမီးမှာတောင် ရည်းစား

ရှိလား၊ မရှိလား မေမေ သေချာမသိတဲ့ဟာ"

"ဟာ . . မေမေကလဲ . . ဒီပ့်မှာ ရည်းစားရှိမရှိ မေမေ

မသိဘူးဟုတ်လို့လား . . မေမေ မှန်းကြည့်လေ . . ရှိမရှိ"

မေမေက ချစ်စနိုးရယ်ပြီးမှ . .





"မရှိဘူးထင်တာပဲ . . မဟုတ်ဘူးလား"ဟု မေး၏။

"ဒီပ့်ကို မေမေ အထင်သေးတာပဲ"

"ဟယ် . . ဒီပါက ရည်းစားရှိနေပြီ ဟုတ်လား"

မေမေ ရင်ဘတ်ဖိတော့ ဒီပါ ကျေနပ်သွား၏။

"ဒီလို အထင်ကြီးစမ်းပါ မေမေရာ"

"ကြည့်စမ်း . . အမေကို စ,စရာမှတ်နေလား"

ဒီပါက ခေါင်းလေးပုလျှာလေးထုတ်ပြီး ထလစ်တော့

သည်။

ဦးမြင့်မိုရ်က ရွှေစင့်ကို ဒီပါနဲ့ သိကျွမ်းခင်မင်စေချင်သ

တဲ့လား။

အဲဒါ ဘာကြောင့်ပါလိမ့်။

မြတင်းပေါက်ဘေးမှာ ရပ်ရင်း ဒီပါ တွေးနေမိသည်။

မမဘေဘီကိုပဲ နှစ်သက်ပြီဟု ဦးမြင့်မိုရ်က ကြေညာ

ထားပြီးသား။

ဒီပ့်ကို သည်အိမ်ရဲ့ကလေးမို့ သူ့အိမ်က ကလေးနှင့်

တွေ့ချင်တာမျိုးလား . . ။

ဒီပ့်ရင်ထဲ မွန်းကြပ်လာသည်။

ရွှေစင်နှင့် မခင်ချင်လို့မဟုတ်ရပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့် ဦးမြင့်မိုရ်က ဒီပ့ါကို အရာမသွင်းပဲ ရွှေစင် နှင့်မှ တန်းတူ ဆင့်တူလို့ သဘောထားလိုက်တာ ရင်နာစရာ ကောင်းသည်။

ရှင်ဟာ ကျွန်မကို ကလေးပေါက်စနေလေးလို့ ဘယ် အချိန်ထိ သတ်မှတ်နေဦးမှာလဲ၊ ကျွန်မရင်ထဲကို ရှင် မမြင်တာ လား။ မမြင်ချင်ယောင် ဆောင်နေတာလားဟင်။ ပြောစမ် ပါ..။

ဒီပါ ဘာလုပ်ရမလဲ။ ဘာဆက်လုပ်ရမလဲ။

* * *





"ခု.. ဒီပါနဲ့ခင်နေပြီပေါ့ ဟုတ်လား"

"အင်းပေါ့ .. ဝင်းနဲ့တစ်နေ့တွေ့ပေးမယ်"

"ယောက်မလောင်းလေးနဲ့ ဘယ်တုန်းက အဖွဲ့ကျ သွားတာလဲ"

"ရှူး .. ဝင်းနော်.. ဒါတော့ လုံးဝမစနဲ့ .. ဒီပါ သည်းခံမှာမဟုတ်ဘူး..ဒီပါ့ကို သူများတွေ တစ်မျိုးထင် တုန်ပ့ါမယ်ဟာ"

"ဆောရီး..ဆောရီး"

ဒီပါက ဝင်းဆီ ဖုန်းဆက်ပြီး ရွှေစင်နှင့်ခင်ခဲ့ရပုံကို



www.burmeseclassic.com

www.burmeseclassic.com



သတင်းပေးမိသည်။

ဦးမြင့်မိုရ်က မေမေနှင့် စကားပြောနေပြီး ဒီပါနှင့် ရွှေစင်က ခြံထဲက ဒန်းပေါ်မှာ ခေါင်းချင်းဆိုင်ပြီး တွတ်ထိုးလိုက်တော့ ခင်သွားတာပါပဲ။

ရွှေစင်က မာနကြီးပုံလည်းမရ၊အိုက်တင်လည်းမခံ။

ဟောဟောဒိုင်းဒိုင်းနှင့် ပွင့်ပွင့်လင်းလင်းမို့ ခဏလေးနှင့် ရင်းနှီးသွားကြတာ။

ဒီပါက အစကဖြင့် ဦးမြင့်မိုရ်ကို မကြေလည်စိတ်နှင့် ရွှေစင့်ကို ခင်ပါဘူးဟု တွေးထားတာ။

ရွှေစင်နှင့်တွေ့တော့ အဲဒါတွေ မေ့ပျောက်ကာ ရယ်ရယ်မောမောပဲ အဖွဲ့ကျသွားတော့သည်။

အင်း. . ရွှေစင်ရယ်၊ ဝင်းရယ်၊ ဒီပါရယ် သုံးယောက်ဖြစ်ပြီး အဖွဲ့အင်အားတိုးလာတော့ လူက ပိုပြီးကဲချင်လာသည်။

ဘာတွေလုပ်ပြီး ဘယ်သူ့ကိုဒုက္ခပေးရကောင်းမလဲဟု စဉ်းစားနေမိသည်လေ။

သူငယ်ချင်းဆိုတာလည်း ညီမှ ပျော်ဖို့ကောင်းတာ။

တစ်ယောက်တစ်မျိုးဆို စည်းလုံးမှုမရှိဘဲ ပျင်းစရာဖြစ်လာရော။





"ဒီပါ. ."

"ဟေ"

"ဝင်း လာခဲ့မယ်"

"အင်း... ရွှေစင့်ကိုပါခေါ်မယ်"

"ကောင်းသားပဲ. . အပြင်လျှောက်လည်ကြမယ်"

"အိုကေ. . အိုကေ"

ဝင်းဆီ ဖုန်းဆက်ပြီး ရွှေစင့်ဆီ ဆက်တော့ ဦးမြင့်မိုရ်က ဖုန်းလာကိုင်သည်။

"ရွှေစင်နဲ့ပြောမလို့"

"ဩော်. ."

အသံမာကျစ်ကျစ်ကို မြင့်မိုရ် မှတ်မိသလိုပါ။သို့သော် သေချာအောင် မေးလိုက်သည်။

"ဘယ်သူလို့ ပြောရမလဲ"

"ဒီပါ ပါ"

"ခဏကိုင်ထားဦး"

"ဟုတ်ကဲ့ရှင့်"

ရှင်က ဒီပါ့ကို ကလေးအရာထားတော့ ဒီပါကလဲ ရှင့်ကို လူကြီးအရာထားပြီး စကားအပိုမဆိုပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကလေး ကလေးချင်းပဲ အဖက်လုပ်တာ အေးရော။

"ရွှေစင်ပါ . . ဒီပါလား"

အင်း . . ရွှေစင့်ကို ခေါ်ပေးဖော်ရသား။

ချက်ချင်းပဲ ဦးမြင့်မိုရ်ကို ဒီပါ အားနာမိသလိုလို။

ဒီပါ ရိုင်းသွားသလား။

ကဲ . . ရိုင်းတယ်ဆိုလည်း ရိုင်းတယ်ပေါ့။ တတ်နိုင်ပါဘူး။

"ရွှေစင် . ."

"ဟင် . ."

"အားလား"

"အားတာပေါ့ . . အလုပ်မှမရှိတာ"

"လာခဲ့ပါလား"

"လာမယ်လေ . . အခုလား"

"အင်းပေါ့"

"ပြီးရော . . ကိုကို အခု အပြင်ထွက်မှာ . . ဝင်ပို့နိုင်းရမယ် . ."

"ဒီပါ စောင့်နေမယ်"

"အင်း . . လာခဲ့မယ်လေ"





ဖုန်းချပြီးတော့ ဒီပါ ငေးနေမိသည်။

ဦးမြင့်မိုရ်နှင့် ပတ်သက်လျှင် ဒီပါ့စိတ်တွေ တော်တော်ညှိုးနေမိသည်။

လက်လွှတ်ဆုံးရှုံးရမှာ အရမ်းကြောက်နေသလောက် ပိုင်ဆိုင်ခွင့်မရနိုင်ဘူးဆိုတာလည်း သိနေသလိုပါပဲ။

ရှူးချင်တယ် ဦးမြင့်မိုရ်ရယ် . . ။

* * *



www.burmeseclassic.com

www.burmeseclassic.com



မေမေ ကော်ဖီဝိုင်းမှာပြောလိုက်တော့ ဖေဖေက . .

"ဟေ့"ဟု ရေရွတ်ပြီး မမဒေစီနှင့် မမဘေဘီက ကြိုသိပြီးသားလို ပြုံးတုံ့တုံ့ဖြစ်ကာ အံ့ဩရဆုံးလူက ဒီပါ ပါပဲ။

"သမီးကြီးက သူ့ကောင်လေးကိုခေါ်လာပြီး စေ့စပ်ဖို့ ပြောနေပြီ အဖေကြီးရဲ့" ဟု မေမေက တိုတိုနှင့်လိုရင်းပဲ ပြောချလိုက်တာ။

မမကြီးအေမီက ခေါင်းလေးငုံ့ မျက်နှာလေးချလို့။

ဒီပါ ခစ်ခနဲ ရယ်ချချင်စိတ်ကို အောင့်ထားရသည်။

ကိုယ့်အလှည့်ကျလည်း ဒါမျိုး ဟန်မူရာလုပ်မှဟု





ကြည့်ထားလိုက်ပါသည်။

"နေစမ်းပါဦး . . မင်းက အကြောင်းစုံသိပြီးသားလား ကွယ်"

"အင်းပေါ့ရှင်"

"အင်းလေ . . မင်းသဘော အဓိကပါပဲ"

"ဖေဖေ"

"ဟင် . ."

မမဘေဘီက ဝင်ပြောသည်။

"မေမေက သမီးတို့ကို မျက်စိရှုပ်နေပြီ . . တစ်ယောက်ပြီးတစ်ယောက် အိမ်ပေါ်ကနှင်ချချင်နေပြီ ဖေဖေရဲ့"

"အံမယ် . . ဒီပါက မဆင်းပါဘူး . . ကလေးပဲရှိသေးတာ"

ဒီပါ ဆတ်ခနဲပြန်ပြောတော့ အကုန်လုံး ဝိုင်းရယ်သည်။

"ငါ့သမီးလေးကိုတော့ မပေးစားပါဘူး . . တစ်သက်လုံး အမေနဲ့ပဲထားမှာ . . ခုမှ ကလေးသာသာရှိသေးတာ"

မေမေကလည်း ဒီပါ့ကိုဆို ခပ်သည်းသည်း။

"ကဲ . . သမီးကြီးက ဘာတွေ ဘယ်လိုဖြစ်ချင်သလဲ ပြော . . ဖေဖေတို့က ဘာလုပ်ပေးရမလဲ"

ဖေဖေက ရှင်းရှင်းမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးကြီး ကောင်လေးလာတော့ အကဲခတ်ပေါ့ရှင်. . သဘောတူရင် လူကြီးချင်းစကားပြောပေါ့"

မေမေက မမကြီးအေမီကိုယ်စား ဝင်ပြောပေးပါသည်။

"ဟာကွာ. . သမီးကြီးက ကြိုက်ပါတယ်ဆိုမှ ဘာကို အကဲခတ်ရဦးမှာလဲ. . သဘောတူရမှာပေါ့"

"ခက်ပါလား. . သမီးရှင်ဆိုတာလဲ မေ့မထားနဲ့ဦး"

မေမေက မျက်စောင်းရွယ်သည်။

ဒီပါ မမကြီးအေမီကိုကြည့်လိုက်၊ ဖေဖေမေမေတို့ကို လှမ်းကြည့်လိုက်၊ မမဘေဘီနှင့် ဒေစီကိုကြည့်လိုက် ခေါင်းလေးကို ရမ်းနေရော။

သည်တစ်ခါတော့ ဒီပါ လက်ခံလိုက်ပါပြီ။

ကိုယ်ဟာ သည်အိမ်မှာ တကယ်တော့ ကလေးပါပဲ။

ဘယ်လောက်ပဲ နေရာတကာ ဝင်ပါ ဝင်ပါ အလကား အရေးတကြီးကိစ္စဆို ကိုယ်က နောက်မှပဲ ပါးစပ်အဟောင်းသားနှင့်သိခွင့်ရတာ။

ဒါကြောင့်လည်း ကိုယ့်ကိုဆို ဟိုလူကြီးက ရွှေချယ်ဖို့နေနေသာသာ အရေးတောင်မလုပ်တာ ကြည့်ပါလား။

မမကြီးအေမီ ချစ်သူရှိနေတာ ဒီပါ မသိခဲ့ပါ။ စေ့စပ်ကြဖို့ ဝင်ထွက်မှပဲ မြင်တွေ့သိကျွမ်းရမည်။





ဦးမြင့်မိုရ်ကိစ္စကို မမကြီးအေမီက ဘယ့်လိုဝင်ရပါလိမ့်။ အင်း. . အဲဒီတုန်းက မရွေးရသေးဘူး ထင်ပါရဲ့။ မမဘေဘီပြောသလို ခေါင်းခေါက်နေတုန်း။

"သမီးကြီး"

"ရှင်. ."

"ဒါဆိုလဲ သမီးကောင်လေးကို ခေါ်လာခဲ့ ဟုတ်ပြီလား. . ဖေဖေ သဘောတူပါတယ်ကွာ. . သမီးကြိုက်ရင်ပြီးရော"

"ဩော်. . ခက်ပါလား"

မေမေက ဖေဖေ့စကားကို မကြိုက်လှသလို ဝင်ဟန့်သည်။

"ကြားလား သမီး"

ဖေဖေက ဒါတောင် ထပ်ပြောလိုက်သေးသည်။

"ဒီပါ"

"ရှင်. . ဖေဖေ"

"အာချောင်ဖို့ လုံးဝမစဉ်းစားနဲ့"

"အဟင်း. ."

ဒီပါ မချိုမချဉ်မျက်နှာလေးနှင့် ကော်ဖီငုံသောက်၏။

"ဒါ. . မိသားစုပဲသိသေးတဲ့ကိစ္စ၊ အပြင် သူစိမ်းဆို



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကြားရင် ဒီပါပဲ. . မေမေ မကြိုက်ဘူးနော်. . မပြောရ ဘူး ကြားလား"

"မီး နေနိုင်သလောက်တော့ နေပါ့မယ် မေမေရယ်. . မအောင့်နိုင်ရင်တော့ တစ်ယောက်နှစ်ယောက် ပြော မိမှာပဲ"

"မင်းကလွှာ . . ကလေးကို"

ဒီပါ့စကားကို ဖေဖေက သနားသွားသည်မို့ မေမေ့ကို မမြစ်တင်ချင်ပါသည်။

"ပြောချင် ပြောပါစေကွာ. . ကလေးစကား ဘယ်သူက အရေးစိုက်မှာမှတ်လို့ . . လိုက်ပိတ်ပင်စရာ မလို ပါဘူး"

ဖေဖေ့စကားကြောင့် ဒီပါ့မျက်နှာလေး ရှုံ့မဲ့သွားတော့ သည်။

"ဖေဖေနော်. . ဒီပါ့ဘက်က ပြောပေးသလိုနဲ့"

"အင်းလေ. . သမီးဘက်က ပြောပေးတာပဲ"

ဒီပါ နှုတ်ခမ်းစူနေမိသည်။

* * *





"ဟိတ်. . ဘဲလ်သံကြားတယ်. . ဘယ်သူလဲမသိဘူး"

ဒီပါရယ် ၊ ရွှေစင်ရယ်၊ ဝင်းရယ် ဧည့်ခန်းရှိုးကေ့စ် အောက်မှာမှီထိုင်ရင်း ထွေရာလေးပါး လျှောက်အာချောင်နေ တုန်း ဘဲလ်သံမြည်လာတော့ ဝင်းက ပြောလိုက်ခြင်းဖြစ်ပင်။

"ဝင်း ကြည့်လိုက်လေ"

ရွှေစင်က မြှောက်ပေးတော့ ဝင်းက ဒူးထောက်ရင်း ပြတင်းပေါက်ကလေး ထကြည့်သည်။ပြီးတော့ ဖြုန်းခနဲ ပြန်ထိုင် ချ၏။

"ဘယ်သူလဲ"

ဝင်းအပြုအမူကြောင့် ရွှေစင်ရော ဒီပါ ပါ စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



တစားမျက်လုံးလေးတွေ ပြူးထွက်လာသည်။

"သိဖူးဟ"

"တံခါးဖွင့်ပေးမယ့်သူ မရှိဘူးလား"

ဒီပါက ဝင်းကိုမေးနေတုန်း ရွှေစင်က အသာကလေး ထခိုးကြည့်သည်။

ပြီးတော့ ပါးစပ်ကိုလက်နှင့်အုပ်ပြီး ပြန်ထိုင်ချကာ ခွီးခနဲရယ်၏။

"ဘယ်သူလဲ"

"မသိဘူး . . ဒါပေမယ့် မမအေမီ တံခါးသွားဖွင့်နေပြီ"

"ဟုတ်လား . . ဒါဆို မမအေမီရဲ့လူကြီးပဲဖြစ်ရမယ်"

"အသာနေ . . တိတ်တိတ်ကလေး ချောင်းကြည့်ရအောင်"

"အင်း . . ကောင်းတယ်"

သုံးယောက်သား အကြံတူညာဏ်တူ ညှော်ခန်းဆိုဖာ အသာကလေး ခိုးဝှက်ကြည့်ကြသည်။

"အမယ်လေး"

"ဟောတော့ . ."

"ခစ် . . ခစ် . . ခစ်"





ရွှေစင်ရော ၊ ဒီပါရော၊ ဝင်းရော မျက်လုံးလေးတွေ ပြင်းစက်ကာအသံတိုးလေးတွေထွက်လာသည်။

ဖက်ထားတယ်တော့"

"အဲ . : ငါ ရင်ခုန်လာပြီ"

"ကြည့် . . ကြည့် . . ဟိုမှာ ခေါင်းချင်းဆိုင်နေပြီ"

သုံးယောက်သား တွတ်ထိုးလိုက်၊ ချောင်းကြည့်လိုက်၊ တစ်ယောက်ကိုတစ်ယောက် ဆိတ်ပြီး ကြိတ်ရယ် ငိုက်နှင့် . .

"မမအေမီကြီး ရင်ခုန်နေမှာပဲနော်"

"သိချင်ရင် ဝင်မေးကြည့်ပါလား"

"ရွှေစင် . . ခုနေ ဧည့်ခန်းကို ဖြုန်းခနဲထွက်သွားရင် ခြေမြင်သလို လန့်မှာပဲနော် . . ဟီ . . ဟီ"

"အံမယ် . . ရှင်က မျက်နှာပြောင်နဲ့ထွက်ရဲလို့လား"

"ဟင့်အင်း . ."

ရွှေစင်က ကျော်ချမ်းလှသလို ကိုယ်လေးကျုံ့သည်။ ပြီးတော့ သုံးယောက်စလုံး ပြန်ချောင်းကြည့်ပြန်သည်။

"ဟွဲ . ."

ရုတ်တရက်ပေါ်လာသော မေမေ့အသံကြောင့် ဒီပါ ခေါင်းကြီးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး အဆူခံရပြီ။

မေမေက တဖျတ်ဖျတ်လျှောက်လာပြီး သုံးယောက် စလုံးကို နားရွက်ဆွဲလိမ်သည်။

"အား . . နာလိုက်တာ"

"လာခဲ့ . . လာကြ ထမင်းစားခန်းကို"

မေမေ့နောက်မှ ခပ်ကုပ်ကုပ်လေး ပါသွားရင်း . .

"ဟိုလေ . . သမီးတို့ ကစားနေကြတာပါ မေမေ"ဟု ဆင်ခြေပေးကြည့်သည်။

"တော်စမ်းပါ ဒီပါ . . ဒါ မိန်းကလေးတွေအလုပ် လား . . မပြောလိုက်ချင်ဘူး . . ငါ့နှယ်ခက်လိုက်တာ ညည်း တို့ကိုယ်ညည်းတို့ ရှစ်နှစ်၊ကိုးနှစ် မှတ်နေသလားဟဲ့ ပြောစမ်း"

မေမေက ဒေါသပေါက်ကွဲကာ "ညည်းတို့"ငါတို့" ဖြစ် သွား၏။

"မရှက်ဘူးလားဟင် ညည်းတို့"

"ဟို . . "

ဝင်းက ပြောမလိုပြင်ပြီး ပါးစပ်ပိတ်သွား၏။အပြော တတ်လို့ကတော့ 'တီနို'ခနဲ အခေါက်ခံရမှာ။

"ရုပ်ရှင်လို သဘောထားကြည့်တာပါ မေမေရဲ့"





"ဒီပါ"

မေမေ့အသံ အရမ်းတင်းတော့ ဒီပါ ထိတ်သွား၏။ က်မပြောရဲတော့။

"ဘာပြောလို့ ဘာပြောရမှန်းတောင် မသိတော့ဘူး . . ဲ စားကြတော့ အဆင်သင့်ဖြစ်နေပြီ . . ဒီလိုလုပ်တာ ဒါ ောက်ဆုံးဖြစ်ပါစေ . . နောက်တစ်ခါဆို သုံးယောက်စလုံး ွယ်ဘူးမှတ် ကြားလား"

"ဟုတ်ကဲ့"

သုံးယောက်သား ဝမ်းသာအားရ ပြိုင်တူခေါင်းညိတ် ာ . .

မေမေ အနားကထွက်သွားတော့ ရွှေစင်က လက်နှစ် က် ဖြန့်ပြရင်း . .

"မလွယ်ဘူး"ဟု ရေရွတ်၏။

"အင်းလေဟာ . . တို့ကလည်းတို့ . . "

ဝင်းက သူ့အပြစ်သူဝန်ခံသည်။

"ရှေ့ကိုပဲ မဲနေတာကိုး . . နောက်မှမကြည့်တာ"

"အံမယ် . . ဒီပါရော မြင်လို့လား . . ကိုယ့်အမေ ယောက်လုံးကြီး ရှေ့ရောက်လာတာတောင် ငေးနေလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ. . ဟွန်း"

ဒီပါက အရှက်ပြေရယ်သည်။

"မေမေကလဲ အသံမပေး ဘာမပေး"

"အံ့မယ် မယ်. . နာချင်လို့"

"အေးလေ"

ဒီပါတို့ ခိုးခိုးခစ်ခစ် ရယ်လိုက်ကြသည်။

*　*　*





ကော်ဖီပန်းကန်ထဲကို ဆိုင်တွေမှာလိုပဲ နို့စိမ်းဘူး ခွဲယူ၍ တစ်စက်နှစ်စက်ထည့်ရင်း . .

"မေမေ့ ဘာဂါက အရမ်းကောင်းတာပဲသိလား"

ထုံးစံအတိုင်းပြောတော့ မေမေက တိုမ်တိုဆော့ (ခရမ်းချဉ်သီးအချဉ်ရည်)ကို ပန်းကန်လေးထဲထည့်၍ ရှေ့ ထိုးပေးကာ. .

"အေးပါ. . အမြဲလုပ်ပေးအောင် မြှောက်ပေါ့"ဟု ဒီပါ့စကားကို သိနေပုံနှင့် ချစ်စနိုးစတော့ ဖေဖေကပါ. .

"တကယ်ကောင်းတာပါကွာ. . သမီးလေးက



www.burmeseclassic.com

www.burmeseclassic.com



မမြှောက်တတ်ပါဘူး”ဟု ကူပြောပေးသောအခါ မေမေ ဖေဖေ့ကို မျက်စောင်းရှယ်လေသည်။

အဲသည်ခဏလေးမှာ အလွန်သာယာပျော်ရွှင်နေသော အခြေအနေလေးသည် ရုတ်တရက်ပဲ လွင့်ပါး ပျောက်ကွယ် ကာ သိမ်ကြိုက်လှသော ဟမ်ဘာဂါကို ဆက်စားလို့မရ အော ရင်ဆို့သွားစေမည့် အဖြစ်အပျက်တစ်ခုပေါ်ပေါက်လာလိ မည်ပ လုံး၀ ကြိုမသိသေးပါ။

ဖေဖေက ကော်ဖီပဲသောက်ပြီး ထသွားတော့ မ ဘေဘီက အိပ်ရာနိုးပြီး ရောက်လာခဲ့သည်။

အစကတော့ ကိုယ့်အစ်မကို အထင်ကကြီး ငေးကြည် ရကောင်းမှန်း မသိခဲ့ပါ။

“ဒီပါလေး . . စောစောစီးစီး အားပေးနေပြီလား”

“အင်း”

မမဘေဘီက ဒီပါ ငေးနေတာကို ချက်ချင်းသိကာ နှုတ်ဆက်၏။

“မေမေ . .”

“ဘာလဲ သမီး”

“ဘေဘီ ကော်ဖီပဲ သောက်တော့မယ်”





“မုန့်စားလေ . . ဘာလဲ နေမကောင်းဘူးလား”

“ဟုတ်တယ် . . နည်းနည်း ဖျားချင်နေသလိုပဲ”

“ဟုတ်လား . . ဆေးမသောက်ဘူးလား သမီး”

“သောက်ထားတယ် . . ဘေဘီ အပြင်ခဏသွားစရာရှိ လို့”

မမဘေဘီက မေမေ့ဆီမှာခွင့်တောင်းနေသည်။

“ကိုမြင့်မိုရ်က မနက်စာ မုန့်ကျွေးမယ်ဆိုပြီး ဖုန်းဆက် ထားတယ် . . ပျက်ကွက်ရမှာ အားနာတယ်”

ဒီပါ ဆတ်ခနဲဖြစ်သွားပြီး မမဘေဘီကို လှည့်ကြည့် သည်။

ကြားလိုက်ရတာ တော်တော်ထူးဆန်းသည်။အင်မတန် ထည်း ကြေကွဲဖွယ်ကောင်းသည်။

“သွားလိုက်ပေါ့ သမီးရယ်”

မေမေက ဘေဘီ့ကို ခွင့်ပေးရင်း ဒီပါ့ဘက်ကြည့်ကာ ဆစ်မျိုးဖြစ်သွား၏။

ဒီပါ စားလက်စမုန့်ကိုချထားပြီး ငေးငိုင်သွားလိုက်သော မျက်နှာလေးက စောစောကလိုမဟုတ်ဘဲ ညှိုးရော် သေးငယ် သွားလိုက်တာ အမေဆိုတော့ ဒီပါ့စိတ်ထဲကို လှစ်ခနဲမြင်မိပြီ။

www.burmeseclassic.com

www.burmeseclassic.com



"သမီးငယ် စားလေ"

"ဟုတ်. . "

မမ်ဘေဘီက ကော်ဖီပဲသောက်ပြီး သွက်သွက်လက်လက် ထွက်သွားတော့ မေမေရယ်၊ဒီပါရယ် နှစ်ဦးတည်း ကျန်ရစ်သည်။

ဒီပါ ဘယ်လိုပဲဟန်ဆောင်ထား ဟန်ဆောင်ထား မေမေက အတိအကျအကဲခတ်မိပါပြီ။

ကြိုက်လှသော ဟမ်ဘာဂါကို ဆက်မစားနိုင်လောက်အောင် ဒီပါ ငေးငိုင်သွားရသည်။

သူတို့ သည်လိုအနေအထားတစ်ခုကို ဘယ်တုန်းကများ ရောက်သွားပါလိမ့်။ ဒီပါ လုံးဝ မသိလိုက်ပါလား။

ဝမ်းနည်းမှုကြီးက ရင်နှင့်မဆန့်အောင် လူကို နှိပ်စက်သည်။

ဦးမြင့်မိုရ်ရယ်. .

ဒီပါ့ရင်ထဲမှာသာ ရှင်ဟာ အရင်းနှီးဆုံးလူ၊ အကျွမ်းဝင်ဆုံးလူ။

အပြင်ဘက် လက်တွေ့မှာတော့ ရှင်ဟာ ဒီပါနဲ့ အဝေးဆုံးသည်။ ဆုံးက သူစိမ်းသက်သက်ပါပဲ ဦးမြင့်မိုရ်ရယ်။





ဒီလိုသာဆို သူတို့ ချစ်သွားကြတော့မှာ။

ဒီပါ တကယ်ပဲဆုံးရှုံးရပြီလား။

ဟင့်အင်း . . ဒီပါ ဒီအခြေအနေကို လက်မခံချင်ဘူး။

တုန်ယင်ချောက်ချားကာ ဘာလုပ်ရမှန်းမသိပါ။

"သမီးငယ်"

မေမေရှိနေတာပင် ဒီပါ မေ့ချင်ချင်။ ရင်ထဲမှာ ပူလွန်းတော့ ဘာမှကို ထိန်းမထားနိုင်တော့ပါ။

ငုပ်နေသော အပူလှိုင်းက ဟုန်းခနဲကြွလာသည်။

"ဒီပါ သမီး . . ဘာဖြစ်လဲ မေမေ့ကိုပြောစမ်း"

မျက်လုံးလေးပြူးထွက်ကာ နှုတ်ခမ်းတွေကို ပြတ်လုတော့ ကိုက်ထားလိုက်သည်။

ဆုံးရှုံးမှုနောက်မှာ အရှုက်တရားတစ်ခုတော့ အပါမခံရစေနဲ့။

"သမီးငယ်. . အို"

နှုတ်ခမ်းပေါ်မှ သွေးတစ်စက စို့ထွက်ကျလာသည်။

ဒီပါ ဝုန်းခနဲ မတ်တပ်ရပ်ရင်း ချာခနဲ လှည့်ပြေးလာ. . .

ဘာတစ်ခုမှ ဖြေရှင်းချက် မပေးနိုင်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီပဲ့ကို ဘာမှ မမေးပါနဲ့ မေမေရယ်။

ဒီပါ တစ်သက်လုံး မျိုသိပ်ခံစားပါရစေတော့။

မေမေက သမီးငယ်ကိုလိုက်ကြည့်ရင်း မျက်နှာလေး နွမ်းကျသွား၏။

မေမေ ဘယ်လို စိတ်ကောင်းနိုင်မလဲ သမီးရယ်။

သမီး ဘာတွေဖြစ်သွားတယ်ဆိုတာ မေမေသိပါတယ်။ အားလုံးမဟုတ်တောင် တစ်ချို့တစ်ဝက်၊ တစ်ချို့တစ်ဝက်မဟုတ်တောင် တစ်စွန်းတစ်စတော့ ရိပ်မိတာပေါ့။ ဒီပါဟာ မေမေ့သမီးပဲ ၊ သမီးရင်ထဲကို မေမေ မြင်ပါတယ်။ မြင်တော့လည်း စိတ်ထိခိုက်ရတာ။

သမီးလေး ဘယ်တုန်းကများ ဦးမြင့်မိုရ်ဆိုတဲ့လူကို စိတ်ဝင်စားသွားပါလိမ့်။

လုံးဝ မထင်မှတ်ထားသော ကိစ္စမို့ အမေလုပ်သူပင် မျက်စိလည်ချင်ချင်၊ ဒီပါလေးအတွက် ဘာများလုပ်ပေး နိုင်မလဲ ဟု အပြေးအလွှား တွေးသော်လည်း အဖြေကမထွက်ပါ။

ရွှေစင့်ဆီက ဖုန်းလာသောတစ်ရက် မောင်မြင့်မိုရ်က ဘေဘီကို ရွေးချယ်လိုက်ပြီဆိုတာ သိရသောနေ့ကဖြင့် ဒီပါ ကိုယ်တိုင်ပင် သူ့မမဘေဘီအတွက် ဂုဏ်ယူပျော်ရွှင်နေခဲ့





သားတာ။

တဖြည်းဖြည်းနှင့် စဉ်းစားကြည့်တော့ တရေးရေးပေါ်လိုလို ဒီပါနှင့် မောင်မြင့်မိုရ် စတင်သိကျွမ်းခွင့်ရသော နေ့။

အဲဒီနေ့က ဒီပါလေးက အငေးသားနှင့် တအံ့တသြဖြစ်နေရှာတာ။

မောင်မြင့်မိုရ်ကို ညှော့ဝတ်ပင် မကျေနိုင်ရှာပဲ မတ်တပ်ရပ်ဖြစ်နေတာ အကုန်လုံး ဆက်စပ်မှတ်မိလာသည်။

သမီးငယ်လေးက မောင်မြင့်မိုရ်ကိုဆို ရှောင်ဖယ်ဖယ်လမင်ကြီးကို အရင်းနှီးမခံခဲ့တာ။

သမီးလေးရယ် . . ။

ဘယ်အချိန်ကတည်းက ရင်ထဲ ပူလောင်နေခဲ့သလဲ။

ထမင်းစားပွဲမှာ တစ်ယောက်တည်းထိုင်ကာ စိတ်မကောင်းဖြစ်နေမိတော့သည်။

ဘေဘီကိုမှ ရွေးမယ်ဆိုတော့ ဒီပဲ့နှလုံးသား နုနုလေး ဘယ်လောက်ထိရှခံစားသွားရမလဲ။

ဒေါသဖြစ်ဖြစ်နှင့် "ငါ့သမီးတွေ နင်နဲ့တစ်ယောက်မှ မပေးစားဘူးဟေ့" လို့ လုပ်ပစ်ရအောင်လည်း မောင်မြင့်မိုရ်မှာ အပြစ်ဆိုလို့ သဲတစ်ပွင့်စာပင်မရှိ။ အနေတည်တာမှ အဖေကြီး



www.burmeseclassic.com

www.burmeseclassic.com



ရော မေမေရော ဝိုင်းပြီးအမှတ်ပေး ထားရတာ။

"မေမေ"

သမီးကြီးအေမီက ပခုံးဖက်ခေါ်မှ 'ဟင်'ခနဲ ဖြစ်ရ သည်။

"မေမေ"

"ဟေ. . သမီးကြီး စားလေ. . ဒီမှာ အားလုံး အဆင် သင့်ပဲ"

"မေမေ ဘာစဉ်းစားနေတာလဲ"

အေမီကလည်း သမီးကြီးပီပီ မေမေ မျက်နှာပျက် နေတာ လှစ်ခနဲသိသည်။

"ဘာမှ မစဉ်းစားပါဘူးကွယ်"

"တစ်ခုခုတော့ မေမေ တွေးနေပါတယ်နော်"

ပါးနပ်လွန်းတော့လည်း ဖုံးဖိထားဖို့ မလွယ်ပါ။

"မေမေ စိတ်မကောင်းလို့ပါကွယ်"

"ဟင်. . ဘာလို့"

"သမီးတွေက တစ်ယောက်ပြီးတစ်ယောက် ယောက်ျား ရသွားရင် မေမေ ဘယ်လောက် ပျင်းခြောက်သွားမလဲလို့ပါ"

"ဖေဖေရှိသားပဲ"





မမအေမီက ခုမှရယ်နိုင်သည်။

"ဘာများလဲလို့ မေမေရယ်. . မီးကြီးဖြင့် ထိတ်သွား တာပဲ. . တော်သေးတာပေါ့။ ဒါလေးများ သမီးတို့က မေမေ့ ဆီ လာမှာပဲဟာ"

သမီးကြီးက သူ့စကားကို ယုံသွားပြီ။

သမီးပျိုလေးယောက်ရဲ့ အမေဆိုတော့လည်း သည် လောက်တော့ မူရာမာယာ များရတာပေါ့လေ၊ မတတ်နိုင်ပါ ဘူး။

"သမီးဖေဖေက သူ့အလုပ်နဲ့သူ မေမေ့ကို လှည့်ကြည့် အားတာ မဟုတ်ဘူး. . သမီးတို့ အမြင်ပဲဟာ"

"အင်းပါ မေမေရယ်. . သမီးက နေ့တိုင်းလာမှာပါ"

သမီးကြီးက အမေကို နှစ်သိမ့်၏။

"မေမေ. ."

"ဟင်. ."

"ဘေဘီ ဖျားနေတယ်ဆို"

"အင်း. . မေမေဖြင့် စမ်းတောင်မကြည့်လိုက်မိဘူး"

မေမေ့စကားကို အေမီ အံ့သြရပြန်သည်။

ဘယ်တုန်းကမှ မေမေ သည်လို မမေ့ဖူးပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘေဘီ ဖျားနေတာကို နဖူးပင် မစမ်းလိုက်မိဘူး တဲ့လား။

ထူးခြားမှုကို သတိပြုမိရင်း တစ်ခုခုတော့ တစ်ခုခု ပဲဟု သေချာရိပ်စားမိလာသည်။

အေမိရောက်လာတော့လည်း မေမေ ငေးနေလိုက်တာ ခေါ်တာပင်မကြား။

"သမီး စားနှင့်ဦး. . ဘေဘီ့ဆီ သွားကြည့်ဦးမယ်"

"သူ ဒီကိုဆင်းလာမှာပါ မေမေ. . ကိုမြင့်မိုရ်နဲ့ မနက်စာ စားကြမလို့ဆိုလားပဲ. . မေမေ့ကို ပြောပြီးပြီလား"

"ခုနပဲ ပြောသွားတယ်"

"ဒါကြောင့် မေမေက ပိုပြီး စိတ်မကောင်းဖြစ်သွားတာ လား. . ရယ်ရတယ်. . ဘာမှဖြင့် မဟုတ်သေးဘဲနဲ့ မေမေ ရယ်"

အဲဒီ မဟုတ်တဲ့အခြေအနေကိုပဲ ဟိုတစ်ယောက်က ရင်ကွဲပက်လက်ဖြစ်သွားရှာတာ၊ ဟုတ်များဟုတ်သွားရင် မေ့မျောသွားရှာမလား၊ ငုတ်တုတ် တက်သွားလို့ မေမေ ရင်ပူရ မှာ။

"သမီးကြီး"





"ရှင်"

"မောင်မြင့်မိုရ်က ဘေဘီ့ကို နှစ်သက်ပုံပဲ"

"ဪ. . မေမေရယ် သမီးတို့ဖြင့် စိန်လက်စွပ်တစ် ကွင်း ချီးမြှင့်လိုက်ရပြီ. . အရှင်းကြီးပဲဟာ"

အေမိ ရယ်နေသည်။

အေမိနှင့် ဒေစီပေါင်းပြီး ဘေဘီ့ကို လက်စွပ်တစ်ကွင်း ဝယ်ပေးတာ သိသည်။

"မေမေ. . ဘေဘီ သွားမယ်နော်"

ဘေဘီက ဖြူလွှင်သော ငွေရောင်တစ်စုံ တောက် တောက်ပပကလေးနှင့် . .

"လာပါဦး သမီးရဲ့. . မှန်းစမ်း"

မေမေက ဘေဘီ့နဖူးလေးကို စမ်းကြည့်သည်။

"မပူတော့ပါဘူး မေမေရဲ့"

ဘေဘီ့နဖူးလေးက တစ်ကယ်ပဲ အေးစက်နေပါပြီ။

"သိပ် မကြာနဲ့နော်"

"အင်းပါ မေမေရဲ့"

ဘေဘီ ပြန်လာမှပဲ မောင်မြင့်မိုရ်အပေါ် ထားသော သဘောထားလေးကို တီးခေါက်ကြည့်ရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘေဘီ"

"ဟင်. ."

"မေမေက ငါ့ကို ယောကျ်ားရသွားမှာ တွေးပူနေတာလေ"

အေမီ့စကားကို သူမ ရယ်သည်။

"မေမေကလဲ"

"အေးပေါ့လေ. . ခုတော့ သည်းလွန်းတယ်ပဲ ထင်မှာပေါ့. . တစ်နေ့ မေမေ့နေရာရောက်လာမှ သိမယ်. . ဘယ်လိုခံစားရမလဲဆိုတာ"

မေမေက ငေါ့တော့တော့ဆိုသည်။

"သိပါတယ် မေမေရဲ့ . . ဘေဘီက ဘယ်သူ့ကိုမှ မရွေးရသေးပါဘူးနော် အဝေးကြီးလိုသေးတာ"

မေမေက မယုံ့တယုံ။ မမအေမီက ဟုတ်တယ်ဟု ထောက်ခံပေး၏။

ဘေဘီကလည်း အညှံ့မခံပဲ အေမီ့ဘက် ပြန်တွန်းပို့လိုက်သည်။

"အေးလေ. . နောက်ဆုံးတော့ အဖေနဲ့အမေ နှစ်ယောက်ပဲကျန်ရစ်ရမှာသိပါတယ်. . အစကတည်းကတွေးပြီးသား"





"ဒီပါလေးက ငယ်ပါသေးတယ်"

"အင်း. . ဘယ် အာမခံလို့ဖြစ်မလဲ"

မေမေ့စကားက တွေးတွေးဆဆ ချင့်ချင့်ချိန်ချိန်။

"ဒေစီကလဲ အပျိုကြီးလုပ်မယ် ပြောနေတာ"

"ဟွန်း. . မဖြစ်နိုင်တာအေ"

အေမီ အရွှန်းဖောက်တာကို မေမေက ငြင်းဆန်သည်။

"မေမေ. ."

"ဟင်. ."

"မေမေ ဒီလောက်နှမျောနေလဲ လေးယောက်စလုံးကို အပျိုကြီးပဲလုပ်ရမယ်လို့ အမိန့်ပေးလိုက်ပေါ့"

ဒေစီပါ ရောက်လာပြီးဝင်ပြောသည်။

"သမီးဒေစီက ပြောအားရှိတာကိုး"

"သမီးက တကယ်လုပ်မှာ အပျိုကြီး"

"အမယ်လေး မလုပ်ပါနဲ့. . အသေမဖြောင့်ဘူး. . လောကအလယ်မှာ ငါ့သမီးတစ်ယောက်တည်းဆို ဘယ်လိုစိတ်ချနိုင်မှာလဲ"

မေမေ့စကားကြောင့် ဒေစီက ခပ်ကြာကြာ ငြိမ်သွား၏။

"ဒါဆိုလဲ ဒီလထဲမှာပဲ မမအေမီထက် အရင်ယူလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရင် ကောင်းမလားပဲနော် မေမေ"

"ဘုရားရေ. . ဒေစီ သမီးကရော ချစ်သူတွေဘာတွေနဲ့လား"

မေမေ ရင်ဘတ်ဖိ၏။ပူမယ်ဆိုလည်း ပူလောက်သည်လေ။

မမအေမီက ဆိုင်းမဆင့်ဗုံမဆင့် ဒိုင်းခနဲဖွင့်ပြောလာတော့ မေ့မေ့မှာ တုန်လှုပ်တတ်ရခဲ့ပြီ။ ခံနိုင်ရည်လည်း ရှိခဲ့ပြီ။

နောက်တစ်ယောက်က ဖြန်းစားကြီးဖွင့်ပြောလာလည်း ပထမတစ်ခေါက်လောက် သွေးပျက်မှာ မဟုတ်တော့ပေ။

"ဒေစီ"

"ဟင်"

"တွေ့လား. . အေမီ လုပ်လိုက်တာနဲ့ မေမေ ဒေစီတို့ကိုပါရောပြီး အထင်ကြီးသွားပြီ. . အထင်မသေးရဲဘူး. . လျှော့မတွက်ရဲတော့ဘူး"

"ဟုတ်တယ်"

"ဟင်း. . ဟင်း. . ဟင်း"

"ကြည့်စမ်း. . အမေကို ရယ်စရာလုပ်လို့"

ရယ်သံလေးတွေ ညံစီနေသော စကားဝိုင်းမှာ





သမီးငယ်လေးမပါတော့ လစ်ဟာနေသည်။သူကလေးက ဘာမဆို ဟိုစပ်စပ် သည်စပ်စပ်ပါတတ်တာ။ သူ သိထားတာလေးဆိုတွေ့ရာလူ လျှောက်ပြောနေတတ်သည်။

ဘယ်လိုပဲကြည့်ကြည့် ဘယ်ဘက်က တွေးတွေး ဖြူစင်အပြစ်ကင်းလွန်းသော သမီးလေးပါ။

ဒီပါရယ်. . မေမေ သနားလွန်းလို့ ရင်ထဲမှာ မကောင်းဘူး။

သမီးငယ်အတွက် ဘယ်လို ဖန်တီးပေးရမှန်း စဉ်းစားမရတော့ချေ။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ညော့သည်"ဟု ဝင်းကို လာပြောတော့ ဝင်းက ဘလ်သူများလည်းဆိုပြီး ပြေးထွက်လာတာ ညော့ခန်းမှာ ရွှေစင့်ကို မြင်တော့ အံ့ဩသွားမိသည်လေ။

"ရွှေစင်"

"အေး"

"ဘယ်သူနဲ့ လာတာလဲ"

"ဟဲ. . ဟဲ"

မျက်နှာကလေးက မချိုမချဉ် ပြုံးစပ်စပ်။ ဝင်းက အိမ်ရှေ့ရပ်ထားသော ကားထဲလှမ်းကြည့်ပြီး . .





"ကောင်မ. . ညည်းလူ မဟုတ်လား"ဟု ပြော၏။

"အဟိ. . ဟုတ်တယ်. . ကိုစိုး ဆိုတာလေ"

ဝင်းက ရွှေစင့်ကို မျက်စောင်းထိုးသည်။

"မိုးမမြင် လေမမြင်ပေါ့. . ဟုတ်လား"

"မဟုတ်ပါဘူး"

"ညာချင်သေးတယ်"

ရွှေစင်က အရယ်ရပ်ရင်း . .

"ဟဲ့ . . ကိစ္စ အရေးကြီးလို့ လာတာ"

"သိပါတယ်. . ပြော ဘာဖြစ်လဲ"

ဝင်းက ရွှေစင့်ဘေးမှာ ဝင်ထိုင်သည်။

"ဒီပါနဲ့ တွေ့သေးလား"

သက်ပြင်းတစ်ချက်နှင့် ဝင်းက. .

"ဒီပါ ဘာဖြစ်နေမှန်းမသိပါဘူးဟာ" ဟု ရေရွတ်၏။

"ရွှေစင် ဖုန်းဆက်တာ သုံးခါလောက်ရှိပြီ . မကိုင်ဘူး"

"ဟုတ်လား"

လုံးဝ နားမလည်နိုင်ပုံနှင့် ရွှေစင်က စဉ်းစားနေသည်။

ဝင်းက ဘာကို ဘယ်လိုရှင်းပြနိုင်မှာလဲ။

ဒီပါ ဘာဖြစ်နေတယ်ဆိုတာ ဝင်းကသိပေမယ့် ရွှေစင့်



www.burmeseclassic.com

www.burmeseclassic.com



ကို ပြောဖို့ကျတော့ ခဲယဉ်းနေသည်။

ပြောရင် အစအဆုံးရှင်းပြရမှာ ဒီပါ အရှက်ရမှာလည်း စိုးသည်။

"ဝင်း. ."

"ဟင်. ."

"ဝင်း တစ်ခုခုသိထားတယ် မဟုတ်လား. . သူ ရွှေစင့်ကို ဘာလို့ ဒီလိုလုပ်ရတာလဲဟင်. . ပြောပြစမ်းပါ"

ဝင်း အမူအရာပျက်နေတာကို ရွှေစင် အကဲခတ်မိသည်။

"ရွှေစင့်ကိုမှ မဟုတ်ပါဘူး . . ဝင်းကိုလဲ စကားဟက်ဟက်ပက်ပက်မပြောဘူး. . ပြောတစ်ခွန်း မေးတစ် ခွန်းနဲ့ ဖုန်းချသွားတာပဲ"

"ဒီပါ ဘာဖြစ်နေတာလဲ"

"ဟင်း. ."

ဝင်းက လူကြီးတစ်ယောက်လို ပင့်သက်ချသည်။

"ဝင်းလဲ မပြောတတ်ပါဘူးဟာ"

"ဘာလဲ. . ဝင်းတို့က ရွှေစင့်ကို ဘော်ဒါအရင်းလို့ မသတ်မှတ်တာလား. . ဟုတ်လား. . ရတယ် ဒါဆိုလဲ ပြန်မယ်"





ရွှေစင်က ဆောင့်ခနဲ ထရပ်သည်။

"ဟယ် နေပါဦး ရွှေစင်ရယ်"

"လုံးဝ မကျေနပ်ဘူး. . ဒါ လျှို့ထားတာ"

ရွှေစင်က တကယ့် မခံချိမခံသာဖြစ်သွားပုံနှင့် ဝင်း ဆွဲထားသော လက်ကိုဖြုတ်ပြီး ပြန်ဖို့ပြင်သည်။

"ရွှေစင်ရယ်. . စိတ်မဆိုးပါနဲ့"

"ဆိုးတယ်. . ဝင်းက သိနေပြီး ရွှေစင်ကျတော့ မသိရဘူးလား. . ဒါ ဘာသဘောလဲ. . ဝင်းတို့ မတရားဘူး"

"မဟုတ်ပါဘူးဟာ"

ရွှေစင် စိတ်ဆိုးမှာလည်းခက် ၊ ဒီပါ စိတ်ဆိုးမှာလည်းခက်နှင့် ဝင်း ရှုံချင်လာသည်။

ပြောလည်း တစ်ယောက်က စိတ်ဆိုးမှာ။ မပြောပြန်လည်း သည်တစ်ယောက်က စိတ်ဆိုးမှာ။

"ရွှေစင်က မမအေမီကို အားကျလို့ ရည်းစားထားတာလား"

"အံမယ်. . ဝင်းနော်. . စကားမလှည့်စမ်းနဲ့"

ရွှေစင်က သည်းခံစောင့်ဆိုင်းနိုင်ပုံပင် မရပါ။

"ဒါဆို . . ဒီလိုလုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြော . . ဘာလုပ်ရမလဲ"

"ရွှေစင့် ကိုစိုးကို ပြန်လွှတ်လိုက် . . ထမင်းစားချိန် လောက် လာကြိုလို့ . . ဝင်းနဲ့ရွှေစင် အေးအေးဆေးဆေး စကားပြောရအောင်"

ရွှေစင်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး ကိုစိုးကို ပြန်ဖို့ သွားပြောလိုက်ပါသည်။

"ကိုစိုးက ဒီနေ့ အလုပ်အားလို့ လိုက်ပို့ပေးတာ"

"ရွှေစင် ချစ်လား"

"ဟင် . . ချစ်လို့ပဲ ချစ်သူဖြစ်နေပြီ"

ဝင်းက ရွှေစင့်နားနားကပ်ပြီး တိုးတိုးကလေး မေးလိုက်၏။

"ဟယ် . . ကောင်မ သွား . . ပေါက်ကရ"

ရွှေစင်က မျက်နှာလေး ရဲတက်သွားပြီး ဝင်းကို လက်သည်းနှင့် လိုက်ဆိတ်ပစ်၏။

"အား . . တော်ပြီ တော်ပြီ . . မစတော့ဘူး"

"ကဲပါ . . ဒီပါ့အကြောင်းပြောတော့"

"အေးပါဟယ် . . လာခဲ့"

ဝင်းက ရွှေစင့်ဆီမှ နှုတ်လုံဖို့ ကတိကို လေးလေး





နက်နက်တောင်းသည်။

"ဒီပါ အရှက်ရစေမယ့်ကိစ္စမို့လို့ ဟုတ်လား"

"အင်း"

"အေးပါ . . ရွှေစင်တို့က ညီအစ်မအရင်းတွေလို ခင်နေတာ . . ဘယ်သူ့ကို သွားပြောရမှာလဲ . . ငါ့ကို ကတိ တောင်းစရာမလိုပါဘူး"

"ဘာပဲဖြစ်ဖြစ် ဒီပါက ဘယ်သူ့မှ သိစေချင်မှာမဟုတ် ဘူး . . သူ့ဘာသာသူပဲ ကြိတ်ခံစားနေမှာ"

"နေပါဦး"

ရွှေစင်က နားမလည်သလိုဖြတ်မေး၏။

"ဒီပါ့ကိစ္စ ရွှေစင်နဲ့ပတ်သက်လား"

"ပတ်သက်တာပေါ့"

"ဟောတော် . ."

ရွှေစင် မျက်လုံးပြူးသွား၏။ လုံးဝ မထင်ပါ။

ဝင်းက ဒီပါနှင့် ဦးမြင့်မိုရ်အကြောင်းကို အသေးစိတ် နှင်းပြလိုက်၏။

စတိုးဆိုင်မှာ ဆုံဖူးတာ၊ စွဲလန်းခဲ့တာ၊ လေး ငါးရက် သွားစောင့်နေခဲ့တာကစလို့ အမြဲတဖွဖွရေရွတ်တမ်းတ နေတာ



www.burmeseclassic.com

www.burmeseclassic.com



ရော။ မမျှော်လင့်ဘဲ ပြန်တွေ့ရတာ။ မမဘောဘီ ရွှေးချယ်ပြီး သားဖြစ်နေတာရော။ ဒီပါ လူးလိမ့်ကြေကွဲနေရတာတွေ ဝင်းက သိသမျှ မချွင်းမချန်ပြောပြသည်။

"ဖြစ်ရလေဟာ"

ဝင်း စကားဆုံးတော့ ရွှေစင်က မျက်နှာလေးပျက်ရှာ၏။

"ဒီပါ သနားပါတယ်"

"အင်း . . ဝင်းလဲ ဘာလုပ်ရမှန်းမသိဘူး"

"ရွှေစင်သိသလောက်တော့ ကိုကိုနဲ့ မမဘောဘီ မကြိုက်သေးပါဘူး . . ဒီပါက ဘာလို့အရှုံးပေး နောက်ဆုတ်ရတာလဲ"

"မျှော်လင့်ချက်မရှိတော့ဘူးထင်လို့ နေမှာပေါ့"

"မဆိုင်ပါဘူး"

ရွှေစင်နှင့် ဝင်း ခေါင်းချင်းဆိုင် တိုင်ပင်ကြသည်။

"ကိုကိုနဲ့ ဒီပါ နီးစပ်ဖို့ ဘာလုပ်ပေးရင်ကောင်းမလဲ မသိဘူး . . စဉ်းစားစမ်းပါ . . အကြံကောင်း ဉာဏ်ကောင်းရအောင်"

ရွှေစင်က ဝင်းကိုလည်းပြော၊ သူလည်း အကြီးအကျယ်

တွေးနေ၏။

"ရွှေစင်"

"ဘာလဲဟ"

"ရွှေစင်က ဒီပါနဲ့ သဘောတူလို့လား"

"တူတာပေါ့ . . ဘာလို့မတူရမှာလဲ . . ရွှေစင့်သူငယ်ချင်းပဲဟာ . . ကိုကို့ကို သူ တကယ်ချစ်နေတာသိရတော့ ပိုတောင် သနားမိသေးတယ်"

"ဒါဆို ဝမ်းသာစရာပဲ"

ဝင်းလည်း ခုမှပြုံးလာနိုင်သည်။

"ငါတို့သုံးယောက်ပေါင်းပြီးကြံရင် ခံနိုင်ရိုးလား၊ ကိုကို ဒီပါဘက်ကို ယိုင်ခနဲပါလာစေရမယ် . . ဒီပါက စိတ်ဓာတ်ကျနေတာခက်အယ် . . လာ . . ဒီမှါဆီသွားပြီး အားပေးမယ် . . ပြီးရင် စီမံကိန်းချပြီးတော့ကို အဆင့်ဆင့် အကောင်အထည် ဖော်ရမယ်"

"ကောင်းတယ် . . ကောင်းတယ်"

ရွှေစင့်အစီအစဉ်ကို ဝင်းက အားပါးတရလက်ခံသည်။

"ရွှေစင် . . ယူ့ကိုကိုက မမဘောဘီကို ချစ်နေပြီဆိုရင်ရော ဘယ်လိုလုပ်မလဲ"







www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . မချစ်ပါဘူး. . ရွေးထားတာပဲရှိတယ်. . ချစ်ရင်ဒီလိုအေးတိအေးစက်ကြီး နေမှာတဲ့လား. . ဝင်း မသိပါဘူး ယောက်ျားတွေအကြောင်း"

"အမယ်. . မနေ့တစ်နေ့က ရည်းစားရပြီး လေသံပြောင်းသွားပြီ"

ရွှေစင့်ကို ဝင်း လှမ်းထုမိ၏။

ဒီပ့ါဆီထွက်လာကြရင်း လမ်းမှာ နှစ်ယောက်သား တိုင်ပင်နေကြသည်။

"ကိုစိုးကြီး ညစ်သွားမှာပဲ"

"အေးလေ. . စိတ်ဆိုးသွားတယ်"

"ကောင်းတယ်. . နိုင်ထား"

"ဝင်းနော်. . တော်ကြာ ထားသွားမှ ရွှေစင်ပဲ ငိုနေရမှာ မြှောက်မပေးနဲ့ သိလား. . ရွှေစင်က ခွဲနိုင်တာ မဟုတ်ဘူး"

"အမယ်လေးနော်. . တွေ့လိုက်မှဖြင့် အကျော်အမော်တွေကြီးပါလား. . မိန်းမ ဈေးကျတယ်တော့"

ဝင်းက စိတ်ပျက်ပျက်နှင့် အော်ပစ်တော့သည်။

"ဟဲ့. . ဦးမြင့်မိုရ်က သဘောတူလား"

"ရွှေစင်က ကြိုက်နေပြီဟာ တူရမှာပေါ့. . သူ့ ညီမကမှ သူ့ဘက်မရှိတော့တာ ဘာတတ်နိုင်မှာလဲ"

"အေးပေါ့နော်. . ဦးမြင့်မိုရ်က ဒီပ့ါကို စဉ်းစားပါ့မလား. . သူက လူကြီးသိပ်ဆန်တယ်. . ဒီပ့ါကို ပေါက်စနလေးဆိုပြီး စိတ်ပျက်နေမှာဟ"

"မပြောတတ်ဘူး. . အကဲမခတ်ရသေးဘူးလေ"

"ဒီပါ ကံကောင်းပါစေလေ"

"ဘာလို့ မကောင်းရမှာလဲ. . ဒီပါက စိတ်ကောင်းရှိရှာပါတယ်. . ကလေးဆန်တာကလဲ အိမ်မှာအငယ်မို့ပါ"

"အင်းပေါ့. . ရွှေစင့်လိုပေါ့. . ရည်းစားရတော့ လူကြီးမကြီးဖြစ်သွားရော. . ကလေးမဆန်တော့ဘူးပေါ့"

"မဆိုင်ပါဘူးနော်"

ဒီပါတို့လမ်းထဲ ရောက်လာတော့ စကားစပြတ်သွားရင်း ဘယ်ကဘယ်လို စပြောရမလဲဆိုတာတွေးရင်း ငြိမ်နေမိကြသည်။

ဒီပါ ခံစားနေရတာကို မကြည့်ရက်ပါ။

ကိုကိုရယ်. . ကိုကိုမို့ မမြင်တာ အ,တာပဲ၊ ကိုကို့ကို တောင်မလေးတစ်ယောက်က ချစ်နေတာတောင် မသိဘူးသား။

www.burmeseclassic.com



ရွှေစင် အားမလိုအားမရ ဖြစ်လာမိပါသည်။

* * *





"ဘယ်လို"

ကိုကို ကော်ဖီခွက်ကိုပြန်ချထားပြီး ရွှေစင့်ကို သေချာကြည့်သည်။

"ဘာထွင်တာလဲ"

"ထွင်တာမဟုတ်ပါဘူး ကိုကိုကလဲ"

"ရှုပ်ရှုပ်ယှက်ယှက်ဟာ. ."

မျက်ခုံးကြီးနှစ်ဖက်ရှုံ့ရင်း ခေါင်းရမ်းပြီး ကော်ဖီခွက်ကို ပြန်ကောက်ကိုင်၏။

ရွှေစင့်စကားကို တော်တော်လေး မသက်မသာ



www.burmeseclassic.com

www.burmeseclassic.com



နားထောင်လိုက်ရပုံ။

"ရွှေစင်တို့ တကယ်ပြောတာပါ ကိုကိုရဲ့ . . အရမ်းပျင်းလို့"

"ကျွတ် . . ညီမလေးတို့က ဘာလုပ်တတ်လို့ အလုပ်ခန့်ရမှာလဲ . . ပြီးတော့ ကုမ္ပဏီမှာ အလုပ်သမားလဲ မလိုဘူး"

"မလုပ်တတ်ရင် သင်ပေးပေါ့ . . တကယ်လုပ်ချင်တာပါဆို"

"ဟိုတစ်ယောက်ကရော"

"ဝင်းလား . . ဝင်းက သူ့မေမေနဲ့ ရွှေဆိုင်ထိုင်ရမယ်လေ"

"အင်း . . ဒါတော့ ဦးနှောက်စားပြီ"

ကိုကို ကော်ဖီကိုပင် စိတ်အေးလက်အေး မသောက်နိုင်ပါ။

"ဒါဆိုရင် ကိုကို ရှယ်ယာဝင်ထားတဲ့ စတိုးဆိုင်မှာ ပြောပေးမယ် . . အရောင်းစာရေးမပေါ့ . . လုပ်မလား"

"ဟာ . . ကိုကို့ ကုမ္ပဏီမှာပါဆို"

"နေရာလပ်မရှိဘူး . . အလုပ်သမားလဲ မလိုဘူး"

ရွှေစင်က နှုတ်ခမ်းစူသည်။





"သူများဆီမှာ မလုပ်ချင်ပါဘူး"

"ဘယ်က သူများလဲ . . ကိုကို့ မိတ်ဆွေပဲဟာ"

"ရွှေစင်တို့က ဘာမှ နားလည်သေးတာမဟုတ်ဘူး"

"အေးလေ . . ကိုကို ပြောပေးမှာပေါ့ . . ကြိုပို့လဲ ကိုကို လုပ်ပေးမယ် . . မနက် ကိုကို သွားရင်းနဲ့ ဝင်ပို့ခဲ့ မယ် . . ညနေလဲ လာခေါ်မယ် . . လမ်းကြုံနေသားပဲ . . ညီမလေးတို့ အတွေ့အကြုံရတာပေါ့ . . မလုပ်ချင်လဲ အချိန်မရွေး ဖြုတ်ထွက် . . ကိုကို အဲဒီကို နေ့တိုင်းလိုလို လာနေမှာပဲဟာ"

သည်လိုဆိုရင်တော့ မဆိုးလှပါ။

ကိုကို့အစီအစဉ်ကို ရွှေစင် လက်ခံလိုက်ပါသည်။

"ကိုကို . ."

"ဟင် . ."

"အဲဒီဆိုင်မှာ ပင်ပန်းမှာလား"

"သူများတွေလိုပေါ့ . . ညီမတို့ကိုရွေးပြီး ပိုခိုင်းမယ် မထင်ပါဘူး . . အားလုံးနဲ့တန်းတူပေါ့"

ရွှေစင့်မျက်နှာလေး ရှုံ့မဲ့နေသည်။

ဒီပါနှင့် သုံးယောက်ပေါင်းပြီး ကြံမိသည့်အစီအစဉ်သည် ဘာတွေဖြစ်လာမလဲတော့ သေချာမသိနိုင်သေး။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေးတို့က လုပ်ချင်တယ်ဆိုလို့ ကိုကိုက ပြောပေးရမှာ"

"အင်း . . ဒီအတိုင်းနေရတာ ပျင်းလို့"

"လုပ်ကြည့်ပေါ့ . . အဆင်ပြေတော့လဲ တစ်မျိုး၊ မပြေတော့လည်း တစ်မျိုးပေါ့ မဟုတ်ဘူးလား"

"ရွှေစင်တို့က တာဝန်ကျေအောင်ကြိုးစားမှာပါ"

"ဒါဆို အဆင်ပြေနိုင်ပါတယ်"

"ဒီပါ့ဆီ ရွှေစင် ဖုန်းဆက်လိုက်မယ်"

"ဟ . . နေပါဦး . . ပြောမှ မပြောရသေးတာ"

"ကိုကို မပိုင်ဘူးလား"

"ဘယ်ဟုတ်မလဲ ညီမလေးရဲ့ . . သေချာမှပြောတာ ကောင်းတယ်လေ"

"ပြီးရော . . ပြီးရော"

အဲသည်အချိန်ကလေးမှာပဲ ကိုစိုးက ရောက်လာတော့ ရွှေစင် ခုန်ပေါက်ပြေးထွက်သွား၏။

မြင့်မိုရ် သက်ပြင်းချိုက်သည်။

မျက်ခုံးကတော့ ခပ်လှုပ်လှုပ်။ ရွှေစင်တို့ သူ့ဘက် လှည့်လာပြန်ပြီ။





အဲသည်ဟာလေးတွေက အလွန်သတိထားနိုင်မှ အပြစ်ယူရခက်၊ ဆုံးမရခက်နှင့် ဘာလေးတွေမှန်းမသိ။

ဒီပါကရော ဘာလို့ ချက်ချင်းလက်ငင်းကြီး အလုပ်လုပ်ချင်ရတာလဲ။

အိမ်မှာ ချွဲလိုက်၊ ဆိုးလိုက်၊ နွဲ့လိုက်နှင့် တစ်အိမ်လုံးကို ဦးလိကျနေတော့တာ။ ဆိုင်မှာ သည်နှစ်ကောင် တစ်ပတ်လောက်မှ ခံပါ့မလားမသိပါ။သုံးရက်လောက်နှင့် အလုပ်ပြုတ်ချင်တော့ မြင့်မိုရ် မျက်နှာပျက်စရာ ဖြစ်တော့မည်။

မတတ်နိုင်ပါဘူးလေ။အခြေအနေအရပေါ့။

ဦးအောင်ဆီ ဖုန်းဆက်ပြီး သည်ကိစ္စ နည်းနည်းပါးပါး ပြောပြထားမှ၊ တော်ကြာ တစ်ခုခုဆို သူ့အပေါ် အပြစ်ပုံကျင်းသည်။

ဒီပါ ဆိုးတာလည်း သူက သိထားသည်။

မိဆိုးလေး နှစ်ယောက်အတွက် ခုကတည်းက ကြိုတင်ညှန်နေရတာကတော့ အမှန်ပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းမြည်လာတော့ ဒီပါ ပြေးကိုင်မိသည်။

ရွှေစင်နှင့်အတူ ကိုကို လာမကြိုသေးတာမို့ အဆင်သင့်ပြင်ပြီး ဧည့်ခန်းမှာထိုင်စောင့်နေခဲ့တာ။

သည်နေ့ဆို ဒီပါ အလုပ်ဝင်တာ ဆယ်ရက်တိတိရှိခဲ့ပါပြီ။ ရွှေစင်ကတော့ ပင်ပန်းလို့ တအားညည်းသည်။ စိတ်လည်းပျက်နေသည်။ဒီပါ ရွှေစင့်ကို သနားလာမိပါသည်။

သူက ဘာမှမဆိုင်ပဲ သက်သက်ဒုက္ခရောက်နေတာ။ ဒီပါကတော့ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ ထားပါတော့။ မနက်ဆို ကိုကိုက ဝင်ခေါ်ပေး။ ညဘက်အပြန်





အိမ်မှာဝင်ချပေးနှင့် တစ်နေ့နှစ်ကြိမ်ဆုံနေရတာကို ဒီပါ အရမ်းကျေနပ်မိပါသည်။

"ဒီပါ ကိုကို့ကို လုံးဝမရောနဲ့ သိလား. . ခပ်တင်းတင်းသာနေ ကြားလား၊ ဒါမှ ကိုကိုက အထင်ကြီးမှာဟ . . တော်ကြာ အတင်းကပ်နေတာပဲလို့ ထင်သွားဦးမယ်"

ရွှေစင်က ဒီပါ့ကို အဲဒီလို မှာထားခဲ့ပါသည်။

ဒီပါကရော အရောတဝင်လုပ်မှာတဲ့လား။ သူ့မျက်နှာကြီးကမှုန်တင်းတင်း တည်ထန်ထန်။ မျက်လုံးချင်းပပ် ဆုံမကြည့်ရဲပါ။

"ဟဲလို"

"ဒီပါလား"

ကိုကိုမြင့်မိုရ်အသံပဲဟု သိလိုက်တော့ ရင်ထဲ ဒိတ်ခနဲမြည်သည်။

"ဟုတ်ပါတယ်"

"ဒီပါ အဆင်သင့်ဖြစ်နေပြီလား"

"ဟုတ်ကဲ့"

မြင့်မိုရ်က ဘာမှပြန်မပြောသေးဘဲ စဉ်းစားနေသည်။ပြီးမှ "စောင့်နေလေ. . ခုပဲ လာခဲ့မယ်"ဟုဆိုပြီး ဖုန်းချသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆယ့်ငါးမိနစ်လောက် ကြာပြီးနောက် မြင့်မိုရ် ရောက်လာသည်။

ရွှေစင်မပါတော့ ဒီပါ အံ့အားသင့်ရ၏။

"ရွှေစင် ဖျားနေတယ်. . ဒီနေ့ အလုပ်မဆင်းနိုင်ဘူးတဲ့"

"ဟင်"

"ဒီပါက အဆင်သင့်ဖြစ်နေပြီဆိုတော့ ဝင်ခေါ်ပေးတာ"

ဒီပါ ဘာမှမပြောနိုင်ဘဲ တိတ်ဆိတ်နေသည်။

ကိုကိုမြင့်မိုရ်က မမဘေဘီနှင့် ထမင်းစားခန်းမှာ စကားသွားပြောနေတော့ ဒီပါ စောင့်နေရသည်။

ရင်ထဲမှာလည်း အားငယ်လိုက်တာ အရမ်းပဲတမ်းပါပဲ။

ဒီပါကတော့ ကြိုးစားလိုက်ရတာ။

တကယ်တော့ ဒီပါ ရှုံးနေမိတာ။ အမိပွာယ်မရှိတာတွေ လျှောက်လုပ်နေမိတာ။ ဒီပါ့လုပ်ရပ်တွေက ဘာများ သက်ရောက်မှုရှိမှာတဲ့လဲ။

ဆယ်ရက်မြောက်တဲ့နေ့မှာပဲ ဒီပါ အကြီးအကျယ် လက်လျှော့လိုက်မိပြီ။ နောင်တလည်းရလာမိပါသည်။





ငါကတော့ သူ့ကြောင့် အနစ်နာတွေခံ။ မျှော်လင့်ချက်တွေထား။ ဒါတွေဟာ တကယ်တော့အလကား။

မျက်ရည်တွေ ဝေ့တက်လာရင်း ငိုချင်စိတ်ကဲလာ၏။

"လာလေ. . သွားကြမယ်"

သူ ကားပေါ်မှာ အရုပ်တစ်ရုပ်လိုပါလာရင်း ဒီပါ ငြိမ်နေမိသည်။

ရင်ထဲမှာ ဘာအင်အားမှမရှိတော့။

လစ်ဟာမှုကြီးက ဘာနှင့်မှမတူ။

"ဒီနေ့ ဘယ်အချိန်ပြန်ရမှာလဲ"

"ညနေ လေးနာရီ"

"အြော်. ."

သူက ကားမောင်းနေရင်း လှမ်းမေးတော့ ဒီပါဖြေပုံက မပွင့်တပွင့်။

"ဦးမြင့်မိုရ် အပြန်လာမကြိုပါနဲ့. . . ရတယ်"

ဒီပါ့စကားကြောင့် သူက မှန်ထဲမှတစ်ဆင့် နောက်ခန်းထဲ လှမ်းကြည့်သည်။

"ဘာနဲ့ပြန်မလဲ"

"သူတို့ ဖယ်ရီစီစဉ်ပေးထားတာပဲ. . ဖယ်ရီရှိတယ်"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်က ဖယ်ရီရှိတာ ပြောထားပုံမရပါ။

“အဆင်ပြေပါ့မလား”

“အားလုံးလည်း ဒီလိုပဲ ပြန်နေကြတာပဲ”

သူမစကားလေးက အေးတိအေးစက်။ မျက်နှာလေး ကလည်း မရွှင်မပျ။ ဟိုရက်တွေတုန်းကလည်း မှန်တင်းတင်းနှင့် အပိုစကားမဆိုတတ်တာ သတိထားမိသည်။

“ရပါတယ်. . အပြန် ဝင်ကြိုပေးမယ်”

မြင့်မိုရ်ဖွတ်ပဲ ပြောချရသည်။ သူမက ဘာမှပြန်မပြော တော့ဘဲ ငေးနေ၏။

သည်ကောင်မလေး ခုတလော ဘာဖြစ်နေမှန်းမသိပါ။ သူ့အိမ်သွားလည်း တစ်ခါမှမတွေ့ရ။ ခါတိုင်းဆို မျက်စိနောက် စရာ တစ်ခုမဟုတ်တစ်ခု လုပ်နေတတ်တာ။

“အလုပ်လုပ်ရတာ အဆင်ပြေလား”

“ဟုတ်ကဲ့”

“ရွှေစင်က အရမ်းညည်းတယ်”

သူမက သည်ကိစ္စနှင့်ပတ်သက်၍ ဘာမှပြန်မပြောပါ။ သူမအိမ်မှာလည်း ညည်းသည်ဟု မကြားမိပါ။

စတိုးဆိုင်ရှေ့ ကားရပ်တော့ သူမက ညင်ညင်သာသာ တံခါးဖွင့်ဆင်း၏။ သူ့ကို နှုတ်ဆက်ပြုံးပြဖော်ပင်မရ။





ကားဆက်မောင်းလာရင်း မြင့်မိုရ်စိတ်ထဲ မကြည် လင်တော့။

အသားလွှတ် ရှောင်ဖယ်နေတာကို မခံချင်ဖြစ်လာရ သည်။

ကိုယ်က ဘာလုပ်လို့လဲ၊ဘာပြောလို့လဲ။

ရန်ဖြစ်ထားတဲ့သူလို ခါးသီးနေတာ ခံရခက်သည်။

ကြီးကြီးကျယ်ကျယ်လေးကို ညနေပင် ဝင်မကြိုချင် တော့ပါ။ ပစ်ထားလိုက်ချင်သည်။

သို့ပေမယ့် သူ စိတ်ပြန်လျှော့ရသည်။

“ကိုကို. . ဒီပွဲကိုသေသေချာချာ လိုက်ပို့နော်. . ဂရု စိုက်နော်”ဟု ရွှေစင်က မှာထားတာ။

ဟိုကဖြင့် ဘာဝင်မြင့်မြင့်နှင့် မတူသလို မတန်သလို လုပ်နေတာ။

သည်လိုတွေလုပ်ရအောင် ကိုယ်နှင့်သူမ ရွယ်တူ တွေလား။

ဒီပါ မင်းတော်တော်ခက်ပါလား. . ။

မြင့်မိုရ် ခေါင်းယမ်းမိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ညနေ လေးနာရီတိတိမှာ သွားစရာကိစ္စတစ်ခုရှိတာကို အချိန်ခဏရွှေ့ရင်း ဒီပါ့ကို သူ ကြိုဖို့ထွက်လာခဲ့မိ သည်။

သူရောက်သွားတော့ ဒီပါ စောင့်နေတာ မမြင်ရပါ။ သူ ကားရပ်ပြီး ဆိုင်ထဲဝင်လာပေမယ့် ဒီပါ့ အရိပ်အယောင်ပင် မတွေ့ရ။

"ဒီပါရော. ."

အရောင်းစာရေးမလေးတစ်ယောက်ကို သူ မေးမိပါ သည်။

"ဟို. . ပိုက်ဆံရေဖို့ ဘော့စ်လာခေါ်သွားတယ်"

ကြောင်နှစ်ကောင်စာအုပ်တိုက်



"ဪ. ."

ဒီပါ့ တာဝန်ချိန်ကုန်နေပြီပဲဟု တွေးရင်း စိတ်ထဲ ထင့်ခနဲဖြစ်မိသည်။

အပေါ်ထပ် ရုံးခန်းလေးထဲအထိ သူ တက်လာခဲ့သည်။

"ဟော. . ကိုမြင့်မိုရ် လာဗျာ"

ဆိုင်ပိုင်ရှင်ဟု အားလုံးက သိထားသော အမှန်တော့ သူလည်း ငါးပုံတစ်ပုံသာ မြင့်မိုရ်တို့နှင့် တန်းတူ ရှယ်ယာထား သော ဘော့စ်ကိုထွန်းခိုင်က သူ့ကို ရယ်မောနှုတ်ဆက်ပါသည်။

ဒီပါက အခန်းထောင့်မှာ ကျုံ့ကျုံ့ထိုင်ရင်း ပိုက်ဆံတွေ နှင့် တွက်စက်တစ်လုံးနှင့် စာရင်းစာအုပ်နှင့် . .

ဒါ ဒီပါ့အလုပ်မှမဟုတ်တာ။ တစ်ခုခု အမှားအယွင်း ဖြစ်ရင် ဒီပါက ကန့်လန့်ကန့်လန့် အဆစ်ပါနေဦးမယ်။

ဒီပါ့ကိုမှ ရွေးပြီး ပိုက်ဆံရေတွက်ခိုင်းတာ ဘာသဘော လဲ။

ဘာရည်ရွယ်ချက်လဲ။

မြင့်မိုရ် အရမ်းမကျေမနပ်ဖြစ်သွားမိပါသည်။

ဆယ်ရက်ပဲရှိသေးသည့် အလုပ်ဝင်ခါစ ဘာမှနားမ လည်သေးသော ဒီပါလေးကို ဒါတွေ လုပ်ခိုင်းစရာလား။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com



"ထိုင်ဗျာ. . အအေးသောက်မလား"

"ရပါတယ်. . မသောက်တော့ဘူး. . ဒီပါ့ကို ဝင်ခေါ်တာ. . ဒီပါ လေးနာရီဆယ့်ငါးရှိနေပြီ"

ကိုထွန်းခိုင်က အပြစ်ရှိသလို ရယ်ရင်း. .

"ဒီနေ့ မြင့်မြင့်မလာလို့ဗျာ. . အဲဒါ ယုံကြည်လို့ရတဲ့ ဒီပါ့ကို ခေါ်ခိုင်းရတာ. . တာဝန်ချိန်ပြီးနေမှန်း သိပါတယ်"

ဒီပါက ဆက်ပဲ ထိုင်နေရန်။ ပြန်ဖို့ပဲ ထရန်းနှင့် မြင့်မိုရ်ကို မော့ကြည့်၏။

"ကဲပါ. . ဒီပါ ပြန်ဖို့ လာကြိုတာဆိုလဲ လိုက်သွားလေ"

ဒီပါက ဖျတ်ခနဲ မတ်တပ်ရပ်ပြီး အောက်ဆင်းသွား၏။

"ကျွန်တော် ပြန်မယ်"

"အေးအေးဆေးဆေးပေါ့ဗျာ"

"ကိစ္စလေးတစ်ခုရှိလို့ နောက်မှပဲလာမယ်ဗျာ"

သည်လူ့ စိတ်ဓာတ်ကို သူ တော်တော်စိတ်ပျက်သွားပါသည်။

သူ ခပ်သွက်သွက်ဆင်းလာတော့ ဒီပါက ကားဘေးမှာ ရပ်နေသည်။

"ဦးမြင့်မိုရ်"





"ပြော. . တက်လေ"

"ဒီပါ ဖယ်ရီနဲ့ပြန်မယ်လို့ ပြောပြီးသား. . ဘာလို့ လာကြိုတာလဲ. . ဟိုမှာတွေ့လား ဖယ်ရီ. . ဒီပါ သွားမယ်နော်. . နောက်နေ့တွေလဲ ဒုက္ခခံပြီး ကြိုပို့လုပ်ပေးစရာ မလိုတော့ပါဘူး"

ဒီပါက ခေါင်းမာမာနှင့် ပြောချင်ရာပြောပြီး လှည့်ထွက်သွား၏။

"တောက်. ."

မြင့်မိုရ် ကားတံခါးကို ဝုန်းခနဲဆွဲဖွင့်ကာ တက်ထိုင်ကာ ဝုန်းခနဲပိတ်ပစ်ပြီး မောင်းထွက်ခဲ့သည်။

တော်တော်ဒုက္ခပေးတဲ့ ကောင်မလေး။ စေတနာကို စေတနာမှန်းမသိဘူး။

သူ့ကိုယ်က အနေမတတ်လို့လည်း ဟိုက ခေါ်ခိုင်းတာ နေမှာ။

မဟုတ်သေးပါဘူး။ ငါ ဝင်သွားတော့ သူ့မျက်လုံးတွေ လက်သွားတာပဲ။ ဝမ်းသာအားရ ဖြစ်သွားရှာတာ။ အားကိုးတကြီး စောင်းကြည့်တယ်။ ဒီလို ပစ်စလတ်ခတ် ငါ ဘာလို့သွားရသလဲ။ ငါ့လုပ်ပုံကြောင့် သူ့မှာ အကာအကွယ်မဲ့ပြီး သူများ



www.burmeseclassic.com

www.burmeseclassic.com



အထင်သေးခံရတာလား။ သူက ဦးအောင်သမီး အငယ်ဆုံးလေး။ ချမ်းသာတာကလည်း အရမ်း။ ဦးအောင်သာသိလျှင် ဘယ်လိုနေမလဲ။

နောင်တနှင့်အတူ တုန်လှုပ်သွားမိသည်။

ဘာဆက်လုပ်ရမှန်းမသိအောင် သူ ထွေပြားသွား၏။

ညဘက် အိမ်ပြန်ရောက်တော့ ရွှေစင်က ထမင်းစားစားပွဲမှာရှိနေသည်။

"ကိုကို. ."

"ဟင်. ."

"ကိုကို နောက်ကျတယ်နော်"

"အင်း. . ဟုတ်တယ်"

သူနှင့် ရွှေစင် မျက်နှာချင်းဆိုင် ထိုင်လိုက်မိတော့ ရွှေစင်က တစ်ခုခုပြောချင်သလို မော့ကြည့်လာ၏။

"ဆိုင်က ဟိုလူကြီးတော့ စီးပွားရေးလောကမှာ ရေရှည်ရပ်တည်ဖို့မလွယ်ဘူး. . သိလား ကိုကို"

"ကိုထွန်းခိုင်လား"

"အင်း. . ဟုတ်တယ်. . မိန်းကလေးမြင်ရင် ထိကပါး ရိကပါးနဲ့ ဘာမှန်းကို မသိပါဘူး"





"သူ သိက္ခာမထိန်းတတ်တာကွ"

"ဒီပါက သူ မလုပ်ချင်တော့ဘူးလို့ ဖုန်းဆက်တယ်"

"ဟင်. . ဘယ်တုန်းကလဲ"

"စောစောကပဲ"

"ဘာဖြစ်လို့တဲ့လဲ"

"အဆင်မပြေလို့တဲ့"

"ဪ. ."

မြင့်မိုရ်က နားထင်ကို လက်မနှင့်ပွတ်ရင်း စဉ်းစား၏။ ဒီပါ့အတွက် တစ်ခုခု လုပ်ပေးချင်စိတ်က ချက်ချင်းကြီးနိုင်ထဲရောက်လာ၏။

"ရွှေစင်. ."

"ဘာလဲ ကိုကို"

"ဒီပါနဲ့ စကားပြောချင်တယ်"

ရွှေစင် ပေးခဲ့နဲ့ အော်ပစ်ချင်လောက်အောင် ဝမ်းသာတ်ကို နှုတ်ခမ်းကိုက်ရင်း မနည်း ထိန်းချုပ်ထားရပါ သည်။

ခုနလေးတင် ဒီပါနှင့်တိုင်ပင်ပြီး စိတ်ဓာတ်ကျကျနှင့် ယောက်သား လက်လျှော့လိုက်ဖို့ တွေးထားတာ။

အင်း. . မျှော်လင့်ချက်တော့ရှိသေးသား။ ကိုကိုက



www.burmeseclassic.com

www.burmeseclassic.com



ဒီပဲ့ကို ဘာများ ပြောစရာရှိပါလိမ့်။

"ရွှေစင် ဖုန်းခေါ်ပေးရမလား ကိုကို"

"အင်း. ."

ဘယ်လောက် စိတ်ပါသလဲဆိုတော့ ချက်ချင်း ဖုန်းရှိရာ ရောက်သွားပြီ။

ဖုန်းလာကိုင်တာက မမဒေစီ။

"မမ. . ဒီပါနဲ့ ပြောချင်လို့"

"သူ အိပ်ရာဝင်သွားပြီ ညီမလေးရဲ့. . . အရေးကြီး လား"

ရွှေစင် ဘယ်လိုပြောရမှန်းပင်မသိတော့။

"အင်း. . မအိပ်သေးရင် ခေါ်ပေးပါနော်"

"ခဏကိုင်ထားနော် ညီမလေး"

"ဟုတ်ကဲ့ မမ"

ရွှေစင်က ကိုကို့ကို ပြုံးပြသည်။

"ကိုကို. ."

"ဟင်. ."

"ဒီပါက စိတ်ညစ်ညစ်နဲ့ အိပ်နေပြီတဲ့"

ကိုကိုက နှုတ်ခမ်းစေ့ရုံပြုံးသည်။ ရွှေစင် ဖုန်းခေါ်တော့





ကိုကိုကလည်း လာရပ်စောင့်နေပါသည်။ ဒီပဲ့ အတွက်တော့ တကယ့်မင်္ဂလာသတင်းပါပဲ။ ကိုကိုက ဒီပဲ့အပေါ် လုံးဝလစ်လျူ ရှုနိုင်တာမျိုး မဟုတ်တော့ဘူးလေ။

"ဟဲလို"

ဒီပဲ့အသံလေးက ခပ်အစ်အစ်။

"ဒီပါ"

"ရွှေစင်လား ပြော"

"ဘယ်လိုဖြစ်တာလဲ"

"အိပ်ချင်လို့ဟာ. . အိပ်ရာထဲက ပြောနေတာ. . ဘာလဲ ရွှေစင်အိပ်မပျော်တာနဲ့ ဒီပဲ့ကို နှောင့်ယှက်တာ လား"

"မဟုတ်ပါဘူးဟာ. . ကဲပါ. . ဒီပါ နိုးနေပြီလား"

"ဟ. . နိုးလို့ စကားပြောနေတာပေါ့"

"မသိဘူးလေ. . အိပ်ချင်မူးတူးများဖြစ်နေသလားလို့"

"မဖြစ်တော့ပါဘူး. . ပြော"

"ကိုကိုက ဒီပါနဲ့ ပြောမယ်တဲ့"

"ဟင်"

ဒီပါ ခပ်ကြာကြာ တိတ်ဆိတ်သွား၏။

"အဲဒါ. . ဒီပါ ကိုကိုနဲ့ ပြောလိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်က ကိုကို့ဆီ ဖုန်းခွက်လှမ်းပေးသည်။

မြင့်မိုရ်က ဆိုဖာတစ်လုံးမှာ ဝင်ထိုင်သည်။ရွှေစင်က သူနှင့် မဆိုင်တော့သလို လှည့်ထွက်သွား၏။

"ဟဲလို"

သူ အသံပြုလိုက်ပေမယ့် သူမဘက်က ပြန်ထူးသံမကြားရပါ။ သူမ ဘာလို့ သူ့ကို စကားဆိုဖို့ ဝန်လေး တုံ့ ဆိုင်းနေသလဲ။

ဟိုးအရင်တစ်ခါ သူနှင့်သူမ ခပ်ကြာကြာ ဖုန်းပြောဖြစ်ခဲ့တာ ပြန်တွေးမိပါသည်။ အဲဒီတုန်းက သူမစကားတွေ အရှည်ကြီး ပြောခဲ့တာ။

သူမ ဖွင့်ထားသော သီချင်းသံ တိုးတိုးလေးက အေးအေးလေးနှင့် ဆွဲအားပြင်းလှသည်။ မျိုးဟေ့ာမြိုင် ၏ 'မင်းအတွက်'ဆိုသော သီချင်းလေး။

ညအိပ်ရာဝင် သီချင်းနားထောင်ပြီး အိပ်တတ်သော သူမ အကျင့်လေးကို သူ သဘောကျမိပါသည်။

သူလည်း ညတိုင်း သီချင်းနားထောင်ရင်း အိပ်ပျော်တတ်သူ မဟုတ်လား။

'တွေ့ကြဖို့က ခက်နေ..





ဝေးရမှန်းလည်း သိနေ..

မျှော်လင့်ခြင်းအတွက်

ဘယ်လို ရှေ့ဆက်ဖို့အချိန်တွေ ..'

'အတူ လျှောက်ခဲ့ကြတဲ့ညတွေ .. ကိုယ့်ရဲ့နံဘေးနား မင်းနေ့..

ရှိဝေတဲ့အငွေး မျက်လုံးလေးရယ် အဖြေ..

သူမက အသံမပြုတော့ သူလည်း ငြိမ်ပြီး သီချင်းပဲ နားထောင်နေလိုက်သည်။

"သိပ်ချစ်ရတဲ့ အချစ်တွေ သူ့အတွက် အိပ်မက်ဖြစ်ပါစေ..

သူ တကယ် နိုးထချိန်မှာ အမြဲတမ်းရှိပါစေ'

'ဟေး.. အရာရာမမြင်နိုင်တဲ့နေ့မှာ ကိုယ်တို့နှစ်ယောက်

အတူတူ ဆုံဖို့ဖြစ်လာတော့'

'ဟေး.. သူ ပျော်ရွှင်ရာ ဘဝတစ်ခုမှာ ကိုယ့်အချစ်တွေ လေပြည်လိုပဲ အေးပါစေ'

'နှုတ်ဆက်ရမယ့်နေ့တွေ ကိုယ်တွေးရင်း သိပ်ကြောက်မိနေ



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ရဲတဲ့ အချိန်တွေ နောက်ကျခဲ့ပြီလေ'

'သိပ်ချစ်ရတဲ့ အချစ်တွေ ခုဘဝအတွက် မဖြစ်လည်း လေ

နောင်ဘဝများ ရှင်သန်ပါ ကိုယ့်ရဲ့ အချစ်တွေ ဟေး

'ဟေး . . ပိုင်ဆိုင်ချင်တဲ့နေ့ရက်တွေ မင်းအတွက်ဆို

'ဟေး . . ယုံကြည်နေပါ နောက်ရက်တွေ ကိုယ်သိပ် ချစ်တယ်

တကယ်ကို ဘယ်လောက်ပဲ ဝေးပါစေ . . ဟိုး . .'

'ဦးမြင့်မိုရ် ဘာပြောချင်လို့လဲ'

သီချင်းသံတွေကြားမှ ဖောက်ထွက်လာသော အသံ လေးက ပကတိချိုသာနူးညံ့နေသည်။

'မင်းအတွက် စကားလုံးလေးတွေ . .

မင်းအကြောင်းရေးတဲ့ သီချင်းတွေ . .

ကိုယ် နေ့နဲ့ညတွေကို ဖြတ်သန်း . .

"ဒီပါ အလုပ်မဆင်းတော့ဘူးဆို"

"ဟုတ်တယ်"

"အဆင်မပြေဘူးဆို"

"ဟုတ်တယ်"





မြင့်မိုရ်ရဲ့ သက်ပြင်းတစ်ချက် ရှိုက်လိုက်သည်။

"ဒီပါက အလုပ် လုပ်ချင်လို့လား"

"အင်း . . စိတ်ရှည်ရှည်နဲ့ တာဝန်ကျေအောင် ကြိုးစားတာပဲ . . မတတ်နိုင်ပါဘူး . . ဒီပါ မလုပ်ချင်တော့ ဘူး"

"ကုမ္ပဏီမှာဆိုရင်ရော"

"အဟင်း . . မလွယ်ပါဘူး . . ဒီပါက ကွန်ပြူတာ မပြောနဲ့ လက်နှိပ်စက်တောင် မရိုက်တတ်ဘူး . . အင်္ဂလိပ် စကားဆိုလဲ ဝေလေလေပဲ . . ကုမ္ပဏီမှာ ဘယ်သူက နေရာ ကောင်းပေးပြီး ခန့်မှာလဲ"

သည်လိုတော့လည်း သိရှာသား။

"အရည်အချင်းတွေ ကြည့်လာလို့ချည်လား"

"ပြီးတော့ ဘွဲ့ကလဲ မရသေးဘူး"

"အဲဒါတွေ သိထားပြီးသားပဲ . . နေရာကောင်းက တော့ မရနိုင်သေးဘူးပေါ့ . . ဒီပါ လုပ်ချင်တယ်ဆို ကိုယ့် ကုမ္ပဏီမှာ ခန့်မလို့ . . ကွန်ပြူတာလည်း ဒီမှာပဲ အချိန်ပိုင်း သင်လိုက်ပေါ့"

ဒီပါက ဘာမှပြန်မဖြေပါ။

"ဒီပါက မလုပ်ချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

သူမက ရေတွးတွေးဆဆနှင့် . .

"ဖေဖေတို့ကို မေးကြည့်ဦးမယ်"ဟု ဆိုသည်။

"မဆိုးပါဘူး . . မင်း အများကြီးလိမ္မာလာပြီ"

သူ့မှတ်ချက်ကို သူမက တစ်စုံတစ်ရာ ချေပခြင်းမရှိပါ။

"မပြောတတ်သေးဘူးလေ"

"ဟ . . ဘယ်ဟုတ်မလဲ . . ပြောတတ်ရမှာပေါ့"

ဒီပါက မရယ်ချင့်ရယ်ချင် ရယ်သံကလေးနှင့်။

"ဒီပါက ဘာအရည်အချင်းမှမရှိပဲ ဦးမြင့်မိုရ်တို့ဆီမှာ အလုပ်ဝင်ရမှာ အားနာတယ် . . ဖြစ်ပါ့မလားလို့ပါ . . စတိုးဆိုင်မှာတောင် ဒီပါက လုပ်ခဲ့သေးတာ . . ကုမ္ပဏီမှာ အလုပ်မလိုချင်ဘဲနေပါ့မလား . . ပြီးတော့ . . ဟို"

သူမစကားလေးတွေက မြင့်မိုရ်ရင်ထဲကို တွင်းဖောက်ဝင်ရောက်လာသည်။

သည်ကောင်မလေး ငယ်ပေမယ့် အသိဉာဏ်ကြွယ်သား။ ကိုယ်လိုအရွယ်နှင့်မီအောင် ပြောနိုင်သည်။

"ဆက်ပြောပါဦး"

"ဖေဖေတို့က ခွင့်ပေးမှလဲဖြစ်မှာပါ"





လုပ်ချလိုက်ပြန်ပြီ။ မင်းကတော့ တစ်မှတ်ပြီးတစ်မှတ် 'သယ်'နေတော့တာပဲကိုး။

"အန်ကယ်တို့က ကန့်ကွက်မယ် မထင်ပါဘူး"

"ဟုတ်တော့ ဟုတ်ပါတယ်"

"တစ်ခုတော့ရှိတာပေါ့ . . မင်းအကြောင်းမင်းသိရင် မင်းဟာမင်း ကိုယ့်အသိစိတ်နဲ့ ကိုယ်ကြိုးစားဖို့ ပေါ့ ပေါ့ဆဆ မနေဖို့၊ကလေးမဆန်ဖို့"

"ကလေးဆန်တာတော့ ကလေးပဲဟာ"

ပက်ခနဲပြန်ပြောတော့ မြင့်မိုရ် စိတ်ပျက်မိသည်။

သည်အရွယ်လေးတွေ တော်တော်ခက်သည်။ လူကြီးလေးလို ဟန်ဆောင်ထားလည်း ခဏပါပဲ။ ကြာရင် မရတော့။

"ဒီပါ သီချင်းနားထောင်နေတာလား"

"အင်း . . အိပ်ချင်တာနဲ့ မပိတ်မိဘူး"

သူမက ခုမှ သတိတရ ကက်ဆက်ပိတ်သည်။သီချင်းသံ ကြားရတော့ပေ။

"ညဆို သီချင်းနားထောင်ပြီးအိပ်တာ၊ မီးပိတ် ကက်ဆက်ဖွင့်ပြီး ပန်းတစ်မျိုးမျိုးကို အနားမှာယူပြီး အိပ်ကြည့် ဘယ်လိုလေးမှန်း မသိဘူး . . အရမ်းကောင်းတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပန်းလဲ"

"ညမွှေးပန်းတို့၊ စပယ်ပန်း လတ်လတ်ဆတ်ဆတ်တို့၊ ရေမွှေးနှင်းဆီတို့ပဲဖြစ်ဖြစ် တစ်မျိုးမျိုးပေါ့"

"ကက်ဆက်ဖွင့်ပြီးတော့ အိပ်တတ်ပါတယ်. . ပန်း တော့ အနားယူမထားမိဘူး"

"ဦးမြင့်မိုရ် မခံစားဘူးသေးလို့"

"ဆိုပါဦး"

"သီချင်းသံရယ်. . ပန်းရနံ့ရယ်. . ညအမှောင်မှောင် ရယ် ဘယ်လိုလိုက်ဖက်မှန်းကို မသိပါဘူး. . တ ကယ်ပြောတာ"

သူမက အားတက်သရောလေး၊အကြံပေးနေ၏။ ကလေးစိတ်ဟာလည်း သူများထက်တော့ ထူးဆန်းနေ သည်။

"မင်းပြောလို့ မနက်ဖြန်ည ကိုယ်ခံစားကြည့်လိုက်မယ်"

"အင်း"

"ကဲကွာ. . မင်းအိပ်တော့. . မနက်မှပဲ မင်းတို့အိမ်လာ ပြီး စကားပြောတော့မယ်. . တစ်ခုတော့ရှိတယ် ငါ မျက်နှာ ပျက်စရာဖြစ်အောင် မင်းဘာတစ်ခုမှ အမှားအယွင်း မလုပ်နဲ့ ကြားလား . . ကလေးလိုလို ဘာလိုလိုနဲ့ စိတ်ရှုးမပေါက်နဲ့"

"ဟုတ်ကဲ့"



သူ့စကားကို တလေးတစားတော့ ခေါင်းညိတ်ရှာသား။ နောက်မှသာ တလွဲတချော်လုပ်ချင်လုပ်မှာ။

"အခုရော မင်း ဘာပန်းယူထားသလဲ"

"ရေမွှေးနှင်းဆီ ပန်းအိုးထိုးထားတယ်. . မွှေးနေတာ ပဲ"

တော်တော်စိတ်ကူးယဉ်သည့် ကလေးမ၊ရည်းစားတွေ ဘာတွေ ရှိနေပြီလားမသိပါ။

ခေါင်းထဲကို အတွေးစတစ်ခု ဝင်ရောက်လာသည်။ပြီးမှ ရွှေစင်ကို မေးမြန်းကြည့်ရမည်။သူ့ သူငယ်ချင်းဘက်က ဖုံဖုံဖိဖိ ဘာကွယ်ပြောချင်လည်းပြောမှာ။သူတို့က သိပ်စည်းလုံးနေကြ တာ။

"ဒါပဲကွာ. . ဂွတ်နိုက်"

သူ နှုတ်ဆက်တော့ သူမက ခပ်မြန်မြန်ပဲ ဖုန်းချသွား သည်။

ဘာတစ်ခွန်းမှ ပြန်နှုတ်ဆက်ဖော် မရပါ။

"ရွှေစင်"

"ဟင်. . ကိုကို"

ရွှေစင်က သူ့အနားရောက်လာ၏။

"ရွှေစင် သူငယ်ချင်းက ရည်းစားတွေ ဘာတွေရှိလား"

သူ့စကားကို ညီမငယ်က မျက်လုံးလေး အဝိုင်းသားနှင့်

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩနေပြီးမှ တအား အော်ရယ်လေသည်။

"သူက ကိုကို့ကို ဘာပြောလို့လဲ"

မြင့်မိုရ် ဘာကို ဘယ်လိုပြောရမှန်း မသိတော့ပါ။မေးလိုက်တုန်းက စိတ်ထဲ ဘာမှ မစဉ်းစားဘဲ မေးမိတာ။ညီမလေး ရယ်လိုက်မှပဲ မလုံမလဲ ဖြစ်ရတော့သည်။

ဒါ ကိုယ်မေးစရာ စကားလား။ဟုတ်သားပဲ။ကိုယ် စပ်စုသလိုဖြစ်ပြီ။

ဟားလှက်စနှင့် ဟားစေတော့။သူ့မေးခွန်းကို သူ ပြန်မရုပ်သိမ်းဖြစ်ပါ။

"ဒီပါက ရည်းစားရှိတယ်လို့ ကြွားလိုက်တာ"

"မကြွားပါဘူး"

"ကြွားရင်လဲ မယုံနဲ့ . . ဘာရည်းစားမှ မရှိဘူး"

"ဟုတ်ရဲ့လား"

"ကိုကိုက ရှိတယ်ထင်လို့ . . ဟုတ်လား"

"မသိဘူးလေ"

"အထင်ကြီးလိုက်တာ . . ဒီပါ့လို စွာတေးဆိုးကျယ်လေးကို ဘယ်သူက ကြိုက်မှာလဲ . . ကိုကိုပဲ တွေး ကြည့်ပါဦး"

"ဒီလို အပြတ်ပြောလို့ ဘယ်ရမလဲ"

"ဘာလို့"

"ညီမလေးကိုတောင် ကိုစိုးက ကြိုက်သေးတာပဲ"





ကိုကို့စကားက ရွှေစင့်ကို အောင့်သွားစေသည်။ရွှေစင် အရယ်ရပ်သွား၏။

"မဟုတ်ဘူးလား . . ဒီပါလိုဟာလေးကိုလဲ ကြိုက်တဲ့လူ ရှိကောင်းရှိမှာပေါ့ . . ဘယ်ပြောနိုင်မှာလဲ"

"ဒါတော့ ကိုကို သက်သက် ကပ်နှိမ်တာပဲ"

"မဟုတ်ပါဘူး . . ညီမလေးကို စံနမူနာထား ပြောတာ"

"တော်ပြီ . . ကိုကိုနဲ့ မခေါ်တော့ဘူး"

"သဘော . . သဘော . . နားညည်းသက်သာတယ်"

"ကိုကို . . "

ရွှေစင်က ငယ်ကျင့် မဖျောက်ဘဲ ခြေဆောင့်ပစ်သည်။ ကျွက်စောင်းလဲ ထိုး၏။ကြာရင် သူ့ကို ကုတ်ဖဲ့ ဆွဲဆိတ်လုပ်တော့မည်။

"ဒီပါ့ကို ကိုကိုတို့ ကုမ္ပဏီမှာ အလုပ်ခန့်တော့မယ်"

"ဟင် . . "

သူ စကားပြောင်းလိုက်တာကို ရွှေစင် မရိပ်စားမိတော့ပါ။

"တကယ်လား . . ကိုကို"

"အင်းလေ . . သူက အလုပ်လုပ်ချင်နေတာကိုး"

"ပျော်စရာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပျော်တာလဲ"

မြင့်မိုရ် ရွှေစင်ကို စူးစူးစမ်းစမ်းကြည့်၏။

ရွှေစင် မထိန်းနိုင်ဘဲ ဟေးခနဲ အော်မိတာလေ။

"မဟုတ်ပါဘူး"

ကိုကိုက လူပါးဆိုတော့ ရိပ်စားမိသည်။

"ဒီပါ အလုပ်ရရင် မုန့်ကျွေးခိုင်းရမယ်"

"အေး . . ကိုကိုကတော့ ခပ်လန့်လန့်ပဲ ရွှေစင်ရေ့ . . ညည်းလေး သူငယ်ချင်းက ဘယ်နှစ်ရက်မြဲပြီး ဘာတွေ လုပ်မလဲ မပြောတတ်ဘူး . . ပြဿနာတွေတက်ကုန်ရင် ကိုကို မျက်နှာပျက်ရမှာ"

"ဒီလောက်လဲ အထင်မသေးပါနဲ့ . . ကိုကိုရာ"

"ပြောလိုက်ရင်တော့ ဟုတ်နေတာပါပဲ"

"ကိုကို စောင့်ကြည့်ပေါ့"

ရွှေစင် ရဲရဲကြီး အာမခံနေပေမယ့် မြင့်မိုရ် ယုံကြည်မထားရဲပါ။

မနက်ဖြန် အန်ကယ်အောင်နှင့်လည်း သွားတွေ့ရမည်။

ဒီပါလေးအကြောင်း ဘေဘီ့ကိုလည်း ပြောပြရဦးမည်။

* * *





"ဟင်"

အခန်းထဲလှမ်းကြည့်ရင်း မြင့်မိုရ် မျက်မှောင်ကြုတ်သွားရသည်။

ဒီပါက ထမင်းစားပွဲ ရှည်ရှည်လေးမှာ တစ်ဦးတည်း ထမင်းစားနေသည်။

သူ နာရီကို ကြည့်မိတော့ နေ့လည် တစ်နာရီခွဲတိတိ။

စောစောတုန်းက သူ ထမင်းစားခါနီး ခေါ်ကြည့်တော့ "ဒီပါ စားပြီးပါပြီ"ဟု မော့မော့တင်းတင်းကလေး ဖြေခဲ့သေးတာ ခုမှ အညာမိတော့သည်။

ကိုယ်ကတော့ သူမကို ဒီမှာ လူသစ်မို့ အစစအရာရာ



www.burmeseclassic.com

www.burmeseclassic.com



ဖေးမပေးချင်တာ။သူမက ဘာသဘောမှန်း မသိပါ။

ထမင်းစားခန်းလေးက သီးသန့်ရှိပြီး စားဖို့ သောက်ဖို့ တာဝန်ယူသူပါ အဆင်သင့် ခန့်ထားပေးတော့ အဆင်ပြေလှသည်။

သူ ရေငတ်သလို ရှိတာမို့ ရေခဲသေတ္တာထဲမှ ရေပုလင်း လာထုတ်တာ ခုတော့ သူမနှင့် တန်းတိုးတော့သည်။

ကိုယ့်ကို ညာစရာလား။ မဆာသေးလည်း မဆာသေးဘူးပေါ့။

ကိုယ်က အပြစ် တစ်စုံတစ်ရာ တင်မှာတဲ့လား။

မကျေမနပ်နှင့် သူ ရပ်ကြည့်နေပေမယ့် ဒီပါက ကျောပေးထားတော့ သူ့ကို မမြင်ပါ။

ပထမတော့ ဒေါသနှင့် အနားကပ်သွားမလို့ပါပဲ။ နောက်တော့လည်း စိတ်အနှောင့်အယှက် မပေးချင်တာမို့ လှည့်ထွက်လာခဲ့သည်။

ဘာမဟုတ်တာလေးကိုပဲ သူမ လိမ်လည်ပြောဆိုတတ်တာ။

မြင့်မိုရ် ခေါင်းယမ်းသည်။

ဒီပါ့ကို သူ နားမလည်နိုင်တော့ပါ။

သည်မှာက ထမင်းစားချိန်ရယ်လို့ အတိအကျ သတ်မှတ်ထားတာလည်း မဟုတ်။ ဆာရင် ဆာသလို ဝင်စားခွင့်





ရှိတာ။သူနှင့်အတူ ထမင်းစားတော့ ဘာဖြစ်မှာမို့လဲ။

ဘာသဘောနဲ့ မင်း ဒါမျိုး လုပ်ရတာလဲ ဒီပါရယ်။

ရင်ထဲမှာ တော်တော် ရှုပ်ထွေးသည်။

သူ သီးခန့်ခန်းထဲကို ပြန်ဝင်လာရင်း . . .

"မောင်မောင်သန်းရေ. . ရေတစ်ပုလင်း ယူခဲ့စမ်းပါကွာ"ဟု အော်မှာခဲ့သည်။

ခုံမှာထိုင်ချပြီး သူ အသက်ပြင်းပြင်း ရှူနေမိသည်။

စကတည်းက မပတ်သက်ချင်သလိုလို အရောတဝင် မနေချင်ဘလိုလိုနှင့် ဘာပုံစံမှန်းကို မသိပါ။

ကိုယ့်ထက်ပါးနပ်လျှင်မြန်နေတော့ သူတို့လေးတွေကို တိုယ် နားမလည်နိုင်ပါ။ ဘာအံ့မိဗ္ဗာယ်နှင့် ဘာတွေ လုပ်နေမှန်း မသိ။

မောင်မောင်သန်းက ရေခဲရေ တစ်ပုလင်းနှင့် ရေခွက်ပါ ယူလာပေးသည်။

"ဒီပါ ထမင်းစားပြီးပြီလား"

"ပြီးပြီထင်တာပဲ"

"ထင်တာက ဘယ်က ပါလာတာလဲ"

"အတိအကျ မသိလို့ပါ ဆရာ"

"ဒီပါ့ကို ခဏလွှတ်လိုက်"

"ဟုတ်ကဲ့"

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရေခဲရေတစ်ခွက် ထည့်သောက်ပေမယ့် ရင်ထဲ မအေး ပါ။

သိပ်မကြာလိုက်ပဲ ဒီပါ ရောက်လာ၏။

"ထိုင်လေ"

"ဦးမြင့်မိုရ် ခေါ်တယ်ဆို"

သူမက စားပွဲဘေး လာရပ်ပြီး ကိုယ်လေးကျုံ့မေး၏။

"ထိုင်"

သူ တစ်ခွန်းထပ်ပြောမှ အသာကလေး သူ့ရှေ့ လာထိုင်၏။

"ဘာလို့ ညာတာလဲ"

"ရှင်"

တောက်ပရွှန်းစိုသော မျက်လုံးနက်နက်ကလေးနှင့် မော့ကြည့်တော့ သူ ခပ်စူးစူး ပြန်ကြည့်နေမိသည်။

သိပ်လှသော မျက်လုံးလေးတွေပါလား။

သူ ရုတ်တရက် သတိပြုမိသွားသည်။

ဒီပါက မသိမသာလေး မျက်နှာလွှဲသွားမှ သူ တစ်မျိုး ဖြစ်ရ၏။

"ဦးမြင့်မိုရ် ဘာပြောတာလဲ"

"ဒီပါ ဝေ့လည်လည် မလုပ်နဲ့ . . မေးတာကိုပဲဖြေ"

သူ့စကားက အေးစက် မာကြောလိုက်တာ။





ဒီပါ ရုတ်တရက် ဝမ်းနည်းလာမိသည်။

သူ့ အလုပ်သမားဆိုပြီး သူက အထက်စီးနင်းသံနှင့် တင်းမာတာလား။

ခါတိုင်းဆို ဒီပါ့ကို ဘယ်မှာ အဲဒီလောက်ကြီး ပြောဖူး လို့လဲ။

"ဒီပါ မဆာသေးလို့ပါ"

"မဆာသေးရင် မဆာသေးဘူးလို့ အမှန်အတိုင်း ဖြေပေါ့"

သည်ကိစ္စကို သူ တော်တော် ဒေါသဖြစ်ပုံပါလား။

"ဦးမြင့်မိုရ်က လာခေါ်ပြီး ဒီပါက မဆာသေးပါဘူးဆို ရှိုင်းရာကျမှာပေါ့ . . အားနာလို့ ညာတာပဲဟာ . . အပြစ် လုပ်တာမှ မဟုတ်ဘဲ"

မြင့်မိုရ်က သူမကို မမိုတ်မသုန်ကြည့်ရင်း စိတ်ကို လျှော့ချရသည်။

သူ့ဆင်ခြေက သူ့အတွက်တော့ မှန်နေသည်။

"နောက်တစ်ခါ မညာနဲ့ . . မကြိုက်ဘူး"

"ဟုတ်ကဲ့"

"အမှန်အတိုင်းဖြေဖို့ . . အားနာစရာလဲ မရှိဘူး"

"ဟုတ်ကဲ့"

"ယုံကြည်မှု လျော့အောင် မညာရဘူး . . မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ"

သူမက ခေါင်းလေးတညိတ်ညိတ်နှင့် မြန်မြန်ထလစ်သည်။

သည်လိုကျတော့လည်း နာယူလွယ်သား။

စိတ်တိုမိသလို ရှိနေရာမှ သူ တစ်ချက်ပြုံးဖြစ်သွားသည်။

* * *





"ကိုကို ပြန်လာပြီ"

ရွှေစင်က အပြေးကလေး လာကြို၏။

သည်နေ့ အားလပ်ရက်ပေမယ့် သူကတော့ မနားရပဲ အခြားလုပ်စရာ ရှိတာတွေ လျှောက်လုပ်နေရတာ။အိမ်ပြန်ရောက်တော့ ညနေစောင်း အချိန်ပင်ဖြစ်နေပြီ။

ဧည့်ခန်းထဲ လှမ်းဝင်လိုက်တော့ ကိုစိုးကို ပထမဆုံးတွေ့ရပြီး တီဗွီရှေ့မှာ ခေါင်းချင်းဆိုင် ကပ်မတတ် ပူးကပ်ပြီးမှဲ့နေသော ဝင်းနှင့် ဒီပါ ပါးစပ်ကလည်း ပေါက်ကရတွေအော်နေသေးသည်။

တကယ့် ကလေးတွေပါပဲ၊ တီဗွီကိန်း ကားလည်း



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး မရှိဘူး။ ဘာလေးတွေမှန်း မသိပါဘူး။

"ကိုကိုရော့ . . သောက်ပါဦး"

သည်နေ့မှ ရွှေစင်က ဝတ္တရားကျေကျေ သံပုရာရည်တွေ ဘာတွေ အဆင်သင့်လုပ်ထားလို့ . . . ။

သူ မျက်နှာနှစ်ဖက် မြင့်တက်ရင်း တစ်ခုခုပဲဟုသိသည်။

"ကဲ ငါ့ကို မျက်နှာလုပ်ရတဲ့ ကိစ္စက"

"အဟင်း"

ရွှေစင်က မလုံမလဲ ရယ်သည်။

"ရွှေစင်တို့ အပြင် သွားကြမလို့"

"အေးပါ . . ကြွ . . ကြွ"

သူ့ကို အိမ်စောင့် ထားရစ်ဖို့ ကြိုတင် ကြံစည်ထားကြပုံ။

"ကိုကိုပါ . . လိုက်ခဲ့လေ"

"ဟေ . ."

သည်တစ်ခါ သူ နည်းနည်း အံ့အားသင့်သည်။

"ဘယ်သွားမလို့လဲ"

"အပြင်ထွက် . . ညစာ စားပေါ့"

"ဟာ . . ညီမလေးတို့ပဲ သွား . . ကိုကို ပင်ပန်းလာလို့"

မြင့်မိုရ် ငြင်းဆန်မပါသည်။ သည်ကောင်မလေးသုံးယောက်နှင့် အပြင်ထွက်ဖို့ဆိုတာ လေးငါးရက်လောက် အချိန်ယူ စဉ်းစားရင်တောင် မဖြစ်နိုင်ဟာ။





"တစ်ခါတလေပဲ . . ကိုကိုရဲ့"

"ကျေးဇူးပဲကွာ . . ကိုကို မလိုက်တော့ဘူး"

"လိုက်ခဲ့ပါဆို"

ကိုစိုးက သူ့ကို ရယ်ချင်နေပုံမျိုး။

"မင်း မြှောက်ပေးတာလားကွ . . ဟေ"

"ဟာ . . မဟုတ်ပါဘူး"

မြင့်မိုရ် မေးတာကို သည်ကောင် အမြန်ငြင်းသည်။

"ငါ သိပါတယ် . . ဒါ မင်းအကြံပဲ . . မင်း ငါ့ပါ ဆွဲချတာပေါ့ ဟုတ်လား . . ဒီကောင်မလေးနဲ့ မင်း တစ်ယောက်တည်း ခေါင်းတစ်ခုလုံး ကုန်သွားမှာကြောက်လို့ မဟုတ်လား ပြောစမ်း"

ဒီပါက သူ့ဘက်ကို ဆတ်ကနဲ လှည့်ကြည့်သည်။

သူမနှင့် မျက်လုံးချင်းဆုံတော့ မြင့်မိုရ် အမ်းတန်းတန်း ဖြစ်ရသည်။

စကားစပင် ဆက်ဖို့ ခက်ကာ သူ တိတ်ဆိတ်သွား၏။

သူမ အကြည့်လေးတွေက အဓိပ္ပာယ်ပေါင်းများစွာ ပါဝင်နေသလိုပါ။

သူ့ကို တစ်ခုခု ပြောချင်ပုံလေး။

သူမနှင့် မျက်လုံးချင်းဆုံတော့လည်း ဖျတ်ကနဲ မျက်လွှာချကာ တီဗွီဘက် ပြန်လှည့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ . . အေးအေးဆေးဆေး သွားကြတာပေါ့ ကိုကို ရေချိုးဦးမယ် . . ဟုတ်ပြီလား"

သူတို့အုပ်စုနှင့်အတူ အပြင်သွားဖို့ သူ အလွယ်တကူ လက်ခံလိုက်မိသည်။

"ရွှေစင် . . ."

"ဟင် . . ."

"စောစောက ဖုန်းလာတာ ပြောလိုက်ဦး"

ဒီပါ့ အသံလေးကြောင့် သူ ခြေလှမ်းတွေ တန့်ချင်ချင်။ ကိုယ့်အခန်းထဲ လျှောက်လာမှ သူက ရွှေစင့်ကို သတိပေးလိုက်တာ။

"ဟုတ်သားပဲ . . ကိုကိုရေ"

"ဟော . ."

"စောစောက ကိုကို့မိတ်ဆွေ 'ဦး . . . .' ဆီက ဖုန်းလာတယ် . . သိလား"

"အေး . . အေး"

"ကိုကို လာရင် ပြန်ဆက်ပါတဲ့"

ရွှေစင်က သူ့ကို လှမ်းပြောသည်။

"အေးပါကွာ . . ဆက်လိုက်မယ်"

သူ အခန်းထဲကို ဝင်လာရင်း ဒီပါ သူ့အပေါ် ဂရု တစိုက် ရှိတတ်တာကို တွေးမိလာသည်။ သူ့ကိစ္စကို မှတ်ထား





ပေးသား။

တစ်ခါတစ်လေ ကလေးဆန်တာတလွဲရင် မင်းဟာ အလွန်လိမ္မာတဲ့ ကောင်မလေးပါပဲ။ အဲဒီ ဆိုးတတ်တဲ့ အကျင့်လေး ဖျောက်ကွာ။

သူ တိတ်တဆိတ် တိုက်တွန်းနေမိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဒီပါ ဝင်ခဲ့မယ်နော်. . ဦးမြင့်မိုရ်"

"သြော်. . ဝင်ခဲ့လေ. . လာ. . ထိုင်"

တံခါးလေး အသာဟပြီး ခွင့်တောင်းတော့ သူ ခွင့်ပေ

လိုက်ပါသည်။

ဒီပါ မျက်နှာလေးက ခါတိုင်းထက် ချိုကြည်နေသ

လိုပါ။

ပါးလေးတွေ ဖောင်းအစ်ကာ မျက်လုံးလေးတွေ

လည်း မို့အစ်နေသည်။

မနက်လင်းစမှ သူမမျက်နှာလေးက ဖျူစင် အပြစ်ကင်

လွန်းကာ ငေးကြည့်ချင်စရာ အေးချမ်းနေသည်။





ဆံပင်လေးကို ကျစ်ဆံမြီးလေးနှစ်ဖက်ကျစ်ထားတော့

ပြီး ကလေးဆန်ကာ စ,ချင်စရာလေ။

"တဲ့. . ပြော"

သည်နေ့ ကုမ္ပဏီမှာ မနက်ရှစ်နာရီတိတိ စုံညီအစည်း

အဝေး ရှိတာမို့ အားလုံးခပ်စောစောပဲ ရောက်နေကြတာ။

ဒီပါက သူ့ကိုမော့ကြည့်ပြီး သွားလေးတွေပေါ်အောင်

ပြုံး၏။

"ဒီပါ. . မနက်ဖြန် ခွင့်တစ်ရက်တင်မလို့"

"ရတယ်လေ. . စဝင်ကတည်းက တစ်ရက်မှ ဒီပါ

ယူတ်သေးဘူး . . ဘာလို့လဲ. . ဘယ်သွားစရာ ရှိလို့လဲ"

"ဦးမြင့်မိုရ်ကိုလည်း ဖေနဲ့မေက ဖိတ်ခိုင်းလိုက်ပါတယ်"

"ဖေဖေကလည်း ဖုန်းဆက်မယ်တဲ့ . . မေမေက ဒီပါ

သည်း ပြောလိုက်ပါတဲ့"

"မနက်ဖြန် မမအေမီ စေ့စပ်ပွဲ ရှိတယ်လေ. . အဲဒါ

မြင့်မိုရ်လဲ လာခဲ့နော်"

"ဟာ. . ဟုတ်လား . . လာရမှာပေါ့"

"မနက်ဖြန် နေ့လည်ပိုင်းပါ . . အိမ်မှာပဲ လုပ်မယ်တဲ့"

"အိုကေ. . အိုကေ"

သူမက ပြောစရာကုန်သွားသလို ထဖို့ပြင်သည်။

"နေပါဦး . . မေးစရာ ရှိသေးလို့"



www.burmeseclassic.com

www.burmeseclassic.com



"မေးလေ"

"အဲဒီလူနဲ့ ဒီပါနဲ့ တည့်ရဲ့လား"

"ဘာလို့ မတည့်ရမှာလဲ"

"ဒီပါနဲ့ တည့်တယ်ဆို . . အဲဒီလူ မဆိုးဘူး . . တော်တာပေါ့"

"ဟွန်း"

ဒီပါက သူ့အကျင့်လေးအတိုင်း နှုတ်ခမ်းစူသည်။

"ဒီပါက ဖေတို့မေတို့ မမအေး၊ဘီ၊စီ တို့ကိုသာ ဆိုးတာပါ။မိသားစုထဲမှာသာ ကိုယ့်ကို ချစ်မှန်းသိလို့ ဆိုးရဲတာ။ အပြင်လူတွေနဲ့ဆို ပုံမှန်ပါပဲ။မဆိုးဝံ့ပါဘူး။ဒီပါ့ကို သည်းနေမှန်းသိလို့ ဒီပါ ကဲပြတာ။

သူမစကားကို သူ နှစ်သက်စွာ ပြုံးဖြစ်သည်။

"မမအေမီ လူကြီးနဲ့ဆို တစ်ခါမှ စကားမပြောဖူးဘူး . . ဒုက္ခပေးဖို့ဆို ဝေးရော သိလား . . ခုရော ဒီမှာ ဒီပါ ဆိုးလို့လား"

"ဟုတ်ပါတယ် . . ဒီပါ အရမ်းလိမ္မာပါတယ်"

စိတ်ပါလက်ပါ ချီးကျူးတော့ သူမက ကျေနပ်စွာ ရယ်သည်။

"ညာတတ်တာရယ် . . ရှောင်ဖယ်ဖယ် လုပ်ချင်တာရယ်ကိုသာ ပြောစရာရှိတယ် . . တခြားတော့ ဘာမှ ပြောစရာ မရှိပါဘူး"





"အဲဒါကလဲ ဒီပါ့နေရာ ဒီပါသိတာပါ . . လိမ္မာခြင်း တစ်မျိုးပဲ"

မြင့်မိုရ် မပြုံးတော့ဘဲ အသံထွက် ရယ်လိုက်သည်။

"ဦးမြင့်မိုရ် . . မနက်ဖြန်လာနော်"

"ကောင်းပါပြီ . . လာမှာပါ"

"ဒီပါ သွားတော့မယ်"

သူ ခေါင်းညိတ်ပြရင်း သူမ ထွက်သွားတာကို လိုက်ကြည့်နေမိသည်။

ကြာလေကြာလေ ပိုသိလာတာကတော့ သူမ ဖြူစင်လွန်းတာကိုပါပဲ။

အစကတော့ သည်လောက် အေးမှန်း မသိခဲ့ပါ။

စတိုးဆိုင်တစ်ခုမှာ တွေ့ခဲ့တုန်းက ခုလောက် အနေအေးသော နှစ်သက်စရာကောင်းသော ကောင်မလေး ဟု လုံးဝတွေးမရခဲ့ပါ။

သူမပုံစံလေးက အခြယ်အသကင်းကင်းနှင့် ချစ်စရာကောင်းသည်။

မရည်ရွယ်ပါပဲ သူမ အကြောင်းတွေ ဆက်တိုက်တွေးနေမိသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



မမအေးမီ စေ့စပ်ပွဲက လူရင်းတွေချည်းပဲမို့ အရမ်းပျော်စရာ ကောင်းနေခဲ့သည်။ ဒီပါကတော့ မေမေချုပ် ပေးသော ဂါဝန်ရှည် အဖြူလေးနှင့် အစောကြီးကတည်းက ပျော်မြူးနေခဲ့သည်။

မမဘေဘီတို့လောက် ပြင်ဆင်စရာလဲ လိုမှမလိုပဲဟာ။

ရွှေစင်ရယ်၊ဒီပါရယ်၊ဝင်းရယ် သုံးယောက် ခြံထဲဆင်းလိုက်. . အိမ်ပေါ်တက်လိုက်. . ဟိုအပေါ်ထပ် ဝရန်တာထွက်လိုက်. . ထမင်းစားခန်းထဲ ဝင်လိုက်နှင့် ရှုပ်ယှက်ခတ်နေသည်။

ကိုကို စောစောမရောက်နိုင်ဘူးဆိုတာ ရွှေစင်ပြောလို့





ဒီပါ သိပြီးသားပါ။ဒီပါကတော့ ကိုကို့ကို မြင်ချင်လှပါပြီ။

"ကိုကို ဒီနေ့ အလုပ်သွားရမှာဟ. . အချိန်ကပ်ပြီးမှ လာလိမ့်မယ်"

ရွှေစင်ပြောတော့"ကျွတ်"ဟု ရေရွတ်မိသေးသည်။

ခါတိုင်းဆို မနက် အလုပ်ရောက်တာနှင့် မြင်ရပြီ။ တစ်နေ့လုံး တွေ့နေရတာ။အပြင်ထွက်သွားလည်း ခဏဆိုကိုကို ပြန်ရောက်လာရော။

"ဒီပါရေ. . ."

"ဟော. . ."

"သတို့သားလောင်းကြီးက. . . ဘယ်တော့ လာမှာလဲ"

"မသိဘူးလေ"

"သူတို့ဘက်က လူတွေအများကြီး ပါလာမှာပေါ့နော်"

"ဒါပေါ့. . ကောင်လေးချောချော ပါလာရင် . . ဝင်းပဲ ဆိုက် သိလိုက်မှာ . . ပြိုင်ဘက် မရှိဘူးလေ. . ရွှေစင်တို့က ဖြီးသား"

"အမယ် . . ဟိုမှာ ဟိုအုပ်စု ရှိသေးတယ်"

"ဒီပါတို့နှင့် တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲ တော်စပ်သော အစ်မတွေကို မေးဆတ်ပြရင်း ဝင်းက ပြောသည်။

ဝင်းအပြောကို ဒီပါ ခစ်ခနဲ ရယ်မိသည်။

"အမယ်. . သူကဖြင့် ရည်းစား မရှိသေးဘဲ . .



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်မြင့်နေ့”

“ဒါကတော့ဟယ် . . .”

ဒီပါက ခေါင်းလေးတလှုပ်လှုပ် ခြေလေးတလှုပ်လှုပ်နှင့် သီချင်းဆိုနေ၏။

“ဟာ . . ဟိုမှာကြည့်စမ်း မမဘေဘီ . . ဟယ် . . အရမ်းလှတာပဲနော် . . နတ်သမီးလေးလိုပဲ . . ငါသာယောကျ်ား ဆို မမဘေဘီကို ရအောင်ယူပစ်မယ် သိလား”

“အင်း . . အရမ်း လှတယ်နော်”

ပန်းရောင်ဖျော့ဖျော့ဝတ်စုံလေးနှင့် မမဘေဘီကို ရွှေစင်နှင့် ဝင်းက ကြည့်မဝ ငေးမဝ တဖွဖွ ချီးမွမ်းနေတော့ တာ။

ဒီပါလည်း လိုက်ကြည့်မိရင်း ရင်ထဲက မွန်းကြပ်လာ သည်။

ရွှေစင်တို့တောင် သည်လောက်ဆို ဦးမြင့်မိုရ်မြင့်ရော် ဒီပါ အသက်ရှူကြပ်ချင်သလို ဖြစ်လာ၏။

အတွေးကို ဖွတ်ဖျောက်ရင်း ပျက်ယွင်းသွားသော မျက်နှာကို မြင်၏။

“ဒီပါ”

“ဟင် . . .”

“မမဘေဘီက သိပ်လှတယ်နော်”





“အင်း”

ဝင်းကလည်း တစ်ခုခု တွေးမိပုံနှင့် အစိမ့်ပွာယ် ပါပါဆို တာ။

ဒီပါ မျက်လုံးတွေ မှိတ်ပစ်သည်။

တစ်ခါ တစ်ခါတော့လည်း ဘာတွေ လုပ်နေမိပါလိမ့်တု ဒီပါ စဉ်းစားမရတော့ဘူး ကိုကို။

ဒီပါ့အပေါ် ကိုကို ဘယ်လိုမှ သဘောမထားဘူးဆို တာခေါင်းထဲ မရှိဘူးဆိုတာ သိနေပါပြီ။

နောက်ဆုတ်ဖို့ ကြိုးစားရင်း ကြိုးစားရင်း ဘယ်လိုမှ အဝေးမခံနိုင်ဆာ ပိုပို သိလာရတာယ်။

ဒီပါ ဘာလုပ်ရမလဲဟင်။

ကိုကို့ကို ဒီပါ ချစ်တယ်၊ ခွဲလည်း မခွဲနိုင်ပါဘူး။

စောစောက လန်းဆန်းရွှင်ပျနေသောစိတ်ကလေး ဘယ်ဆီရောက်သွားမှန်းကို မသိတော့ပါ။

“ဒီပါ မပျော်တော့ပါဘူးဟာ . . သွားအိပ်နေတော့ မယ်”

ပြောပြောဆိုဆို မတ်တပ်ရပ်တော့ ဝင်းနှင့် ရွှေစင်က ကားသည်။

“မဟုတ်တာ ဟယ်”

“ဒီပါကလည်း အဲဒီလို ရုပ်ပျက်ဆင်းပျက် မလုပ်ပါနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"ဒီပါ ခံနိုင်ရည် မရှိဘူးဟာ. . လာ. . အခန်းထဲ သွားကြမယ်"

ဒီပါက အခန်းထဲ ဝင်လာပြီး အခန်းတံခါးပါ ပိတ်ထားလိုက်၏။

နီးချည့်ချည့်နှင့် အိပ်ရာပေါ် လှဲချတော့ ရွှေစင်နှင့် ဝင်းက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်သည်။

"သုံးယောက်စလုံး ပျောက်နေရင် မကောင်းဘူး . . ဒီပါ လှဲချင်လှဲနေလေ. . ငါတို့ အောက်ဆင်း နေရအောင် နော် ရွှေစင်"

"အင်း . . ဟုတ်တယ်"

ဒီပါ့ကို ထားရစ်ကာ သူတို့ အောက်ဆင်းသွား၏။

ကိုကိုရယ်။

ဒီပါ့စိတ်ကို နည်းနည်းလေးမှ မသိဘူးလားဟင်။

ဒီပါ ရှုံးတော့မယ်။

မျက်နှာကို ခေါင်းအုံးနှင့်အပ်ကာ "ကိုကို. . ကိုကို" ဟု အော်ခေါ် နေမိသည်။

"သမီးငယ်. . ဒီပါ"

ဟော. . မေမေ ရောက်လာပါပြီ။

"သမီး . . ခေါင်းမူးလို့ဆို"

"အင်း . . "





"သက်သာရဲ့လား"

"သက်သာပါတယ်. . မီး ဘာမှ မဖြစ်ပါဘူး . . မေမေ အလုပ်ရှုပ်နေလားဟင်. . မီးကြောင့် ပိုအလုပ်များသွား ဦးမယ်"

မေမေက ဒီပါ့ကို စိတ်မသက်သာသလို ကြည့်၏။ သမီးငယ်ကို ခုအချိန်မှာ ဘယ်လိုစကားမျိုး ပြောရမှန်း မသိပါ။

"အိပ်ချင်ရင် အိပ်လိုက်လေ သမီး"

"အင်းပါ . . မေမေ လုပ်စရာရှိတာလုပ်. . ရတယ်"

ရွှေစင်နှင့် ဝင်းကို မြင်တော့ ဒီပါ့ကို မတွေ့တာ မေမေ ချက်ချင်းသိသည်။

မေမေ့လို ကိုကိုရော သတိထားမိမှာလား . . မေးမိမှာလား။ နေမကောင်းဘူးဆို စိတ်ပူမှာလား။

ဒီပါ ဆိုချင်စိတ် ပြင်းပြလာ၏။

သိပ်လှလွန်းတဲ့ မမဘေဘီ အနားမှာပဲ နစ်ဝင်ရင်း အရာရာကို မေ့လျော့နေမှာလား ကိုကို။

မမဘေဘီကို ဒီပါ မနာလိုမဖြစ်မိပါဘူး၊ ကံကောင်းလိုက်တာလို့ အားကျမိတာပဲ ရှိပါတယ်လေ။

"သမီးလေး . . ရော့ . . ဆေးသောက်လိုက်စမ်း"

မေမေက ချက်ချင်းပဲ ဆေးလာတိုက်သည်။

"အင်းပါ . . ပေး . . ပေး"

မေမေ ကျေနပ်အောင် ဆေးနှင့် ရေကို လှမ်းယူထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

ကိုကို မေမေ့လို ဒီပါ့ကို ဂရုတစိုက် ချစ်တတ်စမ်းပါလား။

ကိုကို ဂရုစိုက်မှု ကြွင်နာမှုကို ဒီပါ အငမ်းမရတမ်းတနေမိသည်။

* * *





အနားမှာ စကားသံလိုလိုကြားနေရတော့ ဒီပါ မျက်လုံးဖွင့်ကြည့်မိပါသည်။ ဘယ်လိုက ဘယ်လို အိပ်ပျော်သွားမှန်းမသိပါ။

ရွှေစင်နှင့် ဝင်းက အခန်းဝမှာ ထိုင်ပြီး စကားပြောနေသော။

ကိုကိုလည်း ရှိနေသည်။

အခန်းတံခါးလည်း ဖွင့်ထားပြီး လိုက်ကာလေးလည်း သေးတပ်ထားတော့ သူတို့ကို ဒီပါ လှမ်းမြင်ရပါသည်။

အောက်ထပ်မှာလည်း ရယ်သံ၊ စကားသံ၊ ဇွန်း ခက်ရင်းသံတွေ ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေစုံပြီမို့ ခေ့စပ်ပွဲ စနေပြီထင်။

ကိုကိုက ဘာလို့ အောက်ထပ်မဆင်းဘဲ ရွှေစင်တို့နှင့် လာထိုင်နေပါလိမ့်။

ဒီပါ ခပ်ဖြည်းဖြည်း ထထိုင်သည်။

"ဟော. . ကြီးတော် နိုးပြီ"

"ဝင်းနော်. . နင့်ဘိုးအေ ကြီးတော်ပါလား"

ဒီပါ မျက်စောင်းရွယ်ရင်း ချေပ၏။

"အောက်ထပ်မှာ စကားပြောနေကြပြီ၊ ရှင်တော့ ဘာမှ သိရမှာ မဟုတ်တော့ဘူး သိလား. . နောက်ကျသွားပြီ"

ရွှေစင်ကပါ စသည်။

"ဒီပါ မူးသေးလား"

ကိုကိုက အရေးတယူ လှမ်းမေးပါသည်။

"ဟင့်အင်း . . မမူးတော့ပါဘူး"

နွေးထွေးစွာ ပြုံးပြရင်း ဖြေမိသည်။

"အိပ်ပုပ်လိုက်တာ လွန်ရော"

လေးယောက်သား အောက်ထပ်ဆင်းခဲ့ကြ၏။

"ဖြည်းဖြည်းဆင်းစမ်း . . မျက်နှာလဲ မသစ်ဘူး"

ခပ်တိုးတိုး သတိပေးလိုက်တာ၊ စလိုက်တာ ကိုကို ဟုတ်ရဲ့လားဟု ဒီပါ ဆတ်ခနဲ လှည့်အကြည့် ခြေထောက် လေးတ လေထဲလွင့်ကာ ရင်ထဲ အေးခနဲဖြစ်ပြီး လှေကားပေါ်မှ





လှပစွာ တစ်ဆင့်ချင်း လိမ့်ကျသည်။

"ဒီပါ. . ."

"အမယ်လေး . . သမီးငယ်"

"ဟဲ့ . . ဟဲ့ . . လုပ်ကြပါဦး"

အလျင်ဆုံး ဘေးနားရောက်လာသူက ကိုကို။ ပြီးတော့ မေမေ၊ ရွှေစင်နှင့် ဝင်း။ နောက်တော့ ဒီပါ့ဘေးမှာ လူတွေ ဝိုင်းဝိုင်းလည်ကုန်သည်။

အား . . နာတယ်. . အရမ်းနာတာပဲ"

ဒီပါ မချိမဆန့် ညည်းသည်။

"ဘယ်က နာတာလဲ. . ဘယ်နားက နာတာလဲ ဒီပါ"

"ခြေထောက် . . အား . . အမေရေ လုပ်ပါဦး"

အသည်းထဲ စွဲခိုက်အောင် နာကျင်မှုကြောင့် မျက်ရည်တွေက ချက်ချင်းကျသည်။

"မူးနေရင် ဘာလို့ ဆင်းလာတာလဲ သမီးရယ်"

ဖေဖေက ဂရုဏာဒေါသော အပြစ်တင်သည်။

"အိပ်ရာပေါ်မှာပဲ လှဲနေပါတော့လားကွယ်"

"ကဲ. . ကဲ. . ဆေးခန်းသွားမှ ဖြစ်မယ်"

ဖေဖေက စီမံပေး၏။

"သမီး ဒေဝီဖြစ်ဖြစ် ဘေဘီဖြစ်ဖြစ် လိုက်သွား . . မောင်မြင့်မိုရ်ရဲ့ လိုက်ပို့လိုက်ကွာ . . ကြားလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . ရပါတယ် အန်ကယ်၊ . အန်ကယ်တို့ ပြောစရာရှိတာ လုပ်စရာရှိတာ ဆက်လုပ်ပါ . . ဒီပါ့ကို ကျွန်တော် ဆေးခန်းခေါ်သွားလိုက်မယ်"

လူတွေ အများကြီးရှေ့မှာ မြင့်မိုရ်က ဒီပါ့ကို ပွေ့ချီ၍ ကားပေါ်တင်သည်။

ရွှေစင်နှင့် ဝင်းကလည်း ကားပေါ်တက်၏။

"မမတို့ မလိုက်လဲ ရတယ်"

ဒေစီနှင့် ဘေဘီကို ဝင်းက လှမ်းပြောသည်။

"အင်း . . အင်း . . ညီမလေး ဖြစ်ရဲ့လား"

ဒီပါက ငိုမဲ့မဲ့နှင့် ခေါင်းညိတ်သည်။

"အရမ်းနာတာပဲ . . ကျိုးပြီလား မသိပါဘူး"

မြင့်မိုရ် အကျီစကို ဖမ်းဆွဲပြီး၊ တစ်လမ်းလုံး ငိုရှိုက်နေ၏။

"ဆေးစည်းလိုက်ရင် ကောင်းသွားမှာပါဟာ"

ဝင်းနှင့် ရွှေစင်က အားပေးရှာသည်။

"ပြောနေတုန်း ရှိသေးတယ် ကျတော့တာပဲ . . လျှပ်စီးကို လက်နေတာပဲ မပြောလိုက်ချင်ဘူး . . . လှေကားဆင်းတာ တောင် အေးအေး မဆင်းဘူး"

"ဦးမြင့်မိုရ်ကို လှည့်ကြည့်လိုက်လို့ ကျတာ သိလား"

သူ့လက်မောင်းစွန်းကို မျက်နှာနှင့်တိုက်ပြီး ငိုနေတော့



သူ့ရင်ထဲ တစ်မျိုးကြီးဖြစ်လာရသည်။ မင်း ဆွဲထားလိုက်တာလည်း လွှတ်ကို မလွှတ်တော့။

"ခဏတော့ အောင့်ခံပေါ့ကွာ . . ဆေးခန်းရောက်တော့မှာပဲ"

"ပတ်တီး စည်းထားရင် ငြိမ်နေရမှာ မနေတတ်ဘူး"

"မနေတတ်ရင် "က"နေ"

သူ ရွဲ့ပြောတော့ နှုတ်ခမ်းလေး ကိုက်ပြီး မျက်ရည်ကျနေ၏။

"တုတ်နဲ့တောင် ထပ်ရိုက်ပစ်ချင်တယ် . . မသနားတဲ့အပြင်"

သည်လောက် ကဲနေတာ . . ခုန်ပေါက်ဆင်းရအောင် ကလေးလည်း မဟုတ်ဘူး။

မြင့်မိုရ်က နာအောင် ဖိပြောသည်။

သူမက ရှိုက်ရှိုက်ငိုသည်။

"တိတ် . . တိတ် . . ဆေးခန်းလဲ ရောက်ပြီ"

ကိုကို တယုတယ တွဲခေါ်တော့ ရင်ထဲမှာ သိမ့်ခနဲ ဖြစ်သွားမိသည်။

အသည်းခိုက်အောင် နာနေတာလေးတောင် နည်းနည်း သက်သာသလိုပါပဲ ကိုကိုရယ်။သိပ်ကြည်နူးစရာ ကောင်းတာပဲနော်။

www.burmeseclassic.com



"ကဲ . . ဒီမှာထိုင်"

ကိုကို့လက်ကို ဆွဲထားရတာ ဘယ်လို အားရှိမှန်း သိပါ။ ရွှေစင်နှင့် ဝင်းက ကိုကို မမြင်အောင် မျက်စောင်း ပိုး၏။

"ကိုကို . . ."

စိတ်ထဲမှာ ရှိသလို လွှတ်ခနဲ ခေါ်မိတော့ မြင့်မိုရ်က သချာ ငုံ့ကြည့်သည်။

"ဒီမှာထိုင်နော်"

ခေါ်မိမှတော့ အရဲစွန့်ပြီး ဆက်ခေါ်ဖို့ပဲ ရှိသည်။

"ဘာမှ မလုပ်ပါဘူး . . ဘာမှလဲ ကြောက်စရာ မရှိဘူး"

သူ့အသံက အနည်းငယ် ဆတ်နေသည်။

"ဘာပဲဖြစ်ဖြစ် . . ထိုင်နေ"

ဒီပါ့ဘေးမှာ ဝင်ထိုင်ပြီး ပခုံးလေးကိုပါ သူ့ဘက် ယူကာ ဖက်ထားလိုက်တော့ သူမက မျက်လုံးပြူးလေးနှင့် က်လွှာ လှန်ကြည့်ပြီးမှ သူ့ရင်ဘတ်မှာ ခေါင်းလေးမှီထား ည်။

ရုတ်တရက် သူ ဘာလို့ အဲသည်လို လုပ်မိပါလိမ့်။

ရင်ထဲမှာ တဒိတ်ဒိတ် ခုန်လာတာကို ခံစားမိရင်း . . မကို ဖြေလွှတ်လိုက်ရမှာ ဝန်လေးနေမိသည်။

သူမ ခြေထောက်ကို ခုံပုလေးပေါ် တင်ပေးရင်း ဆေး



စည်းပေးနေတော့ သူမကလည်း ကိုယ့်ကို မှီထားသည်။

"ဘာမှ မဖြစ်ပါဘူး . . အကြောလေး နာသွားတာ လောက်ပဲ"

"အရမ်းနာတယ်"

"ကောင်းသွားမှာပါ . . သမီးရဲ့"

ဒီပါက မြင့်မိုရ်ရဲ့ ရင်ခွင်မှာ မှေးပြီး ငြိမ်နေ၏။

"မသက်သာရင် မနက်ဖြန် လာခဲ့လေ"

"ဒါ . . ဘယ်တော့ ဖြေရမလဲ"

"မနက်ဖြန် လာခါနီးမှ . . ပတ်တီး ပြန်ယူလာ"

မြင့်မိုရ်က လိုအပ်တာလေးတွေမေး၊ ကျသင့်ငွေကို ရှင်းပေးပြီးမှ ဒီပါ့ကို တွဲထူ ထသည်။

"ဘာမှ မဖြစ်ဘူးတဲ့ ကြားလား . . မင်းသမီးရယ် . . သိပ်ကို အိုက်တင်များနေတယ် လျှော့ဦး"

ဝင်းက ဒီပါ့ကို စ, သည်။

"ဝင်းနော် . . သူ မဖြစ်တိုင်း စိတ်ပုပ်မ ချော်လဲပါ"

မြင့်မိုရ်က စူးခနဲကြည့်တော့ သူမ အရယ်မျက်နှာလေး နှင့် စကားတန့်သွား၏။

"ကိုကို သူပြောတာကျတော့ရော . . ကောင်းလား"

ဒီပါ ရန်ဖြစ်ချင်လာသည်။

မြင့်မိုရ်က သူမဘက် လုံးဝ လှည့်မကြည့်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထားတည်တည်နှင့် ရှေ့တည့်တည့်ကြည့်ကာ ကားပဲ့ဂရုတစိုက်မောင်းနေ၏။

သူမရင်ထဲ တစ်စတစ်စ လစ်ဟာ ကြေကွဲလာသည်။

ခုနလေးတင် ဘွားခနဲမြင်ရသော ကြင်နာယုယမှုလေး ဘယ်ဆီလွင့်ပြေးပြီ မသိပါ။

ကိုကို နောင်တရသွားသလား၊ စိတ်ပျက်သွားသလား။

တွေဝေနေသလားကိုကို။

ဒီပါဟာ ကိုကို လက်တွဲလို့ မရနိုင်တဲ့ ဘာမှ နားမလည်တဲ့ ကလေးတစ်ယောက်လို့ ယူဆထားသလားဟင်။

အိမ်ရှေ့ကားရပ်တော့ ဒီပါ့ကိုပင် တွဲဖေါ်မရတော့ဘဲ ဝုန်းခနဲ ကားတံခါး ပိတ်ဆင်းသွား၏။

"ကိုကို စိတ်မမှန်ဘူးနော်"

ရွှေစင်က သုံးယောက်ကြားလောက်ရုံ တိုးတိုးကလေး မှတ်ချက်ချလိုက်သည်။ ဒီပါ တစ်စုံတစ်ရာ ပြန်မပြော ဖြစ်ပါ။

"အလကားပါ. . ဒီပါ့ကို သူ သဘောကျသွားပြီ. . အဲဒါကိုပဲ သူ လက်မခံနိုင် ဖြစ်သွားတာ. . မဆိုးဘူး ဒီပါ ဆက်ကြိုးစားထား"

ဝင်း အမြင်ကတော့ အားတက်စရာပါပဲ။

"ဒီပါ ငိုချင်တယ်"

မျက်ရည်လေး တလည်လည်နှင့် အိမ်ထဲဝင်လာတော့





မေမေက ပြေးလာသည်။

"နေသာရဲ့လား . . သမီးငယ်"

မေမေ့ရင်ခွင်မှာ မှီချကာ ဒီပါ ချွဲနေမိသည်။

ကိုကို ရှိရာဘက်ကို လှည့်မကြည့်တော့ပါ။

ကိုကို မတရားဘူး၊ သတ္တိ မရှိဘူး၊ မပြတ်သားဘူး မုန်းတယ် သိလား။

"လာ . . အိပ်ရာထဲ နေရအောင်"

"ဟာ. . ခုလေးတင် အိပ်ရာက ထလာတာလေ"

"ဒါဆို ဒရင်းဘတ်ခ်ချ လှဲနေ"

မတတ်နိုင်ပါ။ အားလုံးစီမံပေးသလိုပဲ ဒီပါ နာခံရတော့တာ။

မမကြီး အေမီရယ်၊ ဒီပါရယ်၊ ဟိုလူကြီးရယ် သုံးယောက်သား ခါတ်ပုံတွဲရိုက်ရသေးသည်။

"ခြေထောက်ကပတ်တီး ပါသွားမယ်နော် . . မမ"

"မပါ့ပါဘူး . . ညီမလေးရဲ့"

အားလုံးတပျော်တပါး ခါတ်ပုံ ရိုက်နေချိန်မှာ ကိုကိုက မမဘောဘီနားမှာ တချိန်လုံး စကားပြောနေသည်။

ဒီပါငေးနေတာ လှမ်းကြည့်ပြီး မျက်နှာက သုန်မှုန်လာ၏။

ဒီပါ့အချစ်တွေကို ရှင် အနှောင့်အယှက်ဖြစ်သလား



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်မိုရ်၊ ဒါဆိုရင်တော့ အလွန်တစ်ရာ စိတ်မကောင်း
ရာပါပဲ။

ဒီပါ ခေါင်းငုံ့ရင်း သူတို့ကို ကျောပေးထားမိသည်။

ရင်ထဲမှာ နင့်နေအောင် နာတယ် ကိုကို။

အထင်သေးစရာတွေ ဖြစ်လာအောင်တော့ မလုပ်ကြ
ါနဲ့နော် ။

မချစ်ဘူးဆိုလည်း မျှသိပ်ခံစား နောက်ဆုတ်နေပါ့မယ်။

ဒီပါ မနှောင့်ယှက်ပါဘူး။

* * *





"သမီးငယ်"

မေမေက မိုးလင်းစ ကလေးမှာပဲ ဒီပါ အခန်းထဲ
ရောက်လာခဲ့သည်။

"နိုးပြီလား"

"ဟုတ်ကဲ့"

"ခြေထောက်ရော သက်သာလား"

"သက်သာပါတယ် . . မေမေ"

လျှင်လျှင်မြန်မြန်ပဲ ပတ်တီးကြီးဖြေပစ်ကာ ရေချိုးခန်း
ထဲဝင် မျက်နှာ လက်ခြေ ဆေးပစ်သည်။

"သမီး . . အောက်မှာ ကော်ဖီသောက်မလား"

www.burmeseclassic.com



"အင်းလေ. . လာမှာပေါ့ . . မေမေရယ်"

မေမေနှင့် ဒီပါ အတူတူ ဆင်းလာကြတော့။ မေမေက

"သမီးကို မေမေ မင်္ဂလာသတင်းစကား တစ်ခုပြောမယ်. ."

"ဘာလဲ မေမေ"

"သမီးရဲ့ မမဘေဘီက ဟို ဖုန်းဆက်ဆက်နေတဲ့ သူ့ကောင်လေးကို လက်ခံလိုက်တော့မယ်တဲ့"

"ဘယ်လို. . . ဘာ. . . ဘာကြောင့်လဲမေမေ"

ထိတ်ထိတ်ပျာပျာ မေးမိ၏။

သူမကြောင့်လား၊ မေမေတစ်ခုခု ပြောလိုက်သလား။ ရင်ထဲမှာ ဟုန်းခနဲ ပူသည်။

"သူ့ဟာသူ စိတ်တိုင်းကျ ရွေးတာပါ"

"ဟုတ်ရဲ့လား . . မေမေရယ်"

"မေမေက သမီးကို ညာစရာလား"

"ဦးမြင့်မိုရ်ကို ထားပြီး သူက ဘာလို့ ဟိုတစ်ယောက်ကို ရွေးရတာလဲ ဟင်"

နားမလည်မှု များစွာနှင့် မေမေ့ကို မေးမိသည်။

"သူ့အပေါ် စိတ်ရှည်သည်းခံတာတွေ၊ အလေးအနက်ရှိတာတွေ၊ ဂရုတစိုက် ရှိတာတွေပေါ့ သမီးရဲ့"

"ဦးမြင့်မိုရ် မသိသေးဘူးပေါ့နော်"





"သိလည်း သူ စိတ်ထိခိုက်လိမ့်မယ်. . မထင်ပါဘူး"

"ဘာလို့လဲ မေမေ"

"သူကလဲ သမီးဘေဘီကို ချစ်မှ မချစ်ပဲ"

"မမဘေဘီက ပြတ်သားတယ်နော်"

"အင်း . ."

မေမေက ဒီပါ့အကြိုက် ပေါင်မုန့်ကို ကြက်ဥနှင့်ကပ်ကြော်ပေးပြီး နို့ဆီပါ ဆမ်းပေးသည်။

"မိန်းကလေးဆိုတာ ရွေးချယ်မှု အရေးကြီးတယ် . . သမီးရယ်"

ဒီပါ့ကို မေမေ သွယ်ဝိုက်လို့ပဲ ဖြစ်ဖြစ်၊ တိုက်ရိုက်ပဲဖြစ်ဖြစ် ဆုံးမစကားပြောတော့မယ်ဆိုတာ ဒီပါ သိသည်။

"ကိုယ့်ကို အထင်သေးစရာဖြစ်အောင် ဘယ်တော့မှ မလုပ်ပစ်ရဘူး၊ တန်ဖိုးရှိတဲ့ အရာကို တန်ဖိုးရှိအောင် နေပြမှလဲ တန်ဖိုးထားတတ်မှာမဲ့ပေါ့"

"ဒီပါ့ကို ရှင်းရှင်းပဲ ပြောပြပါလား မေမေ"

"သမီးလေးက ငယ်သေးတော့ ထိန်းထိန်းသိမ်းသိမ်း မရှိဘူး၊ ရင်ထဲ ရှိတာကို ရှိသလို ထုတ်ပြတော့ တစ်ဖက် လူက အထင်သေးသွားနိုင်တယ်၊ ဘာပဲဖြစ်ဖြစ် မိန်းကလေးဆိုတာ ကိုယ့်အတွက် တစ်ကွက်အမြဲ ချန်ထားရမယ်"

"ဒီပါ့ ပုံစံလေးက သိပ်သိသာနေလား မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့"

"ရှက်စရာကြီး"

သူမ ရှက်စနိုး ရယ်သည်။

"ဟုတ်တာပေါ့ . . ရှက်စရာကြီး"

မေမေကလည်း လက်ခံသည်။

"သမီးရယ် . . မောင်မြင့်မိုရ်က သမီးကို သဘောကျချင်ပုံပါပဲ . . ဒါပေမယ့် သမီးက ကလေးဆန်ဆန် ပေါ်ပေါ်တင်တင်ကြီးဆိုတော့ သူ လန့်သွားမှာပေါ့ . . ဒါမျိုး မဖြစ်ရဘူးလေ"

"ကိုကိုက မီးကို သဘောကျတယ် . . ဟုတ်တယ်"

"အင်း . . စိတ်ဆိုတာ ညာလို့မှ မရတာ . . ဒါပေမယ့် သူ သမီးကို လက်တွဲဖို့ စဉ်းစားမှာပဲ . . ရှေ့တိုးဖို့ထက် နောက်ဆုတ်ဖို့ ခုချိန်မှာ ပိုစဉ်းစားနေလိမ့်မယ် . . အဲဒါဟာ စိတ်ပျက်လို့ပဲ . . စိတ်ပျက်အောင် ဘယ်သူလုပ်တာလဲ ဆိုတော့ သမီးပဲ . . သမီးစိတ်ကို သူ သိနေပြီပဲ . . သမီးက သူ အထင်ကြီးအောင် မလုပ်ပြတတ်ရင်တောင် အထင်သေးအောင် ပစ်စလက်ခတ် မနေသင့်ဘူး"

မေမေ ပြောတာတွေက အားမရှိစရာ ကောင်းလိုက်တာ။

ဒီပါ အဲဒါတွေ မသိပါဘူး . . မေမေရယ်။





ကိုကို့ကို ချစ်တာပဲ သိတယ်။ ဘယ်လိုနေရမယ်၊ ဘာတွေ ဘယ်လိုဆိုတာ ဒီပါ့အတွက် မလိုပါဘူး။ ဒီပါ ဘယ်လိုနေနေ ကိုကို ချစ်နိုင်တယ်ဆိုတဲ့ နှလုံးသားရဲ့ ဆုံးဖြတ်ချက် တစ်ခုတည်းပဲ အဓိကလိုအပ်ပါတယ်။ဘာလို့ လဲဆိုတော့ ကိုကို ဘယ်လိုနေနေ ဒီပါက ချစ်လို့ပါပဲ။

ချစ်စနိုး ပြုံးနေသော မေမေ့ကို ငေးကြည့်ရင်း ကိုကို့ကို ဒီပါ တွေ့ချင်လာသည်။ ကိုကိုက လာပါ့မလား။ခြေထောက်က နာသေးတော့ ဒီပါလည်း အလုပ်သွားနိုင်မှာ မဟုတ်သေးပါ။

စိတ်ပူရင်တော့ ကိုကို သတင်းမေး လာနိုင်ကောင်းပါရဲ့။

ဒါပေမယ့် ဒီပါ့အတွေး မှားသည်။ ကိုကို လုံးဝ ရောက်မလာခဲ့ပါ။

တစ်နေ့လုံး ကိုကို့ကို မျှော်ရင်း ဒီပါ ငိုချင်နေခဲ့သည်။

နေနိုင်လိုက်တာ။

ကိုကို . . . ဒီပါ့ကို မချစ်ဘူး။

* * *

www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းရောက်တော့ ရွှေစင်က ဖုန်းဆက်ဖော်ပြသေးသည်။

"ဒီပါ . . သက်သာလား"

"အင်း . . သက်သာသွားပါပြီ"

"မနက်ဖြန် အလုပ်ဆင်းနိုင်ပြီပေါ့"

"ထင်တာပဲ"

"ကိုကိုက တစ်မျိုးကြီး သိလား . . ဒီနေ့တစ်နေ့လုံး ခုံမ်မှာပဲ အခန်းထဲမှာပဲ . . ပြီးတော့ စကားလဲ ဟက်ဟက် ကဲ်ပက် မပြောဘူး"

"ဟင် . . ဟုတ်လား"





"တစ်ခုခုကို အရမ်းစဉ်းစားနေပုံပဲ"

ဒီပါ့ရင်တွေ တဒိတ်ဒိတ်ခုန်လာ၏။

"ဝင်းရော . . လာလား"

"မလာဘူး"

"ရွှေစင့်ဆီ စောစောက ဖုန်းဆက်တယ် . . ညနေ ဒီပါ့ဆီမှာ ဆုံမယ်တဲ့ . . သူ ရောက်လာမှာပါ . . နေဦး ကိုကို့ကို သတင်းမေးလိုက်မလားလို့ ခေါ်ကြည့်မယ် . . သိလား"

ရွှေစင်က တိုးဖွဖွလေးပြောသည်။

"သူ လာချင်မှ လာပါစေဟယ် . . မခေါ်ပါနဲ့တော့"

"ဟင်"

ဒီပါ့စကားကို ရွှေစင် အံ့သြသည်။

"ဘာလို့လဲဟ"

"စိတ်မပါဘဲ လာရတာမျိုးကို မလိုပါဘူး"

"ကိုကိုက လူကြီးဟ"

"ဘာဆိုင်လဲ"

"လူကြီးဆိုတော့ စဉ်းစားတာပေါ့ . . ဒီပါကလည်း ကလေးပဲ . . ဘာများ မာနထားနေနေစရာရှိလဲ"

"လူကြီးလဲ ချစ်ရင်တော့ ဟန်မဆောင်နိုင်ပါဘူးဟာ"

"ဒီပါ လက်လျှော့လိုက်ပြီလား"

"ဟုတ်တယ် . . တော်ပါပြီဟာ"



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်လည်း အားမပေးတတ်တော့ပါ။

ဝင်းနှင့် ရွှေစင် လာကြည့်ပေမယ့် ကိုကို ပါမလာခဲ့ပါ။

လျစ်လျူရှုနိုင်တယ် ဆိုကတည်းက ဘာသံယောဇဉ်မှ မရှိလို့ပေါ့နော်။

ဒီပါ နားလည်ပါပြီ။

* * *





အပေါ်ထပ် ဝရံတာမှာ ဒီပါတစ်ဦးတည်း ထိုင်ရင်း အတွေးတွေကြွယ်နေမိရာမှ မျက်စိထဲဝင်လာသော မြင်ကွင်းကြောင့် စူးစူးစိုက်စိုက်ကြည့်မိသည်။

ခြံထဲက ဒန်းကလေးပေါ်မှာ မမဘောဘီနှင့် သူ့ အမျိုးသား လာထိုင်ကြသည်။

မမဘောဘီမျက်နှာလေးက ဝင်းပကြည်လင်လို့။

ဒီပါ ငေးကြည့်နေရင်း ကိုကို့ကို ပိုသတိရလာသည်။

သည်နေ့ဆို ဒီပါ အလုပ်မဆင်းတာ သုံးရက်ရှိပါပြီ။

ဒီပါ စိတ်မပါတော့ပါ။

ကိုကို့ကိုလည်း ဒီပါ မတွေ့ချင်တော့။ တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဒိုခံစားလာရမှာ သိနေပြီ။ အမြန်ဆုံးဝေးသွားကြတာပဲ နည်းနည်း သက်သာဦးမည်။

ခြံထဲကို ကားတစ်စီးဝင်လာတော့ လှမ်းကြည့်မိရင်း ကိုကို့ကားပဲဆိုတာသိတော့ ရင်ထဲ အဆမတန် ပူနွေးလှုပ်ရှားဟာ၏။

ကိုကိုက မမဘေဘီတို့ရှိရာ ဆင်းလျှောက်သွားပြီး နောက် အမျိုးသားနှစ်ယောက် လက်ဆွဲနှုတ်ဆက်တာမြင်ရသည်။

ကိုကို ဘယ်လိုခံစားရမှာပါလိမ့်။

ဒီပါ ဆက်ထိုင်မနေတော့ဘဲ အခန်းထဲ ပြေးဝင်ကာ ခိပ်ရာပေါ် တက်အိပ်သည်။

သူ့ကို မတွေ့ချင်ပါ။ ရှောင်နေချင်သည်။

ခဏကြာတော့ မေမေနှင့်ကိုကို စကားတပြောပြောနှင့် လျှောက်လာနေသံတွေ ကြားရသည်။

မျက်လုံးတွေ တင်းတင်းမှိတ်ရင်း ငွတ်ငြိမ်နေမိသည်။

"ဟောတော့် . . ညနေပိုင်းကြီး အိပ်နေပါလား"

မေမေက တအံ့တသြ။ ကိုကို့ဆီက ဘာသံမှမကြားရ။

"သမီးငယ်"

"ဟင်"

အိပ်ချင်ယောင်ဆောင်နေသလို ဖြစ်မှာစိုးတာကြောင့်





သာ ထူးရတာ။

"ဒီမှာ ညှော်သည်လာတယ် . . ခြေထောက် သက်သာပြီး အလုပ်မဆင်းလို့တဲ့ . . လာမေးတာ ထပါဦး"

မေမေ ဆွဲထူပေးမှ မျက်လုံးဖွင့်ပြီး ကိုကို့ကို သူ ကြည့်ပစ်သည်။

အလကား ကိုကို . . အလကားလူ။ ဒီပါ့အချစ်တွေကို တန်ဖိုးထားရကောင်းမှန်း မသိတဲ့လူ။ ဒီပါ အရမ်းမုန်း တယ် သိလား။

မျက်စိနက်ကလေး ယောင့်ကပ်ရင်း နှုတ်ခမ်းလေးစူပြီး ကြည့်နေတော့ မြင့်မိုရ် သက်ပြင်းရှိုက်သည်။

သည်ကောင်မလေး ရှေ့မှောက် သူရောက်ရပြန်ပြီ။

မလာဖြစ်အောင် တင်းနေခဲ့တာ သုံးရက်တိတိ။

"လာ . . ဝရန်တာဘက်မှာ ထိုင်ရအောင်"

မေမေက ဒီပါနှင့်ကိုကို့ကို ဝရန်တာမှာထားပြီး အောက်ထပ် ပြန်ဆင်းသွား၏။

ဒီပါ ခပ်ဖြည်းဖြည်းထိုင်ချပြီး အဝေးကို ငေးနေမိသည်။

သူ့ကို ပြောစရာစကား ဒီပါ့မှာ မရှိတော့ပါ။

"ဒီပါ . ."

သူခေါ် တော့ မျက်လုံး ရှေ့ကြည့်သည်။

"အလုပ် မဆင်းတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းငုံ့ချရင်း အားနာနာနှင့်ပဲ ပြောရသည်။

"ဒီပါ စိတ်မပါတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ပင်ပန်းတယ်. . ဒီပါ မလုပ်နိုင်တော့ဘူး"

အကောင်းဆုံးဆင်ခြေကို ရွေးပြီးသုံးလိုက်တာ။

"ပင်ပန်းတယ်. . ဟုတ်လား"

"အင်း. ."

"သူများတွေ ဒီထက်ပင်ပန်းကြတယ်"

"ဒီပါ မလုပ်ချင်တော့တာပါ. . ဘာမှ မလုပ်ချင်တော့ဘူး. . အိမ်မှာနေရတာပဲ ကြိုက်တယ်. . မေမေကလဲ ဒီပါ့သဘော"

မြင့်မိုရ်မျက်နှာ ကွက်ခနဲပျက်၏။

"မင်းဟာ တကယ့်ကလေးပဲ. . စိတ်ပျက်စရာကောင်းတယ်"

သူ တစ်ခွန်းချင်းရေရွတ်သည်။

"ဟုတ်တယ်"

ဒီပါ့အသံကလေးကလည်း မာဆတ်ဆတ်၊ အလျှော့ပေးမည့်ပုံမရ။ သူ ပြောတာကို ငုံ့ခံမည့်အနေအထားမရှိပါ။

"ကလေးဆိုတော့ ပွင့်လင်းတယ်. . ရိုးသားတယ်. . စိတ်ထဲရှိတာကို ရှိသလိုပဲနေပြတတ်တယ်. . ဒါပေမယ့် တစ်ချို့





လူကြီးတွေလို မကောက်ကျစ်ဘူး. . မညစ်ပတ်ဘူး. . ဟန်မဆောင်ဘူး. လူလည်လဲမကျတတ်ဘူး"

မြင့်မိုရ် ဒီပါ့ကို စူးခနဲကြည့်သည်။ ဒီပါလည်း မျက်လုံးတောက်တောက်လေးတွေနဲ့ ပြန်ဆုံကြည့်ပစ်၏။

ရှင်. . ဒီပါ့ကို ချစ်ချင်လျက်နဲ့ အရာရာကို ချင့်ချိန်တွက်ပြီး ဟန်ဆောင်နေတယ်မဟုတ်လား။ ရတယ်. . နေပေ့ါ။

ဒီပါ မင်းလို ကလေးမကျ ဘာမကျဟာလေးကို ငါ ဘယ်လို အတည်အတံ့စကားတွေ ပြောရမလဲ။ မင်း စဉ်းစားစမ်း. . ။

ဒီပါကတော့ ရှင့်လို ဟန်မဆောင်တတ်ဘူး။ ချစ်တာကို ရှင်းရှင်းပဲ၊ ရှင်က နေနိုင်လည်းနေပေ့ါ။ ရှင့်ကို ဒီပါ မေ့ပစ်တော့မယ်။

ရှင့် နှလုံးသားကိုကြောက်တယ်။ ရှင့်ကိုလည်း စိတ်နာတယ်။

ခက်တယ်ကွာ၊ မင်းလေးကို လက်ထပ်ပြီး ဘဝတစ်ခုကို တည်ထောင်လို့ ဖြစ်မှာတဲ့လား။ ငါ စိတ်ညစ်ရမှာ ဘာမှနားမလည်တဲ့ ကလေးလေးတစ်ယောက်ကို ငါ လပ်မထပ်ချင်ဘူး။ အဲဒါကို မင်းက စိတ်နာစရာလား။ စိတ်ရှုပ် စရာလား။

မျက်လုံးတွေနှင့် စကားများစွာ ပြောဖြစ်ကြသည်။

နောက်တော့ ဒီပါ ဆတ်ခနဲအကြည့်လွဲလိုက်ရင်း တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



လှည့်သွား၏။

မြင့်မိုရ် သက်ပြင်းရှိုက်ရင်း သူမအနီးမှ လှည့်ထွက်လာခဲ့သည်။

ဖြစ်နိုင်ရင်တော့ မင်းလေးကို ကိုယ်နဲ့တပါတည်း ပွေ့ချီခေါ်သွားချင်ပါတယ် ချာတိတ်ရယ်။

ဒါပေမယ့် . .

တစ်လှမ်းချင်း လျှောက်သွားသော ကိုကို့ကို လိုက်ကြည့်ရင်း တကယ်ဆုံးရှုံးရပြီဆိုတာ နားလည်သည်။

"ကိုကို"လို့ ခေါ်ပြီး ကိုကို့ကို ပြေးဆွဲထားချင်ပါသည်။

နံရံမှာ ခေါင်းမှီချရင်း ဒီပ့ါရင်ထဲ ပြောင်းဆန်နေ၏။

"စိတ်ပျက်စရာ ကောင်းတယ်"တဲ့လား ကိုကိုရယ်။

ကိုကို ဘာလို့ အဲဒီလို သတ်မှတ်ရတာလဲ။

ကိုကို့ခေါင်းထဲက ဒီပ့ါကို လက်မခံဘူးနော်။

စီးကျချင်သော မျက်ရည်တွေကို ဒီပါ ရအောင်ထိန်းထားသည်။

မငိုတော့ပါဘူး ကိုကို။

ကိုကို့ ဆုံးဖြတ်ချက်ကို ဒီပါ နာခံပါ့မယ်။

မေ့ထားပြီး နေကြည့်ပါ့မယ်။

မေမေက ဒီပ့ါနားဘေးရောက်လာပြီး ငုံ့ကြည့်သည်။

ဘာတစ်ခွန်းမှ မေးမြန်းခြင်းမရှိ၊ မပြောလည်းကြဘူး





ဆိုတာ မေးစရာမလိုဘဲ သိသာစေပါတယ်။

"ကိုကို မကောင်းဘူး မေမေရယ်"

မေမေ့လက်တစ်ဖက်ကို ဖမ်းဆွဲဆုပ် ထားပြီး တိုင်တည်မိသည်။

"သိပ်လည်း စိတ်ကို လျှော့မပစ်နဲ့"

"မီး နားလည်ပါပြီ မေမေ. . ကိုကိုက အတ္တကြီးတယ်. . သမီးကို သူ့ဦးနှောက်က လက်မခံဘူး"

"ဟုတ်ချင်မှ ဟုတ်မှာပါ"

"သိပ်ဟုတ်တာပေါ့ . . သူသတို့သမီးကို ဒီထက်မကအဆပေါင်းများစွာ သိမ်မွေ့နူးညံ့စေချင်တယ်. . မိန်းမဆန်စေချင်တယ်. . သမီးလို ကလေးဆန်ပြီး ဟိုလိုလိုဒီလိုလို အရွယ်ကလေးကို သူ လက်တွဲခေါ်ချင်ပုံမရဘူး. . တော်ပါပြီ. . မီးသူ့ကို စိတ်နာတယ်. . အပြီးအပိုင် မေ့ပစ်ပါ့မယ်. . သူ့ဘဝကို သူ တည်ဆောက်ချင်တဲ့ပုံစံနဲ့ စိတ်ကြိုက်တည်ဆောက်ပါစေ. . မီး ထားတဲ့မေတ္တာတရားကို သူ နားမလည်ဘူး"

မိန်းကလေးတစ်ယောက်ရဲ့ အချစ်ကို မခံစား တတ်ဘူး။ ကိုကိုဟာ အင်မတန် ခေါင်းမာတဲ့လူတစ်ယောက်ပါပဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်ဦးအောင်ကို တွေ့တော့လည်း သူ ဘယ်က စပြီး ဘာပြောရမှန်းမသိပါ။ ဖုန်းဆက်ပြီး လာတွေ့ချင်ပါတယ်ဟု သူကိုယ်တိုင်ပဲ ဆိုခဲ့တာ။

"ကဲ. . မောင်မြင့်မိုရ် ပြော"

"ကျွန်တော်. ."

"အင်း. . မင်း ပြောစရာရှိတယ်ဆိုတာ အန်ကယ်လဲ မျက်ခုံးလှုပ်သား. . ဒါပေမယ့် မင်း ရဲရဲသာပြောကွာ အားနာစရာမရှိပါဘူး"

"ကျွန်တော် ဆုံးဖြတ်ရခက်နေတယ် အန်ကယ်"

"ဘာများတုန်းကွ. ."





"အန်ကယ့်ကို ကျွန်တော် တိုင်ပင်ချင်တာပါ"

"ရပါတယ်. . လွတ်လွတ်လပ်လပ်ပြော"

"ဒီပဲ့ကို ကျွန်တော် လက်ထပ်ရင် ဖြစ်မလား အန်ကယ်"

"ဟေ. ."

ဦးအောင်ကိုယ်ကြီးမတ်လာ၏။ တပ်ထားသော မျက်မှန်ကြီးကိုချွတ်ပြီး စဉ်းစားနေ၏။

"ဖြစ်မလားဆိုတာ မင်း ဘာကိုပြောတာလဲ"

"ဒီပါက ကလေးအရမ်းဆန်တယ်. . ငယ်သေးတယ်. . ဒါပေမယ့် ကျွန်တော် သူ့ကို မြတ်နိုးနေမိပြီ. . အဲဒါ"

"မင်းကွာ. . ဒါ ငါ့ လာတိုင်ပင်ရတယ်လို့"

ဦးအောင် အခက်တွေ့သွားသည်။

"မင်းက ဘယ်လိုဆုံးဖြတ်ထားလို့လဲ"

"အမှန်အတိုင်းဝန်ခံရရင် ကျွန်တော် ကြိတ်မှိတ်ပြီး ရအောင်နေခဲ့တာပါ. . ဒါပေမယ့် နေလို့မရတော့ဘူး. . ဒီပဲ့ကို ကျွန်တော်. ."

အန်ကယ်က လက်ကာပြသည်။

"ကောင်းပြီလေ. . ငါ အိမ်မှာ မေးကြည့်ဦးမယ်. . မင်းကို ဒီပါလေးနဲ့ သဘောမတူစရာတော့မရှိပါဘူးကွာ သူက ငယ်သေးတော့ ဆိုးချင်တယ်. . အဲဒီ တစ်ခုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နားလည်ပါတယ် အန်ကယ်"

မြင့်မိုရ်ရှင်ထဲ ခုမှ ပေါ်ပါးသွားသည်။

ဒီပါရယ်. .

ကိုယ် အရှုံးပေးလိုက်ပါပြီ. . ။

ဆန္ဒတွေကို ဖိနှိပ်ချိုးကွယ်မထားတော့ပါဘူး။

ကိုယ့်စိတ်နဲ့ကိုယ် ရန်ဖြစ်နေခဲ့ရတဲ့ ရက်တွေမှာ ဘယ်လောက် ပင်ပန်းခဲ့ယဉ်းနေခဲ့သလဲဆိုတာ မင်း သိစေချင်တယ် ဒီပါ။

ကလေးဆန်လွန်းတဲ့ မင်းကို လန့်စိတ်နဲ့ ရှောင်ဖို့ ကြိုးစားခဲ့မိတာ မင်း နားလည်ပါ။

ကိုယ် မင်းကိုမချစ်ဘဲ မနေနိုင်တော့ပါဘူး။

*  *  *





"ဟင့်အင်း. . မီး သူ့ကို လက်မထပ်ပါဘူး" ဆိုတော့ အားလုံး အံ့သြကုန်သည်။

ဖေဖေ့စကားကြားတော့ ဒီပါ အရမ်းအံ့သြသွားကာ ရင်ထဲ အေးခနဲပင်ဖြစ်သွားသည်။

ကိုကိုက ဒီပါ့ကို လက်ထပ်ခွင့်တောင်းသတဲ့။ ဖေဖေက လည်း သဘောတူသတဲ့။ ကြားရတာတွေ ဟုတ်မှ ဟုတ်ရဲ့လား။

ဒီပါ အိပ်မက်များ မက်နေသလား။

ယုံ. . မယုံချင်။

"ဘာလို့လဲ သမီးလေးရဲ့"

"ဟင့်အင်း. . မီး လုံးဝလက်မခံဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒီပါ ဖွတ်ငြင်းပစ်သည်။ စိတ်ထဲမှာ သူ့ကို နာနေမိသည်။

အစကတော့ သူပဲ ကင်းနိုင်အောင်ကြိုးစားပြီး ခုမှ အပိုတွေ.. ဒီပါ ခံစားရအောင် သက်သက်နှိပ်စက်တာ။

ဒီပါ လက်မခံဘဲ ခေါင်းရမ်းသည်။

ဖေဖေက ဖွတ်မတိုက်တွန်းဘဲ ရယ်နေခဲ့၏။

ကိုကိုသာ ဒီပါငြင်းတာသိလျှင် ဘယ်လောက် ဒေါ်ပွသွားလိုက်မလဲ။

မကျေနပ်လည်း လဲသေ။ မတတ်နိုင်ဘူး။

ကိုကိုက အရှုံးပေးပါပြီဆိုမှ ဒီပါ့နှလုံးသားတွေက အေးစက်မာကျောလာခဲ့သည်။

မကျေနပ်မှုတွေက ရင်ထဲမှာအပြည့်..။

မတွေ့အောင် ရှောင်နေဖို့ပဲ ဖွတ် တွေးထားသည်။ မရ ရအောင်ဆုံးဖြတ်ထားလိုက်၏။

"အရှုံးမ.."

ရွှေစင်နှင့် ဝင်းက တလေသံတည်း အပြစ်တင်သည်။

"အိုက်တင်ခံမနေနဲ့..တော်ကြာ တကယ်ပေးသွားဦးမယ်"

"လုံးဝပဲ.. ဒီပါ တကယ်စိတ်နာနေတာ"

"ဒီပါရယ်.. ပျော်ရမယ့်အချိန်ရောက်မှ.."





ဝင်းက အားမလိုအားမရဆိုသည်။

"ငါ့ကို တမင်နှိပ်စက်တာပါဟာ"

"ငါ့ချစ်ရင် ငါ့လာပြောပါလား"

"ငါ စိတ်ဆိုးနေမှန်းသိသားနဲ့ မလာတာ"

"ဖေဖေ့ကို ပြောစရာလား.. ဖေဖေ ယူမှာလား"

"ငါ လုံးဝမကျေနပ်ဘူးဟာ.. မုန်းတယ်"

ဒီပါ တစ်ယောက်တည်း တတွတ်တွတ်ရေရွတ်သည်။

သည်တစ်ခါတော့ ဝင်းနှင့် ရွှေစင်လည်း နားချလို့မရတော့။

ဒီပါက အရမ်းစိတ်ကြီးနေသည်။

ဘယ်သူဘာပြောပြော နားကိုမဝင်တော့ပါ။

အမှန်တော့လည်း သူ ကိုကို့ကို မုန်းနိုင် မေ့နိုင်တာမဟုတ်။

"ဒီပါရယ်.. ကိုယ့်ဒုက္ခ ကိုယ်ရှာနေတာ ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်"

ထုံပေပေလုပ်နေသော ဒီပါ့ကို ဝင်းတို့ ကြည့်မရချင်တော့။

ဒီပါ့စိတ်ထဲ ထိခိုက်ကြေကွဲနေလို့ပါကွယ်။

ကိုကို တကယ်ချစ်တာမှ ဟုတ်ရဲ့လား။

မမဘေဘီနှင့်လွဲသွားလို့ ၊ မမဘေဘီကိုမရတော့လို့



www.burmeseclassic.com

www.burmeseclassic.com



ဒီပါကို လက်ထပ်ချင်တာများလား။

ဆုံးဖြတ်ရခက်နေသော ကိစ္စတစ်ခု မမဘောဘီနှင့် သူ့အမျိုးသားကို တွေ့လိုက်ရမှ တိခနဲအဖြေထွက်လာတာလား။

ဒီပါ့ကို စိတ်ထဲရှင်းအောင် ရှင်ကိုယ်တိုင် လာပြောသင့်တယ်။

ရှင်က မာနကြီးနေတာလား ဦးမြင့်မိုရ်။

ဒီပါက ခေါင်းညိတ်ပြီဆိုမှ ရှင်က လာမှာတဲ့လား။

ရှင် လောဘကြီးလွန်းတယ်ကွယ်။

တွေးမိတိုင်း မျက်ရည်က လည်ချင်သည်။

မသိစိတ်ထဲမှာတော့ ကိုကို့ကို တိတ်တဆိတ် မျှော်လင့်နေမိပါသည်။

* * *





"ဟဲလို. . ဒီပါ ပါရှင်"

"ဒီပါလား ရွှေစင်ပါ"

"ဩော်. ."

ရွှေစင့်ဆီက ဖုန်းဆိုတော့ သူမ ပင့်သက်ရှိုက်သည်။

"ဒီပါ"

"ပြောလေ"

"ခဏကိုင်ထားနော်. . ကိုကိုက ပြောမလို့တဲ့"

ရွှေစင့်စကားကြောင့် ဒီပါက မျက်နှာပျက်ချင်သည်။

ကိုကိုက ဘာလို့ သူ့ဘာသာသူ မခေါ်တာလဲ။ ရွှေစင့်ကို ခေါ်ခိုင်းစရာလား။



www.burmeseclassic.com

www.burmeseclassic.com



"ဒီပါ. ."

သူမ မထူးဘဲနေပစ်သည်။

"ကိုယ် လာခဲ့မယ်"

သူ့ကို ဒီပါ မတားပါ။ ဖိတ်ခေါ်မှုလည်း မပြု။

"ဒီပါ ဘာကိုစိတ်ဆိုးနေတာလဲ ပြော"

သူ့အသံက အလွန်တရာ ညင်သာနူးညံ့နေသည်။ ဒီပါ့ကို စိတ်ရှည်လက်ရှည် ချော့မည့်ပုံပါ။

"ရှင်ပဲ စိတ်ပျက်စရာကောင်းတယ်ဆို"

"ဒီပါ အဲဒါတွေ မကျေမနပ်ဖြစ်နေတာလား. . ဟုတ်လား"

ဒီပါက ပြန်မဖြေပါ။ သူ မြေင်နိုင်မှန်းသိပေမယ့် နှုတ်ခမ်းစူနေမိပါသည်။

"ဒီပါ အရမ်းကလေးဆန်တာကို ကိုကို မကြိုက်ဘူး"

"အဲဒါ ဒီပါနဲ့ ဘာဆိုင်လဲ"

"မင်းကွာ. ."

"မကြိုက်ရင်လဲ မကြိုက်နဲ့ပေါ့"

"ဒီပါ့ကို ကိုကိုမှ မခွဲနိုင်တော့တာ"

"အလကားပါ"

"တကယ်ပြောတာပါကွာ"

သူမ နှုတ်ခမ်းလေးတွေ ချက်ချင်းပဲ ပြုံးယောင်သန်း





လာသည်။

"ဒီပါ့ကို လက်ထပ်ဖို့ အန်ကယ်အောင့်ကို ခွင့်တောင်းပြီးပြီ"

"ဖေဖေ သဘောတူတာနဲ့ ဒီပါက လက်ခံရမှာလား"

"ဆန့်ကျင်ဘက်တွေ မပြောပါနဲ့ကွာ"

ခုလိုဆိုတော့လည်း တောင်းပန်တိုးလျှိုးနေသား အလျှော့ပေးသား။

"ကိုကို့ကို ဒီပါ မုန်းတယ်. . လုံးဝ မယူပါဘူး"

သူက ခပ်တိုးတိုးရယ်သည်။

"ရွှေစင်က ဒီပါလေး သနားပါတယ်ဆိုတာနဲ့ ဆက်လိုက်တာ"

"ဘာ"

"ဟော့. . ဖြည်းဖြည်း အသံကျယ်လိုက်တာ"

"တောက်"

ဒီပါ ဒေါသတကြီး ဖုန်းချပစ်သည်။

စ,လိုက်တာမှန်း သိသော်လည်း စိတ်ဆိုးသည်။ ဒီပါ့အဖြစ်က အလွန်သနားစရာကောင်းနေတာကိုး။

ကိုကိုက ချက်ချင်းလိုပဲ ရောက်လာခဲ့သည်။

ဒီပါက ဆိုဖာပေါ် မှိုထိုင်နေ၏။ မျက်နှာလေးလည်း ပုပ်သိုးလို့။



www.burmeseclassic.com

www.burmeseclassic.com



"ဒီပါ. ."

ကိုကို ဘေးမှာဝင်ထိုင်တော့ ကိုယ်လေးကျုံ့ပြီး ဘေးကပ်ပစ်သည်။

စကာဒ်ရှည်ရှည်ဖားဖားလေးနှင့် တီရှပ်အကျီလေးနှင့် ကလေးလေးလို ချစ်စရာကောင်းသော ချစ်သူလေးကို သူ အမှန်တကယ်မခွဲနိုင်တော့ပါ။

သူကလေးကို ဘယ်အချိန်ကတည်းက ရင်ထဲစွဲနေခဲ့ပါသလဲ။

ကိုယ့် စိုးရိမ်စကားတစ်ခွန်းကို မယုံနိုင်သလိုလေး ဆတ်ခနဲ လှည့်အကြည့် လေ့ကားပေါ်က လွင့်ခနဲ ကျသွားသောအချိန်မှာ ကိုယ် သူမအတွက် မျက်စိတွေပြာဝေမတတ် ပူလောင်သွားရသောအခါ သူ သူကလေးကို မြတ်နိုးနေမိပြီဆိုတာ လက်ခံလိုက်ရသည်။

ဒီပါက သူ့ကို မရဲတရဲလေးကြည့်၏။

"ကိုကို့ကို တကယ်မှန်းလား. . ဟုတ်လား"

သူမ မဖြေပါ။ နှုတ်ခမ်းလေးတွေ တင်းတင်းစေ့နေသည်။

"ပြောလေ. . မှန်းလား"

သူမ ပန်းနုနွမ်းလေးကို ဆုပ်ကိုင်ပြီးမေးမိတော့ သူမက သူ့မှာ ချင်ချင်သဲ ဖြောင်းလာသည်။



"ဒီပါရယ် ကိုကို့ကို မကျေနပ်တာတွေရှိရင် ခွင့်လွှတ်နားလည်ပေးပါကွာ. . အဲဒီလို ပြင်းထန်တဲ့စကားတွေ မပြောပါနဲ့"

သူ တတွတ်တွတ်တောင်းပန်ချော့မော့နေသမျှကို ဒီပါ အပြုံးကလေးနှင့်နားထောင်နေမိသည်။

သူ့ကို ဒီပါ ပိုင်ဆိုင်ခွင့်ရပြီဆိုတာကို အကြိမ်ကြိမ်ပြန်တွေးရင်း ဒီပါ မယုံနိုင်အောင်ပါ။

သူ့ရင်ခွင်သည် ဒီပ့ါအတွက် အလွန်တရာ ဘေးနှင့်ကင်းကောင်းနေတော့သည်။

ပန်းသီခိုင်

www.burmeseclassic.com